

တက္ကသိုလ်
နေလင်းအောင်
ပျောက်ဆုံးနေသော
ဝူးရှန့်သိုင်း
ကျင်းထုံ၏ ဝူရှန့်ကျင်းမှ
ဒုတိယပိုင်း

## အခန်း(၁၄)

## အပေးအယူ

ဝတ်စုံနက်သည် အခြားသူမဟုတ်ပေ။

ဖန်းအဘိုးအိုသည် ဝတ်စုံနက်ဝတ်ဆင်ပြီး ထန်ဟန့်ကို တည်းခိုဆောင်မှ မြှားခေါ်ထုတ်သွားခြင်း ဖြစ်သည်။

သူ၏သိုင်းပညာမှာ အဆင့်မြင့်သိုင်းပညာ ဖြစ်ပါသည်။ အသက်အရွယ်ရော အတွေ့အကြုံပါ ပြည့်စုံနေသည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် ထန်ဟန့်သည် သူ့ကို အနိုင်တိုက်နိုင်ခြင်း မရှိဘဲ ဖြစ်နေရပါသည်။

ထန်ဟန့်သည် ဖြို့အစွန်အထိလိုက်ပြီးမှ လင်ကျင်းဖေကို သတိရပါသည်။

ထိုသို့ သတိရသည်နှင့် သူလိုက်ခဲ့သည်မှာ မှားပြီဖြစ်ကြောင်း သိရှိလေတော့သည်။ ဤဝတ်စုံနက်သည် သူ့အား မှားခေါ်ထုတ်ခြင်းသာ ဖြစ်ရပေမည်။

သူသည် ဤသို့ဖြင့် ဆက်မလိုက်တော့ဘဲ တည်းခိုဆောင်သို့ ပြန်လာခဲ့တော့သည်။

တည်းခိုဆောင်သို့ ပြန်ရောက်သောအခါ လင်ကျင်းဖေ မရှိတော့ပေ။

ထန်ဟာန့်သည် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်လေသည်။

ထိုညကြီးမင်းကြီးအချိန်၌ပင် ကျန်းကျန်းကျွန်းသည် ရောက်ရှိလာလေတော့သည်။

"ဘယ့်နှယ်လဲ ... ထန်ဟာန့်၊ ပိုင်တယ်ဆို"

"အေးကွာ ... ငါလည်း သတိတစ်ချက် လစ်သွားတယ်"

"အပြောကြီးတဲ့ကောင်တွေကို ငါ အမြင်ကတ်တယ်ကွ၊ ခုတော့ လင်ကျင်းဖေ မရှိတော့ဘူး မဟုတ်လား"

"မရှိတော့ဘူးကွ၊ ငါ အသုံးမကျဖြဘူးကွာ"

"ဟို ... ဝတ်စုံနက် ဝတ်ထားတဲ့ လူဟာ ဘယ်သူလဲ သိသလား"

ထန်ဟာန့်က ခေတ္တ စဉ်းစားလိုက်သည်။



"အင်း ... သူ့ရဲ့ သိုင်းပညာကလည်း ကောင်းတယ်၊ ကိုယ်ဖော့ပညာကလည်း ကောင်းတယ်၊ ငါ စဉ်းစားကြည့်ရသလောက်ဆိုရင် ကျင်းလိန်သွေးသောက် ရဲသုံးဖော်ထဲက ညီအငယ်ဆုံး ဖြစ်နိုင်တယ်"

"ငါ ကြားဖူးတယ်၊ သူတို့ သေသွားကြပြီ မဟုတ်လား"

"ညီအငယ်ဆုံးက မသေဘူးကွ၊ မိုးပျံကျားသစ် အုံးယန်ကျွန့်ဖြစ်နိုင်တယ်၊ သူ့သိုင်းပညာက အတော်ကောင်းတယ်"

"ဒါဖြင့် သူ့အစ်ကိုကြီး နှစ်ယောက် ဆုံးသွားတာပေါ့"

"ဟုတ်တယ် ... ပထမအစ်ကိုကြီးဆုံးတော့ ဒုတိယအစ်ကိုနဲ့ ညီငယ် အုံးယန်ကျွန့် သိုင်းလောကမှာ ရှိသေးတယ်၊ ဒုတိယအစ်ကိုလည်း ဆုံးသွားရော မိုးပျံကျားသစ် အုံးယန်းကျွန့်လည်း သိုင်းလောကက ပျောက်သွားရော၊ သူပျောက်သွားတာကြာပြီ၊ ကြာတဲ့လူက သိုင်းလောကမှာ ပြန်ပေါ်လာတယ်ဆိုတော့ စဉ်းစားစရာပဲ"

"ဒါပေမယ့် ဘယ်လိုပဲ စဉ်းစားစဉ်းစား သူတစ်ယောက်တည်းပဲ ဖြစ်နိုင်တယ်၊ သူ့သိုင်းပညာကြည့်ရတာ မိုးပျံကျားသစ်လို့ပဲ ညွှန်း နေတယ်"

"မိုးပျံကျားသစ်ဟာ ပိုက်ဆံအတွက်တော့ ဒီလိုမလုပ်ဘူးကွ၊ သူ့မှာ တခြားရည်ရွယ်ချက် ရှိလိမ့်မယ်"

"အေး ... ဟုတ်တယ်၊ သူက ငါ့ကိုမှားပြီး အပြင်ကို ခေါ်ထွက်သွားတယ်၊ တခြားတစ်ယောက်က လင်ကျင်းဖေကို ဖမ်းသွားတယ်၊ အဲဒီ အခြားတစ်ယောက်ဆိုတာကို စဉ်းစားရမယ်၊ ငါ့စိတ်ထင်တော့ အဲဒီ တခြားတစ်ယောက်ဆိုတာဟာ စွန်းလှယိတစ်ယောက်ပဲလို့ ထင်တယ်"

"စွန်းလှယိဟာ ကျင်လင် သွေးသောက် ရဲသုံးဖော်ထဲက ဒုတိယ အစ်ကိုကြီး စွန်းချန်ဝူးရဲ့ တစ်ဦးတည်းသော သားမဟုတ်လား၊ သူက တကယ် အေးအေးဆေးဆေး နေတဲ့သူပဲ၊ လူရိုးလူကောင်းကလေးပါ"

"အေးကွာ ... ဒါဆိုရင် စိတ်ချရပြီ၊ ဒီကောင်က လူရိုးလေးဆိုတော့ လင်ကျင်းဖေအတွက် စိတ်ချရပြီ၊ ဒီကောင် မဟုတ်တာတော့ လုပ်မှာမဟုတ်ပါဘူး"

သူတို့နှစ်ဦး၏ ထင်မြင်ချက်မှာ မှန်ကန်ပါသည်။

စွန်းလှယိသည် လင်ကျင်းဖေ၏ သွေးကြောကို ဖြေပေးလိုက်သော်လည်း လင်ကျင်းဖေသည် တည်းခိုဆောင်သို့ ပြန်ရောက်မလာပါချေ။

လင်ကျင်းဖေသည် ပျောက်ချင်းမလှ ပျောက်ဆုံးသွားလေတော့သည်။



မည်သည့် အကြောင်းကြောင့် ပျောက်ဆုံးသွားသည်ကို မည်သူမျှ မသိကြပေ။

"ဒါတွေ ထားပါဦး၊ မင်းနဲ့ငါ အလောင်းအစား လုပ်ထားတာကို မင်း မေ့သွားပြီလား"

ထန်ဟန့်က ကျန်းကျန်းကျွန်းကို မေးလိုက်ခြင်းဖြစ်သည်။

ကျန်းကျန်းကျွန်းက ...

"မမေ့ပါဘူး"

"ဒါဖြင့် မင်း ငါ့ကို ဘာနိုင်းမလို့လဲ မသိရဘူးလား"

ကျန်းကျန်းကျွန်းသည် စားပွဲပေါ်မှ အရက်အိုးကို ကောက်ကိုင်လိုက်သည်။ အရက်ကိုငှဲ့၍ သောက်လိုက်သည်။ ထို့နောက် သူက ဆက်ပြောသည်။

"ငါ မင်းကိုနိုင်းမယ့်အလုပ်က အလဟဿအလုပ် မဟုတ်ပါဘူး၊ မင်းအတွက် အကျိုးရှိပါတယ်"

"ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ် ငါလုပ်မယ်လို့ ကတိပေးပြီးပြီ မဟုတ်လား"

"မင်း လုပ်နိုင်တဲ့အလုပ် ဖြစ်ရမယ်လို့ ငါ့ကတိစကားထဲမှာ ပါတယ်လေ"

"ဟုတ်ပါတယ် ... ပြောပါ"

"ငါ မတရားမနိုင်းပါဘူး၊ အခု ငါမင်းကို လုပ်နိုင်းမယ့်အလုပ်က ဒီသုံးရက်အတွင်း မင်းရဲ့သိုင်းပညာ လျှို့ဝှက်ချက်ကို ငွေ သုံးသိန်းနဲ့ ဝယ်သွားတဲ့လူကို ရှာဖွေဖော်ထုတ်ပေးရမယ်၊ ဒီအလုပ်ဟာ မင်းအတွက်လည်း အကျိုးရှိပါတယ်"

ထန်ဟန့် စဉ်းစားလိုက်သည်။

ထိုလူကို သုံးရက်အတွင်း ဖော်ထုတ်ရမည်ဆိုသည်မှာ မလွယ်။ သူ့၌ မည်သည့်သဲလွန်စမျှလည်း ရှိမနေပေ။

ထို့ကြောင့် ...

"ဒီကိစ္စကို သုံးရက်အတွင်း အဖြေရှာဖို့ဆိုတာ မလွယ်ပါဘူး၊ ဒီလူ့ကို ဘယ်မှာသွားရှာရမှာလဲ၊ ငါ့အတွက် အကျိုးရှိတယ်ဆိုတာ ထားပါတော့၊ မင်းအတွက် ဘာမှအကျိုးမရှိပါဘူး၊ မတရားပါဘူးကွာ၊ ဒီပြင် မင်းအတွက် အကျိုးရှိမယ့်အလုပ်တစ်ခုကို နိုင်းပါ၊ ငါ လုပ်ပေးပါ့မယ်"

"ဟား ... ဟား ... ဟား ငါ့အတွက် ဘာအကျိုးရှိဖို့မှ မလိုပါဘူးကွ၊ ငါလိုချင်တာက ဒီလူကို ဖော်ထုတ်ဖို့ပဲ၊ မင်း သုံးရက်တည်းနဲ့ ဒီလူကို စုံစမ်းဖို့ ရက်မလုံလောက်ဘူးဆိုရင် မင်း ကြိုက်သလောက် ရက်တိုးလိုက်၊ ငါခွင့်ပေးတယ်"

ထန်ဟန့်သည် ခေါင်းယမ်းလိုက်၏။



"မဟုတ်ပါဘူး၊ ဒီပြင် အလုပ်တစ်ခုနိုင်းပါကွာ"

"မနိုင်းဘူးကွာ၊ ဒါပဲနိုင်းမယ်"

"ဒီအလုပ်ကို ငါမလုပ်ပါရစေနဲ့၊ အကြောင်းရှိလို့ပါကွာ"

"ဘာအကြောင်းပဲဖြစ်ဖြစ် မင်းလုပ်ပေးရမယ်၊ ကတိအတိုင်းပဲ"

"ကဲ ... မင်း ဒီလောက်သိချင်လှတာ ငါပြောလိုက်မယ်၊ လျှို့ဝှက်ချက်ကို ရောင်းတဲ့လူဟာ ငါပဲကွ၊ ကဲ ... သိပြီလား"

ကျန်းကျန်းကျွန်းတစ်ယောက် မျက်လုံးပြူးသွားတော့၏။ ထန်ဟန့် အဘယ်ကြောင့် ဤသို့ပြုလုပ်ရသည်ကို သူသည် စဉ်းစားမိလိုက်သည်။

"မင်းက ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ဘာဖြစ်လို့လဲလို့ မင်းထင်သလဲ"

"မပြောတတ်ဘူးလေ၊ မင်း စိတ်ကူး ဘာတွေရှိသလဲဆိုတာ ငါမှမသိနိုင်ဘဲ"

"ဟား ... ဟား ... ဟား မင်းမို့လို့ ငါပြောတာနော်၊ ဒီပြင်လူကို သွားမပြောနဲ့ဦး"

"အေးပါ ... ပြောပါ"

"ငွေရှာတာကွ၊ ငွေရှာတာ"

"ဪ ..."

ကျန်းကျန်းကျွန်း ဒါပဲပြောနိုင်တော့သည်။

မီးခဲထန်ဟန့်သည် တကယ့်ကို လည်တဲ့လူပေပဲ။

"သိုင်းလောကကြီးတစ်ခုလုံးဟာ ငါ့ပညာကို သိချင်နေကြတာ မဟုတ်လား၊ ငါ့ပညာရဲ့ လျှို့ဝှက်ချက်ကို သိချင်နေကြတာပဲ၊ ငါဟာ ဒီအခွင့်အရေးကိုယူပြီး ဒီတစ်ချက်ကို ဖန်တီးလိုက်တာပဲ"

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ထန်ဟန့်နှင့် ကျန်းကျန်းကျွန်းတို့သည် နှစ်ဦးသား ဟားတိုက်ရယ်မောမိကြတော့၏။

☆ ☆ ☆

ထိုမြို့ကလေးတွင်ရှိသော တစ်ခုသော ဘုံကျောင်းရှေ့တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိလေ၏။ ထိုလက်ဖက်ရည်ဆိုင်ပိုင်ရှင်မှာ ပိန်းစုံဟုခေါ်လေသည်။

သူသည် ဆေးဝါးကုသ၍မရသော ရောဂါတစ်မျိုး စွဲကပ်၍ အသက်သေဆုံးရမည်မှာ သေချာနေသည်။



ယခု အသက် (၄၇) နှစ်ခန့်ရှိသော်လည်း (၅၀) သို့မဟုတ် (၅၀)နှစ်ခန့်တွင် သေဆုံးမည်ဖြစ်ပေသည်။

သို့သော် သူ၌ အသက်နှစ်ဆယ်ခန့် ငယ်သော ဇနီးမယားရှိလေသည်။ ထိုအမျိုးသမီး၏ နာမည်မှာ ပေကျင်းစောင် ဖြစ်ပေသည်။ ပေကျင်းစောင်သည် ငယ်ရွယ်ပြီး ချောမောလှပသည်။

ပြည့်ဖြိုးသော ကိုယ်နေဟန်ထားရှိသည်။ ယောကျ်ားသားများ သဘောကျသော ကိုယ်နေဟန်ထားမျိုး ဖြစ်သည်။

သူမသည် တိန်းအော့အမည်ရှိသော ပဲပြားဆိုင်တွင် ပဲပြားအမြဲဝယ်သည်။

တိန်းအော့သည် သူ့အား အမြဲရိသဲ့သဲ့လုပ်တတ်သည်။ မထိတထိ စကားများ ပြောတတ်သည်။ သို့ရာတွင် တိန်းအော့သည် အခြားသူများထက် ပေကျင်းစောင်ကို ပဲပြားများ ပိုပေးတတ်သည်။ သူများထက်လည်း ဈေးကိုလျှော့ပေးတတ်သည်။

ပေကျင်းစောင်သည် ဘေးဘီနှစ်ဖက်ကို ကြည့်လိုက်သည်။ ဝယ်သူရှင်းလင်းနေ၏။ ထိုအခါ ပေကျင်းစောင်သည် လူအလစ်၌ စာရွက်ခေါက်ကလေးတစ်ခုကို တိန်းအော့အား ပေးလိုက်လေ၏။

တိန်းအော့သည် ကိုစာရွက်ခေါက်ကလေးကို အိတ်ထဲသို့

ထည့်ကာ ဆိုင်သိမ်းတော့သည်။ ထို့နောက် အိမ်ဘက်သို့ပြန်လာလေတော့သည်။

တိန်းအော့သည် အိမ်သို့ပြန်လာရင်း ခြံဝင်းကျယ်ကြီးတစ်ခုရှေ့သို့ ရောက်သောအခါ ရပ်လိုက်သည်။ ခြံစောင့်က တံခါးဖွင့်ပေးလေသည်။

အိမ်ထဲသို့ တိန်းအော့ လျှောက်လာသည်။ အိမ်ပေါ်တွင် ညီအစ်မ သုံးဦး ထိုင်ရင်း သိုင်းပညာအကြောင်း ပြောဆိုနေကြသည်။ မိန်းကလေးတစ်ဦးက သိုင်းပညာ စာအုပ်တစ်အုပ်ကို ဖတ်နေသည်။

"ကောင်းလိုက်တဲ့ သရဲလက်သည်းသိုင်း ဆယ့်ရှစ်ကွက်၊ တကယ်တမ်း ယှဉ်ပြိုင်ရင် တို့ညီအစ်မသုံးယောက် နိုင်မှာမဟုတ်ဘူး"

ညီအမအငယ်ဆုံးက ပြောလိုက်သည်။

ထိုအချိန်တွင် တိန်းအော့လည်း အိမ်ရှေ့သို့ ရောက်လာလေသည်။

အကြီးဆုံး မိန်းကလေးက ...

"တိန်းအော့ ရှင် ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိပါတယ်"

သူသည် အိတ်ထဲမှ စာရွက်ခေါက်ကလေးကို ထုတ်ယူရင်း ပြောလိုက်သည်။



"နဂါးနှစ်ကောင်ဂိုဏ်းကလူတွေ ရောက်နေပါပြီ"

တိန်းအော့သည် ထိုမျှသာပြောပြီး ခြံဝင်းထဲမှ ထွက်ခွာသွားလေတော့သည်။

ထိုအချိန်တွင် ပိန်းစု၏ လက်ဖက်ရည်ဆိုင်တွင် လူအများစည်ကားလျက်ရှိနေလေသည်။ ပိန်းစုသည် စားပွဲတွင်ထိုင်၍ လက်ဖက်ရည်သောက်ရင်း ဆိုင်ဝင်လူများကို အကဲခတ်နေလေ၏။

မကြာမီ အင်္ကျီဖြူ ဝတ်ထားသော လူငယ်တစ်ယောက်သည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာလေတော့၏။

ပိန်းစုက တီးတိုးလေသံဖြင့် ...

"အစ်မလေး ... လာ ... လာ"

ပိန်းစုသည် ထဲ၍ခေါ်ကာ အခန်းထဲသို့ ခေါ်ဆောင်သွားသည်။

သူသည် လူငယ်အား ...

"အစ်မလေး စန့်တာယယ် ရောက်နေပြီ"

"ဟုတ်လား ... ဒါဆိုရင် ကျွန်မ နောက်ကျနေတာပေါ့"

"နောက်မကျပါဘူး၊ စန့်တာယယ် အခုမှ ရောက်တာပါ"

ပိန်းစုသည် အခန်းတစ်ခုအား ညွှန်ပြပြီး သူ၏ ထိုင်ခုံသို့ ပြန်သွားလေ၏။

ထိုလူငယ်မှာ ယောကျ်ားအစစ်မဟုတ်ပေ။ လူငယ်ယောင်

ဆောင်လာသည့် လှဲကျင်းညီအစ်မသုံးဖော်ထဲမှ ညီမအငယ်ဆုံး ချန်ဝမ်လန်ဆိုသော မိန်းမချောကလေး ဖြစ်သည်။

ချန်ဝမ်လန်သည် အခန်းထဲသို့ ဝင်သွားလေသည်။ အခန်းထဲတွင် အသက် သုံးဆယ့်ခုနစ်နှစ်ခန့်ရှိသော လူငယ်တစ်ဦး ထိုင်နေလေသည်။

ထိုလူမှာ ကျစ်လျစ်သော ခန္ဓာကိုယ်၊ စူးရှတောက်ပသော မျက်လုံးအစုံရှိသည်။ သူ့မျက်လုံးများဖြင့်ကြည့်လျှင် အကြည့်ခံရသူအဖို့ သွေးများ အေးခဲသွားသလို ခံစားရသည်။ အေးစိမ့်မှုသည် သူ့တစ်ကိုယ်လုံး၌ လွှမ်းခြုံသလို ဖြစ်နေသည်။

သူကား သွေးလေးလူသတ်သမား စန့်လန်ကြူပင် ဖြစ်လေတော့သည်။

နဂါးနစ်ကောင်ဂိုဏ်းတွင် သက်တော်စောင့် သိုင်းသမားဆယ့်ရှစ်ဦးရှိ၏။ ဆယ့်ရှစ်ဦးတွင် အပါအဝင်ဖြစ်သော ခေါင်းဆောင်သိုင်းသမားသည် စန့်လန်ကြူပင်ဖြစ်တော့သည်။

သိုင်းလောကကြီးတစ်ခုလုံးက ကြောက်ရသော ကြေးစားလူသတ်သမား ခုနစ်ယောက်ရှိသည်။ စန့်လန်ကြူသည် ထိုသိုင်းသမား ခုနစ်ဦးအနက် နံပါတ်သုံးချိတ်သည်။

ချန်ဝမ်လန်က ...



"အစ်ကိုကြီးစန့် နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ ထိုင်ပါဦး ညီမလေး"

"အစ်ကိုကြီးစန့် နဂါးနစ်ကောင် ဂိုဏ်းချုပ်ကြီးကော ရောက်လာပြီလား"

"လာမယ်လို့ပဲ ကြားတယ်၊ လာမလာတော့ မသိသေးဘူး၊ ညီမလေးကို မေးရဦးမယ်"

"မေးပါ"

"ပျောက်သွားတဲ့ ကျန်းချန်းရီအကျီ ပြန်ရပြီလား"

"ပြန်ရပါပြီ၊ ကျွန်မတို့က ပေးမှာပါ၊ ဒါပေမယ့် အစီအစဉ် ပြောင်းလိုက်ပြီ"

"ဘယ်လိုအစီအစဉ် ပြောင်းတာလဲ"

"အခု ကျွန်မတို့ လင်ကျင်းဖေရဲ့ ဦးခေါင်းကို မလိုချင်တော့ဘူး"

"ဟင် ... ဘယ်လိုဖြစ်ရတာလဲ"

"ကျွန်မတို့ အစ်အစဉ်ပြောင်းတာကို အစ်ကိုကြီး စန့်တို့က လိုက်ပြောင်းပေးပါ"

"အခု လင်ကျင်းဖေကိုမှ မရသေးတာ၊ ကိစ္စမရှိပါဘူး၊ ညီမလေး အစီအစဉ်ပြောင်းရင် ငါတို့လည်း လိုက်ပြောင်းရုံပေါ့၊ လင်ကျင်း

ဖေ ဦးခေါင်းကို မလိုချင်ဘူးဆိုရင် ဘယ်သူ့ဦးခေါင်းကို လိုချင်သလဲ"

"ဟို ... သူဌေးစုတ်ကောင်၊ ကောင်းလိန်ဖုန်းရဲ့ ဦးခေါင်းပဲ လိုချင်တယ်၊ ဒီကောင်က ကျွန်မ အစ်မကို စော်ကား မော်ကား လုပ်ပြီး ပစ္စည်းပါ ယူသွားတယ်"

"ဒါဆိုရင် ဒီကောင် ဘယ်မှာရှိသလဲ"

"ဟို ... တာ့ဟွတ်ကြိုင်လို့ခေါ်တဲ့ အောက်တန်းစား တည်းခိုခန်းမှာ တည်းခိုနေတယ်လို့ ကြားတယ်"

"သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်မတို့ရဲ့ သတင်းဟာ မမှားပါဘူး"

"ညီမလေးတို့ ဘာဖြစ်လို့ အစီအစဉ်ပြောင်းသွားရတာလဲ"

"စောစောက ပြောသလိုပေါ့၊ ဒီကောင်ဟာ ကျွန်မ အစ်မကို စော်ကားပြီး ပစ္စည်းလုသွားလို့ပါ၊ လင်ကျင်းဖေကို လိုချင်တာက တခြားအကြောင်းပါ၊ အဲဒီအကြောင်းထက် ကျွန်မ အစ်မကို စော်ကားတဲ့အကြောင်းက ပိုအရေးကြီးတယ် မဟုတ်လား"

"တာ့ဟွတ်ကြိုင်မှာ ကောင်းလိန်ဖုန်း တစ်ယောက်တည်း တည်းခိုနေသလား"

"သူနဲ့ တခြားအဖော်တစ်ဦး ရှိနေတယ်လို့ သတင်းကြားရ



တယ်၊ ဘယ်သူလဲဆိုတာတော့ မသိဘူး၊ ကောင်းလိန်ဖုန်း ရှိနေတယ်ဆိုတာတော့ သေချာတယ်"

"ဒါဖြင့် ညီလေး ပြန်မှာလား"

"ပြန်မှာပါ၊ ကျွန်မ ယောကျ်ားလေးလို ရုပ်ဖျက်လာတာပဲ၊ ဘယ်သူမှ သံသယရှိမှာ မဟုတ်ပါဘူး၊ အစ်ကိုကြီးစန့်ကို အစီအစဉ်ပြောင်းကြောင်းပြောမှ အစ်ကိုကြီးတို့ဘက်ကလည်း အစီအစဉ်ကို ပြောင်းနိုင်မှာ မဟုတ်လား"

"ဒါပေါ့ ..."

"ဒါဖြင့် ကျွန်မပြန်မယ်"

"အေး ... ကောင်းပြီ၊ မနက်ဖြန် မင်းလိုချင်တဲ့ ဦးခေါင်း မင်းဆီရောက်လာစေရမယ်"

စန့်လန်ကြူက အေးစက်စွာ ပြောလိုက်လေ၏။

☆ ☆ ☆

## အခန်း(၁၅)

### သူ့ဩဝါဒ

တာဟွတ်ကြိုင်ဟုခေါ်သော တည်းခိုခန်းတွင်းဝယ် ယိစု သူဌေးသား ရဲ့ယိယဲ့နှင့် ကောင်းလိန်ဖုန်းတို့ တည်းခိုနေကြ၏။

"ဒီရွှေရောင်ဘူးကို လင်ကျင်းဖေဆီက ယူလာတာကွ၊ အမှန်ကတော့ ရွှေရောင်ဘူးပိုင်ရှင်ဟာ ပထမတော့ လုံကျင်းညီအစ်မ သုံးဖော်ပဲ"

ရဲ့ယိယဲ့သည် အလွန်ဝင်းသာအားရဖြစ်သွားသည်။ သူသည် ရွှေရောင်ဘူးထဲမှ ရွှေရောင်သတ္တဝါလေးတစ်ကောင်ကို ဖွင့်ကြည့်လိုက်သည်။

ဤအကောင်လေးသည် ဆေးဘက်ဝင်သော အကောင်လေးဖြစ်သည်။ ဤအကောင်လေးရမှ သူစုဆောင်းနေသော ဆေးစုနစ်မျိုးစုံပေမည်။



သူသည် ပထမရရှိထားသော ဆေးခြောက်မျိုးကို စုလိုက်သည်။ ဆေးခြောက်မျိုးကို ကျိုလိုက်သည်။ ထို့နောက် အအေးခံလိုက်၏။ အေးသွားသောအခါ တန်ဖိုးကြီးသော ရွှေရောင်အကောင်လေးကို ထုတ်လိုက်သည်။

ထိုပိုးကောင်လေးကို ဆေးခြောက်မျိုးနှင့် ရောပြီး သောက်ချလိုက်တော့သည်။

"ကဲ ... ဆေးတော့ သောက်ပြီးပြီ၊ ငါအတွင်းအား လေ့ကျင့်လိုက်ဦးမယ်၊ ဒီအဆိပ်တွေက ဆေးသောက်ပြီးရင် အတွင်းအားနဲ့ ဖြေမှရတယ်၊ မင်း ငါ့ကို စောင့်ပေးပါနော်"

ရဲ့ယိယဲ့က ပြောလိုက်သည်။

"စိတ်ချပါ၊ ငါ ဒီအခန်းထဲမှာ မင်း မထမချင်း စောင့်ရှောက်ပေးနေပါ့မယ်"

ရဲ့ယိယဲ့သည် အခန်းထဲ၌ တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်လေတော့၏။ သူသည် အဆိပ်များကို ချွေးအဖြစ် ပြင်ပသို့ ထုတ်နေ၏။

ထိုတည်းခိုခန်းသို့ စန့်လန်ကြို ရောက်ရှိလာသည်။ သူသည် သေချာအောင် ဆိုင်ရှင်ကို မေးလိုက်သေး၏။

ကောင်းလိန်ဖုန်းနှင့် ရဲ့ယိယဲ့တို့ နှစ်ယောက် နေထိုင်ကြောင်း သိလိုက်ရသည်။

စန့်လန်ကြူသည် အခန်းဝ၌ ရပ်လိုက်ပြီး ...

"ခွေးနှစ်ကောင် ... ပုန်းမနေနဲ့ မြန်မြန်ထွက်ခဲ့စမ်း၊ မင်းတို့ကို ဒီမှာ မရှင်းချင်ဘူး၊ အေးအေးဆေးဆေး နေရာကို ခေါ်သွားပြီး ရှင်းချင်တယ်"

စန့်လန်ကြူသည် သွေးအေးသော လူသတ်သမားဖြစ်၍ တည်းခိုဆောင်၌ သွေးထွက်သံယိုမှု မဖြစ်စေလိုပေ။ လူအများ ထိတ်လန့်မည်ကိုလည်း မလိုလားပေ။

ထိုအချိန်၌ ရဲ့ယိယဲ့သည် ကုသမှုပြီးဆုံးတော့မည်ဖြစ်လေသည်။ အချိန်အနည်းငယ်ရလျှင် သူ့ကုသမှု ပြီးဆုံးသွားပေပြီ။

ယခုတော့ သူ့ကုသမှု မပြီးဆုံးမီ စန့်လန်ကြူ ရောက်လာလေသည်။

ကောင်းလိန်းဖုန်း မျက်နှာပျက်သွားသည်။ သူသည် အခန်းတံခါးကို ဖွင့်ပေးလိုက်လေ၏။

"နဂါးနှစ်ကောင်ဂိုဏ်းက အစ်ကိုကြီး စန့်လန်ကြူးပါလား"

"အေး ... ဟုတ်တယ်"



"ခင်ဗျားကို လဲ့ကျင်းညီအစ်မသုံးဖော်က နိုင်းလိုက်တာမဟုတ်လား"

"ဒါလည်း ဟုတ်တယ်"

"သိုင်းလောကမှာ စန့်လန်ကြူဆိုတာ နာမည်တစ်လုံးနဲ့ ရှိနေတာပဲ၊ ဘာဖြစ်လို့ ဒီကောင်မ သုံးယောက်ခိုင်းတာ လုပ်နေရတာလဲ"

"ငါ ဘာနဲ့ ထမင်းစားတယ်ဆိုတာ မင်းသိလား၊ ငါ့ မျက်စိထဲမှာ ပိုက်ဆံပဲမြင်တယ်၊ ပိုက်ဆံကလွဲရင် ကျန်တာ ဘာမှမမြင်ဘူး"

စန့်လန်ကြူက သူသည် ကြေးစားလူသတ်သမားသာ ဖြစ်ကြောင်း ဖော်ထုတ်ပြောဆိုနေလေ၏။

"ဒီလိုဆိုရင် ကျွန်တော် ပြောမယ်"

"ဘာပြောမလဲ"

"ခင်ဗျားကို ငွေအများကြီး ပေးမယ်"

"ဘာလုပ်ပေးရမလဲ"

"ဟိုညီအစ်မ သုံးဖော်ကို ပြန်သတ်ပေးရမယ်"

"ရတယ် ... ဒါပေမယ့် ကိစ္စတစ်ခုပြီးမှ တစ်ခုရှင်းမယ်"

ကောင်းလိန်ဖုန်းသည် စကားဆက်ပြောနေလျှင်လည်း အပိုပဲဖြစ်မည်ဟု တွေးတောမိပြီး စန့်လန်ကြူအား လက်ဦးအောင် တိုက်ခိုက်လေတော့သည်။

စန့်လန်ကြူသည် ရှောင်ပေးလိုက်၏။ ကောင်းလိနိဖုန်း၏ တိုက်ကွက်သည် အချည်းအနှီး အလဟဿဖြစ်သွား၏။

ထို့နောက် စန့်လန်ကြူသည် ပြင်းထန်သော အတွင်းအားဖြင့် လက်ဝါးတစ်ချက် ရိုက်ချလိုက်၏။

"ဝုန်း ..."

ကောင်းလိနိဖုန်း ကြောက်လန့်တကြား ရှောင်တိမ်းရသည်။ သူ မရှောင်တိမ်းဘဲ ထိပ်တိုက်ခုခံလျှင် ကျောက်တောင်ကို ခေါင်းနှင့် ပြေးတိုက်သလို ရှိမည်။

ယခု စန့်လန်ကြူ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သော အခါ ကောင်းလိနိဖုန်း၌ ရှိခဲ့သော ပန်းအိုးနှစ်အိုးသည် ကွဲကြေသွားသည်။

ကောင်းလိနိဖုန်းသည် နဖူးမှ ချွေးများ သီးလာတော့သည်။

သူသည် ထိပ်တန်း သိုင်းသမားဖြစ်သော်လည်း သိုင်းလောက ထဲ၌ နံပါတ်သုံးချိတ်သော စန့်လန်ကြူကိုတော့ မည်သို့မျှ မမီပါ။ စန့်လန်ကြူသည် သိုင်းလောကတွင် သူ့ထက်ကျော်ကြားပေသည်။

ပေါက်သည့်နဖူး မထူးတော့ပြီဟု ကောင်းလိနိဖုန်း ဆုံးဖြတ်လိုက်သည်။



ခုခံလည်း သေ၊ မခုခံလည်း သေရမည့်အတူတူ ခုခံရင်း သေမည်ဟု ပိုင်းဖြတ်လိုက်သည်။ သို့သော် စန့်လန်ကြူအား သူ တိုက်ခိုက်ရသည့် အချိန်သည် မရှိတော့ဘဲ ခုခံရင်းသာ အချိန်ကုန် နေရတော့သည်။

ယင်းကဲ့သို့ အချိန်ကုန်နေရသည့်ပြင် သိုင်းကွက်ငါးကွက်ခန့် ရောက်သည့်အခါ ကောင်းလိနိဖုန်းသည် ရှောင်မရတော့ဘဲ ရှောင် ပိတ်မိသည့် အနေအထားသို့ ရောက်ရှိသွားလေတော့၏။ ရှောင်စရာ အကွက်ကို လုံးဝ စဉ်းစား၍ မရတော့ချေ။

နောက်ဆုံး သူသည် ကြံရာမရတော့ဘဲ စန့်လန်ကြူနှင့် လက်ဝါးချင်း ယှဉ်ရိုက်ရသည့်အခြေသို့ ရောက်ရှိသွားလေတော့သည်။

"ဝုန်း ..."

လေတိုးသံ ကျယ်လောင်စွာ ဖြစ်ပေါ်လာသည်။ ကောင်းလိနိ ဖုန်းသည် နောက်သို့ လွင့်စဉ်သွားလေသည်။ မျက်လုံးထဲ၌ ကြယ် လများ မြင်သွားသည်။

စန့်လန်ကြူကတော့ နေရာ၌ မလှုပ်မယှက် ရပ်နေမြဲပင်။ သူက ကောင်းလိနိဖုန်းကို အေးစက်သော အကြည့်ဖြင့် ကြည့်လိုက် ၏။

"မင်းကို ငါသတ်ရမယ်၊ သေပေတော့"

စန့်လန်ကြူး လက်ကို လေထဲမြှောက်လိုက်၏။

တင်ပျဉ်ခွေထိုင်နေသော ရဲ့ယီယဲ့မှာ အတွင်းအား ကျင့်နေရာမှ ပြီးဆုံးသွားသည်။ သူကြည့်လိုက်သောအခါ စန့်လန်ကြူးက ကောင်းလိန်ဖုန်းအား လက်ဝါးဖြင့် ရိုက်ချပြီးလေပြီ။

ကောင်းလိန်ဖုန်းမှာ စန့်လန်ကြူး၏ လက်ဝါးဒဏ်ကြောင့် မေ့မြောသွားလေသည်။ အကယ်၍ ရဲ့ယီယဲ့သာ အတွင်းအား မပျက်စီးခဲ့လျှင် ကောင်းလိန်ဖုန်းနှင့် အတူတူ လက်တွဲတိုက်ပါက ဤသို့ ရှုံးနိမ့်ချင်မှ ရှုံးနိမ့်ပေမည်။

ယခုလို အခြေအနေ ဖြစ်ပေါ်ချင်မှ ဖြစ်ပေါ်ပေမည်။ ခက်သည်က ရဲ့ယီယဲ့သည် အတွင်းအားများ ပျက်စီးနေခြင်းပင်တည်း။

ယခု ကောင်းလိန်ဖုန်း ရှုံးနိမ့်ပြီးသောအခါမှ ရဲ့ယီယဲ့မှာ သူ၏ မူလသိုင်းပညာများကို ပြန်ရလာသည်။

သူသည် လေထဲသို့ ခုန်တက်ပြီး စန့်လန်ကြူးအား တိုက်ခိုက်လိုက်လေသည်။

အမှန်တော့ ရဲ့ယီယဲ့၏ သိုင်းပညာသည် ကောင်းလိန်ဖုန်းထက် အနည်းငယ် အဆင့်မြင့်သည်။ သူ၏ ကိုယ်ခံသိုင်းကွက်က ကြိုကန်မိကြိုးခေါ် ရှောင်တိမ်းသည့် ခြေကွက်နှင့် ဝေ့ရှန်းခေါ် လက်ဝါးသိုင်းကွက် ဖြစ်၏။



သူ့သိုင်းပညာမှာ အဆိပ်ပြေကာစဖြစ်၍ လေးလံနေသည်။ ချည့်နဲ့နေသည်။

စန့်လန်ကြူမှာ အခန်းထဲဝင်လာကတည်းက ရဲ့ယီယဲ့၏ အခြေအနေကို သိသည်။

ရဲ့ယီယဲ့ တင်ပျဉ်ခွေ ထိုင်နေခြင်းမှာ တစ်စုံတစ်ခုဖြစ်၍ အတွင်းအားဖြင့် ကုသနေခြင်းဖြစ်ကြောင်း သိသည်။

ယခု ထ၍ တိုက်သောအခါ သူ့ခြေလက်များ လေးလံနေသည်ကို တွေ့ရသဖြင့် ပြုံးမိလေသည်။ စန့်လန်ကြူးသည် ပြင်းထန်သော အတွင်းအားများသုံး၍ တိုက်ခိုက်သောအခါ ရဲ့ယီယဲ့ နောက်ဆုတ် ခုခံနေရလေတော့သည်။

"ဝင်တိုက်ပါဦးလား၊ မင်းကို မဆိုင်ဘူးဆိုပြီး အသက်ချမ်းသာ ပေးမယ်လို့ ငါစိတ်ကူးထားခဲ့တယ်၊ အခုတော့ မရတော့ဘူး၊ မင်းကိုပါ သတ်ရမယ်"

ထိုစဉ် ...

"သတ်မနေနဲ့ သူငယ်ချင်း"

နောက်မှ လှောင်ရယ်သံ ပေါ်လာလေ၏။ ထန်ဟန့်၏ အသံ။

စန့်လန်ကြူသည် လန့်ဖျပ်ပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

ထုန်ဟန့်သည် အခန်းဝ၌ လျောင်ပြုံးပြုံးရင်း ရပ်နေလေသည်။

"ရှမ်း ..."

ထိုအခါ စန့်လန်ကြူသည် ဓားကိုဆွဲထုတ်လိုက်ရတော့၏။ သိုင်းလောက၌ စန့်လန်ကြူ နာမည်ကြီးသည်က တစ်မျိုး၊ ထန်ဟန့် နာမည်ကြီးသည်က တစ်မျိုးဖြစ်လေသည်။

သူသည် ကြေးစားလူသတ်သမားလောက၌ နံပါတ်သုံး ချိတ်ထားသူ ဖြစ်သည်။

သို့သော် ... မပေါ့ဆရဲချေ။ ထို့ကြောင့် ဓားကို ဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။

စန့်လန်ကြူသည် ဓားကို အသင့်ကိုင်ရင်း ထန်ဟန့်အား ငေါက်ငမ်းလိုက်၏။

"ထန်ဟန့် မင်းနဲ့မဆိုင်ဘူးမဟုတ်လား၊ မင်း ဝင်မရှုပ်ပါနဲ့"

ထန်ဟန့်က အပြုံးမပျက် ပြောရှာလေ၏။

"ခင်ဗျား ကျွန်တော့်အကြောင်း မသိဘူး ထင်တယ်"

"ဘာမသိတာလဲ"

"ကျွန်တော်က ကိုယ်နဲ့မဆိုင်တဲ့အလုပ်ဆိုရင် သိပ်ရှုပ်ချင်တဲ့ကောင်ဗျ၊ ကျွန်တော့်နာမည် ခင်ဗျားမသိဘူးလား"

"မင်း ထန်ဟန့်ပဲ"



"မီးခဲထန်ဟန့်တဲ့ဗျ၊ နေရာတကာမှာ ဝင်ရှုပ်တတ်လွန်းလို့ မီးခဲထန်ဟန့်လို့ ခေါ်ကြတာ"

"မင်းရှုပ်ချင်ရင် ဒီပြင်နေရာမှာ ဝင်ရှုပ်ပါ၊ အခုကိစ္စမှာတော့ ဝင်မရှုပ်ပါနဲ့၊ မီးခဲကနေ မီးသွေးဘဝ ပြောင်းသွားမယ်"

"ဟား ... ဟား ... ဟား ... ကြိုက်သွားပြီ၊ ခင်ဗျားဟာ သွေးအေး လူသတ်သမား၊ ကျွန်တော်က မီးခဲထန်ဟန့်၊ နှစ်ယောက်တွေ့ကြပြီပေါ့ဗျာ၊ ကျုပ်ပြောချင်တာတွေ ရှိသေးတယ်၊ ခင်ဗျားတို့ နဂါးနှစ်ကောင်ဂိုဏ်းရဲ့ လက်ချက်နဲ့ ယွန်ဆန်သိုင်းသမား ရှန်ဝမ်ကြီးနဲ့ ထန်းတိုင်က လန့်လောင်လောင်တို့ သေသွားကြတယ်၊ အဲဒါကတော့ မဆိုင်တဲ့အပေါက် ဂလိုင်နဲ့ခေါက်တာပဲ မဟုတ်လား"

"သူတို့ဟာ ဓို့ဂိုဏ်းရဲ့ ရန်သူတွေကွ"

"ထန်းတိုင်လန့်လောင်လောင်ကတော့ ခင်ဗျားတို့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးဗျာ"

"သူက ငါတို့ရန်သူနဲ့အတူ အစားအသောက်တွေ ဝင်စားတာကိုးကွ"

"ကျွန်တော်နဲ့ ဘာမှမဆိုင်လဲ ဝင်ရှုပ်မယ်ဗျာ၊ ကဲ ... ခင်ဗျား ဘာလုပ်ချင်သလဲ"

ထန်ဟန့် စကားများနေစဉ် စန့်လန်ကြူသည် အလစ်တွင်

ဝင်တိုက်ခိုက်လိုက်၏။ အလွန်တရာပြင်းထန်သော တိုက်ကွက်ဖြင့် အလစ်တွင် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ရက်စက်သော သိုင်းကွက်ဖြစ်သည်။ လည်ပင်း၊ ရင်အုပ်နှင့် ဝမ်းဗိုက် သုံးနေရာဆီသို့ ဓားသည် တစ်ဆက်တည်း ဝင်သွားသည်။

ထိုသိုင်းကွက်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်သော အခြေအနေများ ဖြစ်ပေါ်လာသည်။ ရဲယိယဲ့သည်ပင် ဇောင့်ကပ် နေရလေ၏။

စန့်လန်ကြူ၏ဓားသည် စက်ဝိုင်းသဏ္ဍာန် ရစ်ပတ်ပြီးနောက် ယန်ဟန့် လည်ပင်း၊ ရင်ဘတ်နှင့် ဝမ်းဗိုက်ဆီသို့ ဝင်သွားလေသည်။

ထန်ဟန့်သည် မာန်သွင်းအော်ဟစ်ကာ လေထဲ၌ ခုန်ကာ ရှောင်တိမ်းသွား၏။ စန့်လန်ကြူသည် ဆက်တိုက်ပင် လိုက်လံ တိုက်ခိုက်သည်။ အဆက်မပြတ် တိုက်ခိုက်ခြင်းသည် အကောင်းဆုံး ခံစစ်ဖြစ်သည်ဟု စန့်လန်ကြူ ယူဆပုံရသည်။

သို့သော် ထန်ဟန့်က စန့်လန်ကြူ၏ ဓားရိပ်ထဲသို့ ခုန်ဝင် လာသည်။

ခုန်ဝင်လာသော ထန်ဟန့်ကို စန့်လန်ကြူက ခါးလည်မှ ဖြတ်ပြီး ဓားဖြင့်ခုတ်ချလိုက်သည်။ ထိုအခါ ထန်ဟန့်သည် ကိုယ်



ကို လေထဲတွင် ရေပြင်ညီနီးပါး လှဲအိပ်ပြီး ထိုဓားချက်ကို ရှောင် တိမ်းလိုက်၏။

အလွန် အန္တရာယ်များသော ရှောင်ကွက်ပင်။ တစ်ချက် တိမ်း စောင်းသည်နှင့် ဓားသွားသည် သူ့ခန္ဓာကိုယ်တစ်ခုခုကို ဖြတ်တောက် သွားပေလိမ့်မည်။

ဓားသည် ထန်ဟန့်၏ ဆံပင်တချို့ကို ဖြတ်တောက်သွား သည်။ ထန်ဟန့်လည်း ထိုဓားချက်မှ လွတ်သွားလေ၏။

ဤသို့ ထန်ဟန့် အရဲကိုးပြီး ရှောင်လိုက်သဖြင့် စန့်လန်ကြူ ၏ ရင်ဝမှ ဟာကွက်ကို တွေ့ရှိသွားသည်။ ထန်ဟန့်သည် အလွန် လျင်မြန်၏။ ဟာကွက်တွေ့သည်နှင့် လျင်မြန်သော ပြင်းထန်သော လက်ဝါးတစ်ချက် ရိုက်သွင်းလိုက်သည်။

"ဝုန်း…"

စန့်လန်ကြူမှာ သူ့ဓားချက် လွတ်သွားသည်နှင့်အတူ သူ့ ရင်ခွင်သို့ ဆယ်ပေါင်တူကြီးဖြင့် ထုချသကဲ့သို့ ခံစားလိုက်ရလေ သည်။

သူသည် ပါးစပ်ဟပြီး ဒယီးဒယိုင်ဖြင့် နောက်သို့ လွင့်စဉ် သွားသည်။

ထန်ဟန့် ရိုက်သွင်းလိုက်သည်မှာ တစ်ချက်တည်းဖြစ်သည်။

ထိုလက်ဝါးမှာလည်း တစ်ချက်ဆို ဆိုသလောက် အရာရောက်သည်။

"ခေါ် ..."

သူသည် သွေးများ ထိုးအန်ပြီးနောက် သေဆုံးသွားလေတော့၏။

ထို့နောက် ထန်ဟန့်သည် စန့်လန်ကြူအနီးသို့ လျှောက်သွားကာ သေမသေ သွားရောက်စစ်ဆေးလိုက်သည်။

စန့်လန်ကြူကား တစ်ချက်မျှ မအော်နိုင်ဘဲ တကယ် သေဆုံးသွားခဲ့လေပြီ။

ထန်ဟန့်သည် သူ့ဆံပင်များကို စန့်လန်ကြူ၏ ဓားချက်က ဖြတ်တောက်သွားသည်ကို သိရှိလိုက်၏။ သူသည် သူ့ခေါင်းမှ ဆံပင်များကို စမ်းသပ်ရင်း ရယ်စရာပြောလိုက်လေ၏။

"တော်သေးတာပေါ့ကွာ၊ ဆံပင်ကိုသာ သူ့ဓားက ဖြတ်မိလို့၊ မတော်တဆ လည်ပင်းကို ဖြတ်မိရင်တော့ မသက်သာဘူးဟော့ ..."

သူသည် ရဲ့ယီယဲ့နှင့် ကောင်းလိန်ဖုန်းတို့ကို ကြည့်ကာ ...

"ငါသေရင် မင်းတို့နှစ်ယောက်လည်း သေမှာပဲကွ၊ ငါမသေတာ ကံကောင်းတယ် မှတ်ကြပေတော့"



ရဲ့ယီယဲ့မှာ ထန်ဟန့်၏ တိမ်းရှောင်ပုံကို မျက်စိထဲမှ မထွက်နိုင်ဘဲ ဖြစ်နေ၏။

လေထဲ၌ ခုန်ရှောင်လိုက်ပုံ၊ ဓားသွားက ဆံပင်များကြားမှ ဖြတ်သွားပုံ စသည်များကို မြင်နေ၏။

ထန်ဟန့်သည် ကောင်းလိန်ဖုန်းကို စစ်ဆေးကြည့်လိုက်ပြီး ရဲ့ယီယဲ့အား လှမ်းပြောလိုက်၏။

"မင်းလူ ဒဏ်ရာတော်တော်ပြင်းတယ်ကွ၊ ငါ ဒဏ်ကြေဆေး တစ်လုံး တိုက်လိုက်မယ်၊ နောက်ပြီး မင်း ဆရာကောင်းကောင်းဆီမှာ ကုပေတော့"

ထန်ဟန့်သည် ဒဏ်ကြေဆေးတစ်လုံးကို ထုတ်၍ တိုက်လိုက်သည်။

"နောက် မင်းတို့မှတ်ထား၊ ဒီလို ကြေးစားမျိုးနဲ့ တိုက်ခိုက်ရင် ကိုယ့်ကိုယ်ကို အသေထားပြီး အပြင်းအထန်တိုက်၊ သေရင်အရှင်း ရှင်ရင်အမြတ်ပဲ၊ သူ့လိုကြေးစားမျိုးဆီက ဘာဂရုဏာမှ မရနိုင်ဘူးကွ"

ထန်ဟန့်က ဩဝါဒစကား ပြောကြားလိုက်လေ၏။

☆ ☆ ☆

# အခန်း(၁၆)

## ကျားလေးကောင်နှင့် တွေ့ဆုံခြင်း

ဝူမိန်ကျင့်မြို့ကလေးတွင် ငရဲပြည်ဟု ထင်ရသည့်အလား လူသေမှု အများအပြား ပေါ်ပေါက်နေသည်။

သို့ရာတွင် ဤမြို့ကလေး၌ ယခင်ကလည်း ဤသို့ အများအပြား သေဖူးသဖြင့် မြို့သူမြို့သားတို့သည် ထမင်းစား ရေသောက် သဖွယ် ဤသတင်းများကို ပြောဆိုနေကြသည်။ မည်သို့မျှ စိတ်ထိနိုက်ဟန် မပြကြပေ။

ဤမြို့တွင် ပထမဦးဆုံး သေဆုံးကြသူများမှာ ကျွန်းဆန်းမှ အဆိပ်ညီနောင် ငါးဦးဖြစ်ကြသည်။

ဤသေဆုံးမှုမှာ များပြားလှသည်။ အစုလိုက် အပြုံလိုက် သေဆုံးသော အမှုဖြစ်သည်။ ထို့နောက် ဟွန်ဆန်းသိုင်းသမား ရှန့်



ဝမ်ကြီးနှင့် ထန်းတိုင်လန့်လောင်လောင်တို့ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် အစာအဆိပ်မိ၍ သေဆုံးကြခြင်းဖြစ်သည်။

သွေးအေးလူသတ်သမား စန့်လန်ကြူကား နောက်ဆုံး သေသောသူ ဖြစ်သည်။

ယင်းလူသတ်မှုများသည် တစ်ခုနှင့်တစ်ခု မဆက်စပ်ဟု မြို့သူမြို့သားများက ထင်ကြသည်။ တကယ်တော့ လူသတ်မှုများသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိသည်။

ဤသည်ကို ရိုးသားသော သာမန်အရပ်သူ အရပ်သားများက မသိကြပေ။

သို့သော် ဤလူသတ်မှုများ ဆက်စပ်သည်ဖြစ်စေ၊ မဆက်စပ်သည် ဖြစ်စေ မြို့သူမြို့သားများအဖို့ ပြောကြဆိုကြမည်။ ရောင်းကြဝယ်ကြမည်။ ပြီးသော် မေ့ပစ်ကြမည်။

ထိုမြို့တွင် တစ်ခုတည်းသော ဘုံကျောင်းတစ်ခုရှိသည်။ သို့သော် ထိုဘုံကျောင်းတွင် ဘုန်းတော်ကြီးတစ်ပါးမျှ မရှိချေ။

ကပ္ပိယတစ်ယောက်တော့ ရှိသည်။ သူ့နာမည် ဆံ့မကြီဟု ခေါ်သည်။

ထိုသူကား တကာ၊ တကာမများ လှူဒါန်းသော ငွေကြေးများကို ဖောဖောသီသီ စားသုံးနေထိုင်သောသူ တစ်ဦးဖြစ်၏။

တကာ၊ တကာမများ၏ အလှူဒါနဥ္ဇ ရက်ရောပုံမှာ အံ့ချီးမကုန် ဖြစ်နေသည်။

ဘုန်းတော်ကြီးတစ်ပါးပါးသာရှိလျှင် ဤထက်ပို၍ လှူဒါန်းကြမည် ဖြစ်ပေသည်။

ယနေ့သည် နေ့ကြီး နေ့မြတ် ရက်တစ်ရက်ဖြစ်သောကြောင့် ဘုံကျောင်းတွင် လူအများ စည်ကားလျက်ရှိသည်။ ဆုံမကြီးသည် စည်ကားများပြားလှသော လူထုပရိသတ်ကိုကြည့်ကာ လွန်စွာ ကျေနပ်နှစ်သိမ့်လျက်ရှိလေသည်။

အဘယ့်ကြောင့်ဆိုသော် လူများသလောက် သူ အလှူငွေများကို သုံးစွဲရမည်ဖြစ်သောကြောင့်တည်း။

ဤမျှ လူများပြားလျှင် အလှူငွေမည်၍မည်မျှ ရမည်ဟု သူ့စိတ်ထဲ၌ တွက်ချက်နေမိတော့သည်။ သို့သော် အနိဋ္ဌာရုံမြင်ကွင်း တစ်ခုအား ဘုံကျောင်းရှေ့၌ ရှိနေလေသည်။

အောက်ဘက်တွင်မူ ဝူချိုပွတ်ရီလို၏ ပထမသူဌေး ပိုင်တန်းထိန်း၏ နာမည်ကို ရေးထိုးထားသည်။ ပိုင်တန်းထိန်းက ဆုံးမအပြစ်ပေးလိုက်သည်ဟူသော သဘောသက်ရောက်ပေသည်။

ရှောပွန်စွန်၏ အပြစ်ကား ရောင်းသူနှင့်ဝယ်သူကို မသိစေရ



ဟူသော ပိုင်တန်းထိန်း၏ စည်းကမ်းကို ဖောက်ဖျက်သူ ဖြစ်သောကြောင့်တည်း။

☆ ☆ ☆

ပိန်းစုသည် သူ့လက်ဖက်ရည်ဆိုင်သို့ လူဝင်များ စည်ကားနေသည်ကို လွန်စွာ သဘောကျနေလေသည်။ သူသည် စားပွဲမှနေ၍ တပြုံးပြုံးဖြင့် ကြည့်နေသည်။

ထိုအချိန်တွင် ထောင်ထောင်မောင်းမောင်းနှင့် လူလေးယောက် ဝင်လာပြီး ပိန်းစု၏ စားပွဲခုံရှေ့၌ ရပ်လိုက်သည်။

တစ်ယောက်က စာရွက်တစ်ရွက် ထိုးပေးလိုက်ရာ ပိန်းစု လန့်သွားတော့သည်။

"ဘာယူမလို့လဲဗျာ"

စာရွက်ထိုးပေးသည့်လူက စာရွက်ကိုလှုပ်ပြသည်။

ထိုအခါ ပိန်းစုသည် စာရွက်ကို ဖတ်လိုက်ရတော့သည်။

"နဂါးနှစ်ကောင်အတွက် လက်ဖက်ရည်အိုး လေးအိုး လုပ်ပေးပါ"

ပိန်းစု မျက်နှာပျက်သွားတော့သည်။

နဂါးနှစ်ကောင်နှင့် လက်ဖက်ရည်အိုး လေးအိုးမှာ လျှို့ဝှက်သော စကားပင်ဖြစ်သည်။ နဂါးနှစ်ကောင်၏ လျှို့ဝှက်စာ ဖြစ်ပေသည်။

သေဆုံးသွားသော နဂါးနှစ်ကောင်ဂိုဏ်းမှ သက်တော်စောင့်ခေါင်းဆောင် သိုင်းသမား စန့်လန်ကြူ ဤဆိုင်သို့ စရောက်စဉ်ကလည်း ဤစကားဝှက် သုံးခဲ့သည်။ ထို့ကြောင့် ပိန်းစု မျက်နှာပျက်သွားခြင်းဖြစ်သည်။

သူသည် ရုတ်တရက် ပျာယာခတ်သွား၏။ သူသည် ထိုင်ခုံမှ ကပျာကယာထလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော်နဲ့ အနောက်ဘက်ကို လိုက်ခဲ့ကြပါ၊ ကျွန်တော် ပြပါ့မယ်"

သူသည် ထိုလူလေးယောက်ကို ဆိုင်နောက်ဘက်ရှိ အခန်းတစ်ခန်းဆီသို့ ခေါ်ဆောင်သွားလေသည်။

"ဒီအခန်းပါပဲခင်ဗျာ၊ ဝင်ကြပါ၊ ကျွန်တော်ကတော့ ဆိုင်ရှေ့ကို ပြန်သွားပါဦးမယ် ခင်ဗျာ"

ပိန်းစုသည် သေမင်းနှင့် ကပ်နေရသူကဲ့သို့ ဆိုင်ရှေ့သို့ ခပ်မြန်မြန် ထွက်သွားသည်။



လူလေးယောက်သည် အခန်းထဲသို့ ဝင်သွားကြလေသည်။

အခန်းထဲတွင် လှဲကျင်းညီအစ်မ သုံးဖော်ထဲမှ ညီမအငယ်ဆုံးဖြစ်သော ချန့်ဝမ်လန်တစ်ယောက် ထိုင်စောင့်နေကြောင်း တွေ့လိုက်ကြရသည်။

ချန့်ဝမ်လန်က ...

"ရှင်တို့ရဲ့ အစ်ကိုကြီး စန့်လန်ကြူ သေဆုံးသွားတာကို သိပြီးကြပြီလား"

လူတစ်ယောက်က ...

"သိပြီးပါပြီ၊ ဒါပေမယ့် ကောင်းလိန်ဖုန်းနဲ့ ရဲ့ယိယဲ့ နှစ်ယောက်ပေါင်းပြီး တိုက်တာတောင် စန့်လန်ကြူကို မနိုင်နိုင်ပါဘူး၊ ကျုပ်တို့ စဉ်းစားကြည့်တော့ စန့်လန်ကြူးကို သတ်တာ တခြားလူတစ်ယောက်ပါရဦးမယ်၊ ဒီလူက သတ်ရင်သတ်၊ မသတ်ရင် သုံးယောက်ပေါင်းပြီးမှ သတ်ကြရမယ်၊ ဒီလူစား ဘယ်သူဆိုတာ မင်းတို့ သတင်းရရဲ့လား"

"မရပါဘူး"

"ကျုပ်စိတ်ထင်တော့ ကျင်းကျင်းကျွန်းနဲ့ ထန်ဟန့် နှစ်ယောက်ထဲက တစ်ယောက်ယောက်ပဲ ဖြစ်လိမ့်မယ်၊ အဲဒီနှစ်ယောက်

ကို စစ်ထုတ်ရင် ထပ်ရပြန်တယ်၊ စန့်လန်ကြူသေတာဟာ ဓားဒဏ်ရာနဲ့ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်းကျွန်းကျွန်း မဖြစ်နိုင်တော့ဘူး၊ ကျွန်းကျွန်းကျွန်းက ဓားကိုင်တယ် မဟုတ်လား၊ ထန်ဟန့်ပဲ ဖြစ်နိုင်တော့တယ်"

ချန်ဝမ်လန် မျက်နှာပျက်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် ထန်ဟန့်ကို သူမ ချစ်ကြိုက်နေမိသောကြောင့်တည်း။

"ကျုပ်တို့ ဘုရားကျောင်းမှာ တည်းမယ်၊ မင်းက ထန်ဟန့်ကို စုံစမ်းပေးပါ၊ ဒီကောင့်ကိုရှင်းပြီးမှ မင်းကိစ္စကို ဆက်လုပ်မယ်"

"ဟုတ်ကဲ့ ..."

"ဒါဆိုရင် ကိစ္စပြီးပြီ"

ထိုလေးဦးသည် ဆိုင်ထဲမှ အလျှိုလျှို ထွက်ခွာသွားကြသည်။

ချန်ဝမ်လန် ငေးငိုင်နေမိလေ၏။ သူမသည် ထန်ဟန့်ကို သိကျွမ်းခဲ့သည်မှာ ကြာပြီ။ ထန်ဟန့်ကို သူမ တိတ်တခိုး ချစ်ကြိုက်မိသည်။

မိန်းကလေးဖြစ်နေသောကြောင့် ဖွင့်မပြောသာခဲ့ပေ။ ယခု ထန်ဟန့်ကို လုပ်ကြံမည်ဟု ဆို၏။ အဘယ် မိန်းကလေးသည်



ကိုယ့်ချစ်သူကို လုပ်ကြံချင်ပါမည်နည်း။ သူမသည် ထန်ဟန့်ကို မည်သည့်နည်းနှင့်မျှ လုပ်ကြံရန် စဉ်းစား၍မရပေ။

ထိုလေးဦးမှာ နဂါးနှစ်ကောင်ဂိုဏ်းမှ လက်ရွေးစင် သက်တော်စောင့် ဆယ့်ရှစ်ဦးအနက် လေးဦးဖြစ်သည်။ ဆယ့်ရှစ်ဦးအနက် ခေါင်းဆောင်ဖြစ်သော စန့်လန်ကြူ သေဆုံးသွားပြီ။

စန့်လန်ကြူပြီးလျှင် ထိုသူလေးဦးသည် အဆင့်အမြင့်ဆုံး ဖြစ်လေ၏။

သူတို့မှာ သွေးအေးလူသတ်သမားများ ဖြစ်၏။

ယခု သွေးအေးလူသတ်သမား လေးယောက် ထွက်လာလေပြီ။

နဂါးနှစ်ကောင်ဂိုဏ်း နာမည်ကြီးလာခြင်းမှာ ဤဆယ့်ရှစ်ယောက်၏ ကြိုးစားမှုသည် အဓိကဖြစ်သည်။

ထိုဆယ့်ရှစ်ယောက် မကြိုးစားလျှင် နဂါးနှစ်ကောင်ဂိုဏ်း ဤမျှ နာမည်ကြီးမည်မဟုတ်ချေ။

သူတို့သည် သူတို့၏ ခေါင်းဆောင် စန့်လန်ကြူအား သတ်သူကို လက်စားချေရန်သာ စိတ်မောနေကြ၏။

သူတို့ခေါင်းဆောင် စန့်လန်ကြူးကို သတ်သူမှာ ထန်ဟန့်

ဖြစ်သည်ဟု သူတို့လေးယောက် ဆုံးဖြတ်ကြသည်။ သူတို့သည် ထန်ဟာန့်ကို လက်စားချေ သတ်ဖြတ်ကြတော့မည်။

သူတို့လေးယောက် အမည်များမှာ ချောင်ချို၊ လန်ဆန်းလို၊ ပိန်ရှုနှင့် ကုံးစွန်းချောင်းဟူ၍ ဖြစ်ကြလေ၏။

၎င်းတို့ လေးဦးမှာ အလွန်စကားနည်းကြသည်။ အစအဆုံး ချောင်ချိုတစ်ယောက်သာ စကားပြောသည်။

ချောင်ချိုသည်လည်း လိုအပ်သမျှကိုသာ ပြောတတ်သည်။

ကျန်သုံးယောက်မှာ စကားမပြောကြသော်လည်း ချောင်ချို ပြောသမျှကိုတော့ အသိအမှတ်ပြုကြသည်။ သူတို့ သဘောတူကြသည်။

ချောင်ချို ပြောသမျှသည် သူတို့ပြောသည့် စကားသာ ဖြစ်သည် ဟု နားလည်လက်ခံကြသည်။

☆ ☆ ☆

ထိုမြို့ကလေးမှာ တောတွင်းမှ မြို့ကလေးဖြစ်သဖြင့် သမင်၊ ဒရယ်၊ ချေငယ်၊ ခိုင်၊ ဆတ်တို့၏ အသားများကို အလွယ်တကူ ရရှိသည်။



တောလိုက်မုဆိုးများသည် နေ့စဉ် တောပစ်ထွက်ပြီး ထိုအသားများကို မြို့တွင်းသို့ လာပြီး ရောင်းချကြသည်။

ထို့အတူ ယုန်သားကင်ရောင်းသော ဆိုင်တစ်ဆိုင် ရှိနေ၏။ ထိုယုန်သားမှာလည်း မုဆိုးများက မြို့တွင်းသို့ယူလာပြီး ရောင်းချကြခြင်း ဖြစ်သည်။

မြို့တွင်း၌ မုဆိုးများ ယူဆောင်လာသည့် ယုန်သားများကို ကင်၍ ရောင်းချသော ဆိုင်တစ်ဆိုင်ရှိလေ၏။

ထိုဆိုင်ပိုင်ရှင်မှာ လောင်ဟူဟုခေါ်သော အဘိုးအို ဖြစ်သည်။

လောင်ဟူမှာ လူပေလူတေ တစ်ယောက်ဖြစ်၏။ သူသည် အရက်သောက်သည်။ အပျော်အပါး လိုက်သည်။ ပျော်ရွှင်စရာ မှန်သမျှ အကုန်လုပ်သည်။

သို့သော် ဆိုင်ကိုတော့ စနစ်တကျ ခင်းကျင်း ရောင်းချသည်။ သူ့ဆိုင်၌ အချိန်တန်လျှင် လူပြည့်နေတတ်ပေသည်။

ဖန်းအဘိုးအိုသည် လောင်ဟူ၏မိတ်ဆွေဖြစ်၏။ လောင်ဟူ၏ ဆိုင်၌ အမြဲစားသောက်သော ဖောက်သည်လည်း ဖြစ်၏။

သူသည် သူ့အလုပ်အားသည်နှင့် လောင်ဟူ၏ အရက်ဆိုင်သို့ လာရောက်တတ်သည်။ ယနေ့ စောစောစီးစီး ထန်ဟာန့်နှင့်

ဖန်းအဘိုးအိုတို့သည် လောင်ဟူ၏ဆိုင်သို့ ရောက်ရှိလာလေ၏။ ထိုအခါ ရောက်သည်နှင့် ဖန်းအဘိုးအိုနှင့် ထန်ဟန့်သည် တစ်စားပွဲတည်း ထိုင်ကြကာ အရက်နှင့် ယုန်သားကင်ကို စားသောက်ကြတော့၏။

ထန်ဟန့်နှင့် ဖန်းအဘိုးအိုတို့သည် ရေးမဆွကတည်းက သိကျွမ်းထားသူများ ဖြစ်ကြလေ၏။ အရက် အတော် ဝင်သွားပြီးသောအခါ ဖန်းအဘိုးအိုမှာ အတော် လျှာသွက်အာသွက် ဖြစ်လာလေသည်။

ဖန်းအဘိုးအိုက ...

"ထန်ဟန့် မင်းဟာ လူတော်လေး တစ်ယောက်ပဲကွ"

"ဟား ... ဟား ... ဟား ... ကျွန်တော့်ကို မြှောက်ပြောနေတာကိုး၊ သောက်ပါဗျာ ... သောက်ပါ၊ ကျသင့်တဲ့ အရက်ဖိုးနဲ့ အသားကင်ဖိုးကို ကျွန်တော် ရှင်းလိုက်ပါ့မယ်"

"မင်းဟာ စိတ်သဘောထား ဖြောင့်မတ်တယ်လို့ ငါ သိထားရမယ်"

"ဟာ ... ဦးလေးကလည်း ဒါတင်ဘယ်ကမလဲ၊ နောက်အကျင့်တစ်ခု ရှိသေးတယ်ဗျ၊ အဲဒါ ဦးလေး မသိဘူးလား"



"ဘာအကျင့်လဲ"

"သူများမလုပ်ချင်တဲ့ အလုပ်ကို ဘယ်တော့မှ သူများကို မနိုင်းတတ်ဘူးဗျ"

"ဘာ ... မင်း ဘာကိုဆိုလိုတာလဲ"

"ဆိုင်သလား ... မဆိုင်ဘူးလားဆိုတာကို ခင်ဗျား သိမှာပေါ့၊ ခင်ဗျာ စွန်းလုယိကို မလုပ်ချင်တဲ့အလုပ် အဓမ္မ နိုင်းခဲ့တယ် မဟုတ်လား"

"မင်းဥစ္စာက မဟုတ်သေးပါဘူး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ကျွန်တော် အရမ်းပြောနေတာ မဟုတ်ပါဘူး၊ ကျွန်တော်ပြောနေတာက ကြူလုံကျန်ခတို့ တစ်အိမ်သားလုံးကို သတ်သွားတဲ့ တရားခံဟာ ဓားပျံဂိုဏ်းနဲ့ မပတ်သက်ဘူးဆိုတာပဲ၊ နောက်ပြီး ဓားပျံဂိုဏ်းနဲ့ လင်ကျင်းဖေဟာလည်း ဘယ်လိုမှ မပတ်သက်ဘူးဗျ"

ထန်ဟန့်က ဆက်ပြော၏။

"ဒါကြောင့် ဓားပျံဂိုဏ်းက သိုင်းသမား လေးယောက်ဟာ လင်ကျင်းဖေကို လာကယ်မှာမဟုတ်ဘူး၊ ခင်ဗျားအထင်တွေ မှားနေပြီဆိုတာကို ကျွန်တော်ပြောပြနေတာ"

ဖန်းအဘိုးအိုက ထန်ဟန့် စကားဆုံးသည်နှင့် ဆိုင်ပြင်သို့ ထွက်ခွာသွားတော့၏။

ထိုအခါ နဂါးနှစ်ကောင်ဂိုဏ်းမှ ကျားလေးကောင် ရောက်ရှိလာတော့၏။

ဆိုင်ပြင်မှ ကြည့်လိုက်သောအခါ ထန်ဟန့်ကို မြင်နေရ၏။

ချောင်ချိက ...

ထန်ဟန့် အပြင်ကို ခဏထွက်ခဲ့ပါဦး"

"အေး ... ငါ အရက်သောက်လို့ ကုန်တော့မှ ထွက်လာခဲ့မယ်၊ မင်းတို့ စောင့်နေကြဦး"

ထန်ဟန့်က လှမ်းအော်လိုက်၏။

ထိုစကားကို ကြားသောအခါ ကျားလေးကောင်ထဲမှ လန်ဆန်းလိုသည် ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ ထန်ဟန့်၏ လည်ကုပ်ကို လှမ်းဆွဲလိုက်သည်။

လန်ဆန်းလို၏ လက်သည် ထူပြီး ကြမ်းတမ်းသည်။ လက်ချောင်းများက အလုံးကြီးသည်။

၎င်း၏ လက်ကြီးမား ကြမ်းတမ်းပုံကိုကြည့်ပြီး သံလက်ဝါးသိုင်းနှင့် စွန်လက်သည်းသိုင်းကို ကျင့်ထားသော အဆင့်မြင့် သိုင်းသမားဖြစ်ကြောင်း ထန်ဟန့်သိသည်။



ဤသို့သို့ လက်မျိုးသည် မည်မျှ မာသည့် အရိုးကိုမဆို ချေပစ်နိုင်သည်။ ကြောက်စရာအလွန်ကောင်းသော လက်မျိုးဖြစ်သည်။ သို့သော် ထိုလက်သည် ထန်ဟန့်၏ လည်ကုပ်ကို မကိုင်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထန်ဟန့်သည် ကုလားထိုင်ပေါ်မှ လျှောကျသွားသောကြောင့် ဖြစ်သည်။

သူသည် လွန်စွာ အရက်မူးနေသည်လား၊ မည်သူမျှမသိနိုင်ပါ။

ထန်ဟန့် အောက်သို့ ကျသွားပြီးနောက် အရိုးကျိုးသံ ထွက်ပေါ်လာသည်။

"အား ..."

လန်ဆန်းလို၏ ကြောက်လန့်တကြား အော်သံသည် ထွက်ပေါ်လာသည်။ လန်ဆန်းလိုသည် အရပ်ပုဝင်သွားသလို ဖြစ်သွားသည်။

လန်ဆန်းလို ခြေထောက်နှစ်ဖက်စလုံး ကျိုးကြေသွားပေပြီ။ သူသည် လဲပြိုကျသွားသည်။ ဆိုင်ခန်းအပြင်ဘက်မှလည်း အရိုးကျိုးသံ ထွက်ပေါ်လာသည်။

"ဂျွတ် ... ဂျွတ် ..."

"အား ..."

ထိုအော်သံမှာ မိန်ရှု၏ အော်သံဖြစ်သည်။

ထိုမိန်ရှု၏ အရိုးကို ချိုးပစ်သူမှာ ဖန်းအဘိုးအိုဖြစ်လေ၏။ ဖန်းအဘိုးအို၏ နောက်တွင် စွန်းလုယိသည်လည်း ပါရှိလာ၏။

ခြေထောက်အရိုးကျိုးသွားသူ လန်ဆန်းလိုနှင့် ပိရှုတို့သည် မှေမျှောသွားလေသည်။ ကျားနှစ်ကောင်သာ ကျန်တော့သည်။ ကျားနှစ်ကောင်မှာ မဖျော်လင့်ဘဲ တိုက်ခိုက်လိုက်ရသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ဖြစ်သွားသည်။ သို့သော် ကျားတစ်ကောင်ဖြစ်သည့် ကုံးစွန်းချောင်သည် စွန်းလုယိအား လက်နက်ပုန်းဖြင့် လျှပ်တစ်ပြက် ပစ်ခတ်လိုက်သည်။

စွန်းလုယိက ပလွေနက်ဖြင့် သံလုံးလက်နက်ပုန်းများအား ရိုက်ထုတ်လိုက်သော်လည်း လက်နက်ပုန်းတစ်ခုသည် စွန်းလုယိ၏ နဖူးအလယ်တည့်တည့်ကို ထိမှန်ပြီး စွန်းလုယိမှာ လဲကျသွားလေသည်။

ယင်းနေရာမှာ ချက်ကောင်းဖြစ်သည်။ ထိုဒဏ်ရာကို အချိန်မီ မကုသပါက သေနိုင်၏။ ကုံးစွန်းချောင်သည် သူ့ လက်နက်ပုန်း အရာရောက်သွားသောအခါ ကျေနပ်သွားသည်။

ထိုနောက် ဖန်းအဘိုးအိုကိုလည်း သံလုံးလက်နက်ပုန်း သုံးလုံးဖြင့် တိုက်ခိုက်ပြန်၏။ ဖန်းအဘိုးအိုမှာ ဆိုင်အတွင်းသို့ ဝင်ရောက်သွားပြီဖြစ်သဖြင့် မှေမျှောနေသော လန်ဆန်းလိုအား ကောက်ယူကာကွယ်လိုက်၏။ သံလုံး သုံးလုံးစလုံး လန်ဆန်းလို၏ နောက်ကျောသို့ နစ်ဝင်သွား၏။



လန်ဆန်းလို၏ ခန္ဓာကိုယ်ကြီးမှာ တွန့်သွားပြီး သေဆုံးသွားလေ၏။

ဖန်းအဘိုးအို၏ အပြုအမူကို ချောင်ချို တွေ့မြင်ရသောအခါ အလွန်တရာ ဒေါသဖြစ်သွား၏။ ချောင်ချိုသည် ဖန်းအဘိုးအိုဆီသို့ ခုန်ဝင်သွား၏။

ထန်ဟန့်မှာ ခုံအောက်မှ ထွက်လာလေပြီ။ သူသည် ကြားမှ ချောင်ချိုကို ဝင်၍ ဟန့်တားလိုက်သည်။

ချောင်ချိုသည် ထန်ဟန့် ကြားဝင်လာသောအခါ အံ့အားသင့်သွား၏။ သို့သော် ဂရုမစိုက်ဘဲ ခြေပုံတစ်ချက် ကန်လိုက်လေသည်။

ချောင်ချိုသည် ခြေဖြင့်ကန်သော ချွမ်းခင်းခေါ် ခြေသိုင်းဖြင့် နာမည်ကြီးသော လူတစ်ဦးဖြစ်ပေသည်။

သူသည် ခြေထောက်ဖြင့် ကျွဲတစ်ကောင်ကို တစ်ချက်တည်း အသေကန်နိုင်သူဖြစ်သည်။ ထန်ဟန့်သည် အလွန်လိမ္မာသူ ဖြစ်သည်။

ချောင်ချို၏အကြောင်းကို သိထားသဖြင့် ထိုခြေကန်ချက်ကို ရှောင်တိမ်းလိုက်သည်။

ချောင်ချိုကလည်း သိသည်။ တစ်ချက်ခုန် သုံးချက်ကန်ဖြင့် ဝှီးခနဲ ဝှီးခနဲနေအောင် ထပ်မံကန်လိုက်သည်။

ထန်ဟန်ကလည်း ချောင်ချို မြေပေါ်သို့ မကျသေးမီ ထပ်ကန်မည်ကို သိရှိသဖြင့် ထပ်မံရှောင်တိမ်းပြီး ဖြစ်နေသည်။

ချောင်ချို ကန်ချက်များသည် အချည်းအနှီး ဖြစ်သွားတော့သည်။

ဖန်းအဘိုးအိုသည် ကျန်းလိုင်သွေးသောက် ရဲသုံးဖော်တွင် တစ်ဦးအပါအဝင်ဖြစ်သော သိုင်းအကျော်အမော်တစ်ဦး ဖြစ်သည်။ သို့ရာတွင် ကုံးစွန်းချောင်းကိုတော့ အပြတ်မဖြတ်နိုင်ပေ။ သူသည် အကြိတ်အနယ် တိုက်နေရ၏။

ထန်ဟန့်သည် စွန်းလုယိကို တွေ့ရှိလိုက်ရ၏။ ထိုင်လျက် နဖူးမှ သွေးများ စီးကျနေသည့် စွန်းလုယိကို တွေ့လိုက်ရသောအခါ ဒေါင်းနားပန်းကြီးသွားမိသည်။

ဒဏ်ရာမှာ သေကွင်းသေကွက်ဖြစ်နေသဖြင့် ထန်ဟန့် စိုးရိမ်သွားသည်။



သို့သော် သူမကူညီနိုင်ပါ။ သူ့အား ချောင်ချိုက တိုက်ခိုက်နေသည် မဟုတ်ပါလား။

ထိုအချိန်မှာပင် ဆိုင်အနောက်ဘက်မှ လူရိပ်သုံးခု ထွက်ပေါ်လာလေတော့၏။ ထန်ဟန့် ဒေါင်းနားပန်းကြီးသွားလေသည်။

ဤသူများသည် နဂါးနှစ်ကောင်ဂိုဏ်းမှ စစ်ကူများ ဖြစ်နိုင်သည် မဟုတ်ပါလော။

များမကြာမီ လူရိပ်များ ပီပြင်လာသည်။ လှဲကျင်းညီအစ်မ သုံးဖော် ဖြစ်နေလေ၏။ ထိုအတွက် ထန်ဟန့် မပျော်နိုင်ပါ။ လှဲကျင်း ညီအစ်မ သုံးဖော်နှင့် နဂါးနှစ်ကောင်ဂိုဏ်းတို့၏ ရင်းနှီးစွာ ဆက်ဆံမှုကို ထန်ဟန့် သိထားပြီး ဖြစ်သည် မဟုတ်ပါလား။

ထန်ဟန့်မှာ တစ်ကိုယ်လုံး အေးခဲသွားမတတ် ဖြစ်သွား၏။ သူမတတ်နိုင်တော့ပေ။ သူ၏ လျှို့ဝှက်ထားသော သိုင်းပညာတစ်ရပ် ဖြစ်သည့် မိကြိုးဝှရှန့် သိုင်းပညာကို ထုတ်သုံးရန် ဆုံးဖြတ်လိုက်ရတော့သည်။

တကယ်တော့ သူသည် ဤပညာကို ထုတ်မသုံးရက်ပေ။ တကယ့် အရေးကြီးသော အချိန်တွင်သာ ထိုပညာရပ်ကို ထုတ်သုံးရမည်ဖြစ်သည်။

မိကြီးဝူရှန့် သိုင်းပညာကား အဘယ်သို့သော သိုင်းပညာနည်း။

ထန်ဟန့်သည် ချောင်ချိုကို လက်ဝါးဖြင့် တစ်ချက်ရိုက်ထုတ်လိုက်၏။

"ဝုန်း ..."

ချောင်ချိုကလည်း ပါးသည်။ ထန်ဟန့် လက်ဝါးရိုက်ချက်ကို အထိမခံပေ။ ရှောင်တိမ်းထွက်သွားသည်။

☆ ☆ ☆

## အခန်း(၁၇)

## ဓာတ်မြှုပ်နေသော ဆေးဆရာ

မိကြီးဝူရှန့်ဟုခေါ်သော သိုင်းပညာသည် လျှို့ဝှက်သော သိုင်းပညာဖြစ်သည်။

ယင်းသိုင်းပညာကို ထန်ဟန့်တတ်သည်ဟု သိုင်းလောကၡ မည်သူမျှ မသိရှိပေ။

ထန်ဟန့်သည် ယင်းပညာ သင်ယူခဲ့ရသည်မှာ အကြောင်းရှိ၏။ အလွန်တရာ ကြောက်စရာကောင်းသော အဖွဲ့အစည်းတစ်ခုကို ဖြိုခွင်းရန်ဖြစ်သည်။

ထိုအဖွဲ့အစည်းမှာ လျှို့ဝှက်အဖွဲ့အစည်းဖြစ်၏။ ထန်ဟန့်က ထိုလျှို့ဝှက်အဖွဲ့အစည်းကို လျှို့ဝှက်ဖြိုခွဲသည့်နည်းဖြင့် ဖြိုခွဲရမည်ဖြစ်သည်။

ထန်ဟာန့်၏ ဆရာမှာ တိဗက်တွင် နေထိုင်သော ဘုန်းတော်ကြီးတစ်ပါး ဖြစ်သည်။

ထိုဘုန်းတော်ကြီးမှာ လူထူးလူဆန်းတစ်ဦး ဖြစ်၏။ ထန်ဟာန့်အား မိကြိုးဝူရှန့်ခေါ် သိုင်းပညာ သင်ကြားပေးလိုက်လေသည်။

ထိုဘုန်းတော်ကြီးတွင် တပည့်တစ်ဦးမှ မရှိဟု ပြောဆိုကြ၏။ တကယ်တမ်းတွင် ထန်ဟာန့်မှာ ဘုန်တော်ကြီး၏ တစ်ဦးတည်းသော တပည့်ဖြစ်သည်။

သို့သော် ထန်ဟာန့်ကို ဘုန်းတော်ကြီး၏ တစ်ဦးတည်းသော တပည့်မှန်း မည်သူမျှ မသိကြပေ။ ယခုရှေ့၌ ချောင်ချိုနှင့် ကုံးစွန်းချောင်းတို့ နှစ်ဦး တိုက်ခိုက်နေသည့်အပြင် လှဲကျင်းညီအစ်မ သုံးဖော်လည်း နောက်၌ ရောက်လျက်ရှိနေသေးသည်။

စွန်းလုယိ၏ အသက်ကို အချိန်မီကယ်နိုင်ရန် မိကြိုဝူရှန့်သိုင်းပညာကို ထုတ်သုံးရတော့သည်။

လှဲကျင်းညီအစ်မသုံးဖော်လည်း သိုင်းပညာ ကောင်း၏။ ကျားနှစ်ကောင်နောက်မှ စစ်ကူများ ရောက်လာလျှင် သူတို့ ကိုယ်ကျိုးနည်းပေလိမ့်မည်။

သို့သော် ... ထန်ဟာန့်သည် သူမသုံးချင်သော မိကြိုဝူရှန့်



သိုင်းပညာကို မသုံးလိုက်ရပေ။ အဘယ်ကြောင့်ဆိုသော အခြေအနေသည် ချက်ချင်း ပြောင်းလဲသွားသောကြောင့် ဖြစ်လေသည်။

လှဲကျင်းညီအစ်မသုံးဖော်မှ အငယ်ဆုံးဖြစ်သည့် ချန်ဝမ်လန်သည် ဓားပျံတစ်ချောင်းဖြင့် ကျားတစ်ကောင်ဖြစ်သော ကုံးစွန်းချောင်း၏ နောက်ကျောသို့ လျှပ်တစ်ပြက် ပစ်လိုက်သောကြောင့်တည်း။

"အ်ား ..."

အသံနက်ကြီးဖြင့် အော်လိုက်သော ကုံးစွန်းချောင်းကို ချောင်ချိုက လှမ်းကြည့်မိ၏။ ထိုတစ်ခဏ်အချိန်ကလေးကို အခွင့်ကောင်းယူကာ ထန်ဟာန့်သည် အတွင်းအားအပြည့်သုံးသော လက်ဝါးဖြင့် ချောင်ချိုအား ရိုက်ချလိုက်လေသည်။

"ဝုန်း ..."

ချောင်ချိုသည် ရုတ်တရက် သတိရပြီး ထန်ဟာန့်၏ ရိုက်ချက်ကို ရှောင်တိမ်းရန် ကြိုးစားသေးသည်။

သို့သော် ရှောင်တိမ်း၍ မရတော့ပေ။ သူသည် လွင့်စဉ်ထွက်သွားပြီး အသက်သေဆုံးသွားလေ၏။ ဖန်းအဘိုးအိုသည် ကျူပင်ခုတ်ကျူငုပ်မကျန်အောင် မေ့မျောနေသည့် ကျားသစ်နှစ်ကောင်ကိုလည်း ထပ်မံရှင်းပစ်လိုက်သည်။

ထန်ဟန့်သည် ကျေးဇူးတင်သော အကြည့်ဖြင့် ချန်ဝမ်လန်ကို တစ်ချက်ကြည့်ပြီး စွန်းလုယိ၏ သွေးကြောကို ဝိတ်လိုက်သည်။

"ဦးလေး ဒီအလောင်းလေးလောင်းကို ဒီဆိုင်အနောက်မှာပဲ မြှုပ်လိုက်ပါ၊ ကျွန်တော် စွန်းလုယိရဲ့ ဒဏ်ရာကို ပြဖို့ သမားတော်ဆီ ပြေးလိုက်ဦးမယ်"

"အေး ... ငါလုပ်လိုက်မယ်"

ထန်ဟန့်သည် စွန်းလုယိ၏ ခန္ဓာကိုယ်ကို ထမ်းပြီး သမားတော် ဟိုကျိုးကြင့်ထံသို့ ပြေးသွားလေတော့၏။

သမားတော် ဟိုကျိုးကြင့်သည် ရောဂါကုသပျောက်သလောက် ဆေးကုသခ အလွန်ကောင်းသော ဆေးဆရာဖြစ်သည်။

သူ၏ ဆေးကုသခ အတောင်းရက်စက်မှုကြောင့် တော်ရုံ တန်ရုံ လူနာများမှာ သူ့ဆီသို့ မလာကြတော့ပေ။ ထန်ဟန့်သည် ဆေးဆရာထံသို့ ရှေ့တံခါးဝမှ မဝင်ဘဲ နောက်ဘက်ခြံစည်းရိုးကို ကျော်ဖြတ်ပြီးဝင်သည်။

ဤသို့ဖြင့် ဆေးဆရာရှေ့သို့ ရောက်ရှိလာလေတော့၏။ သူသည် လူနာကို ဆရာ့ရှေ့သို့ချလိုက်ပြီး အိတ်ထဲမှ ငွေထုပ်တစ်ထုပ်ကို နှိုက်ယူပြီး ဆရာကိုပြသည်။



"ကွေ့လား ... ဒီမှာ ငွေသားတစ်ထောင်ပါတယ်၊ လူနာကို ကြည့်ရှုပြီး ကုသပေးပေတော့"

ဟိုကျိုးကြင့်သည် လူနာကိုကြည့်ပြီး ခေါင်းခါယမ်းသည်။

"ဒဏ်ရာက တကယ့်ချက်ကောင်းကို ထိထားတာပဲ၊ ဒီဒဏ်ရာကို ကျုပ် မကုသနိုင်ဘူးဗျာ"

"ခင်ဗျား လုပ်မနေနဲ့၊ ဒဏ်ရာကို ကုမလား၊ မကုဘူးလား တစ်ခွန်းတည်းပြော"

"အောင်မာ ... လူနာလည်း လာအပ်သေးတယ်၊ မောင်ရင်က စကားပြောလည်း တယ်မာပါလား၊ ထွက်သွား ... ခုထွက်သွား၊ ဒါ ငါ့အိမ်ကွ"

"ဟား ... ဟား ... ဟား ... နာမည်အသစ်နဲ့ လူဆိုက ကျုပ် မသွားဘူးဗျာ"

"ဘာ ... ဘာနာမည် အသစ်လဲ"

"ကျုပ်ပြောမယ်၊ ခင်ဗျား သေသေချာချာ နားထောင်၊ တစ်ခါတုန်းက လူတစ်ယောက်ရှိသတဲ့၊ အဲဒီလူဟာ အကြောင်းတစ်ခုကြောင့် မြို့လေးတစ်မြို့ကို ပြေးလာသတဲ့၊ သူ့နာမည်ကိုလည်း ဟိုကျိုးကြင့် လို့ ပြောင်းလိုက်သတဲ့"

ဟိုကျိုးကြည့် မျက်နှာပျက်သွားတော့သည်။ ထန်ဟန့်က ဆက်ပြောလေသည်။

"အဲဒီလူရဲ့ နာမည်ကတော့ ကြင့်ကျိုးဟိုဖြစ်သတဲ့၊ ကဲ ... အဲဒါ ကျုပ်သိထားတဲ့ အချက်ပဲ"

"မောင်ရင် ... မောင်ရင် ... ဘယ်လိုလုပ်သိသလဲ"

"ဘယ်လိုသိသိပါလေ၊ ဒါက အကြောင်းမဟုတ်ပါဘူး၊ ဒီလျှို့ဝှက်ချက်ကို ကျုပ် သတင်းမပေါက်ကြားအောင် တာဝန်ယူချင်ပါတယ်၊ ဒါပေမယ့် ကာယကံရှင်က ကျုပ်တာဝန်ယူချင်အောင် လုပ်ဆောင်ပေးဖို့လည်း လိုလိမ့်မယ်"

ဟိုကျိုးကြင့်က ...

"မင်း ဒီလျှို့ဝှက်ချက်ကိုသိတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်ကျော်ပြီဗျ"

"ဟာ ... တစ်နှစ်ကျော်ပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုသိတာလဲ"

"သိတာမဆန်းပါဘူးဗျာ၊ ခင်ဗျားကိုယ်တိုင်က သိအောင်လုပ်နေတာကိုး"

"ငါက ..."



"ဟုတ်တယ်၊ ခင်ဗျားက သူများတွေ အမြင်ကတ်ပြီး ဆေးလာမကုအောင် လာကုတဲ့လူနာတွေကို မတန်တဆ ဆေးကုခတောင်းတယ် မဟုတ်လား၊ ရောဂါသေးသေး လူနာတွေလည်း ခင်ဗျားအရမ်းတောင်းတာပဲ၊ အဲဒါနဲ့ သင်္ကာမကင်းဖြစ်ပြီး ခင်ဗျားကို ကျုပ်စောင့် ကြည့်ခဲ့တယ်၊ ခင်ဗျားဟာ ဆေးကုစားတဲ့ လူမဟုတ်ဘူးဆိုတာ ကျုပ်သိရတယ်၊ ဒါပေမယ့် ခင်ဗျား ကုသပေးလိုက်တဲ့ လူနာတွေကျတော့ ရောဂါတွေက ပျောက်ပြန်ရော၊ အဲဒီတော့ ခင်ဗျားဟာ ဆေးပညာ နားလည်တဲ့ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ကျုပ်ရိပ် မိလိုက်တယ်၊ နောက်တစ်ခုကတော့ ခင်ဗျားနာမည်ပဲ၊ နာမည်ကို ပြောင်းပြန်ဖတ်လိုက်ရင် ခင်ဗျားနာမည်ရင်းကို သိနေတာပဲ၊ ဒါပါပဲဗျာ"

ဟိုကျိုးကြင့် သက်ပြင်းချလိုက်သည်။

"အေးလေ ... ငါ့အကြောင်း မင်းသိနေမှတော့ သူ့ကိုရှင်အောင် ကုသပေးပါ့မယ်၊ မင်းကလည်း မင်းကတိအတိုင်း ငါ့လျှို့ဝှက်ချက်ကို မဖော်ထုတ်ပါနဲ့ ဟုတ်လား"

"ဒါပေါ့ဗျာ၊ သူ့ကို ကုသပေးမှတော့ ကျုပ်ကလည်း ကတိရည်ရမှာပေါ့"

ဟိုကျိုးကြည့်သည် စွန်းလုယီအား ကုသလေတော့၏။

ထန်ဟန့်သည် ဆေးဆရာ ဟိုကျိုးကြင့်၏ နေအိမ်တွင်ပင် နေထိုင်သည်။

နွန်းလုယင်ကို ဤသို့အနီးကပ် ပြုစုစောင့်ရှောက်ရမည်ကို သူ သိသည်။

ဟိုကျိုးကြင့်နှင့် သူသည် အရက်သောက်တိုင်း စစ်တုရင် ကစားနေကြလေသည်။

ထိုစဉ် ဆေးဆရာပင့်ဆောင်သောသူတစ်ဦး ရောက်ရှိလာလေသည်။

ထိုလူသည် စာအိတ်အနီတစ်လုံးကို ကိုင်ဆောင်လာလေ၏။

ထိုအရာကား ဆေးဆရာပင့်သော ဖိတ်စာတည်း။

ထိုလူသည် ဟိုကျိုးကြင့်ရှေ့သို့ ရောက်သည်နှင့် ဖိတ်စာကို လှမ်းပေးလိုက်သည်။

"ငါ့ကို လာဖိတ်တာလား"

"ဟုတ်ပါတယ်၊ သမားတော်ကြီး၊ အထဲမှာ သမားတော်ကြီးကို ဖိတ်တဲ့စာ ပါတယ်"

ဟိုကျိုးကြင့်သည် စာအိတ်ကို ဖောက်လိုက်သည်။

စာအိတ်ထဲတွင် ပင့်ဖိတ်သည့် စာတစ်စောင်နှင့် ငွေသုံးသောင်း တိတိ ပါလာသည်။ များပြားသော ငွေပမာဏပင်။



ထန်ဟန့်သည် ဖိတ်စာနှင့် ငွေသုံးသောင်းကိုကြည့်ပြီး ...

"ခင်ဗျားတို့ ဂိုဏ်းချုပ်ရဲ့ ဒဏ်ရာက တော်တော်ပြင်းထန်သလား ခင်ဗျာ"

လာရောက်ပင့်ဖိတ်သူ ညှိသည်မှာ အံ့အားသင့်သွားလေသည်။

"ခင်ဗျား ဘယ်လိုလုပ် သိသလဲဗျာ၊ အံ့ဩစရာပဲ"

"ဒီလိုပဲသိတာပေါ့ဗျာ၊ ကဲ ... ခင်ဗျားပြန်သွား၊ ခင်ဗျားထက် ရာထူးကြီးတဲ့ လူနှစ်ယောက်ကို ဒီထက်ပိုများတဲ့ ငွေတွေနဲ့ လွှတ်ပြီး ဆရာ့ကိုလာပင့်"

"ဟုတ် ... ဟုတ်ကဲ့"

ထိုလူသည် ငွေများကိုယူကာ လျှင်မြန်စွာ ပြန်ထွက်သွား၏။

ဆေးဆရာ ဟိုကျိုးကြင့်က ...

"မင်း ဒီလူဟာ ဓားပျံဂိုဏ်းကလူဆိုတာ ဘယ်လိုလုပ် သိသလဲ၊ မင်း ဒီလူကိုလည်း မြင်သိထားပုံ မရပါဘူး"

ထန်ဟန့်က ရယ်မောလိုက်၏။

"ငွေသား သုံးသောင်းတိတိနဲ့ ဆေးဆရာလာပင့်တဲ့လူဟာ သာမန်လူတစ်ယောက် ဘယ်ဟုတ်တော့မလဲဗျာ၊ နောက်ပြီး ပင့်ဖိတ်တဲ့ ဖိတ်စာကလည်း ပါလိုက်သေးတယ်၊ လူသာမန် တစ်ယောက်ဟာ ခင်ဗျားကိုပေးရင် ခလွှန်ခ သုံးထောင်ပဲ ပေးတော့မပေါ့"

ထန်ဟန့်က ဆက်ပြောသည်။

"ခင်ဗျား စဉ်းစားကြည့်လေ၊ သူဌေးဂိုဏ်းတစ်ခုရဲ့ ဂိုဏ်းချုပ်ဒါမှမဟုတ် ဂိုဏ်းအုပ်ဝဝလို လူစားမျိုးအတွက်သာ ဒီလောက်ငွေကိုကုသဖို့ ပေးနိုင်မယ် မဟုတ်လား၊ နောက် သတင်းတစ်ခုကြားထားတယ်ဗျ၊ ခေးပုံ့ဂိုဏ်းကျုပ်ဟာ ဒဏ်ရာအပြင်းအထန် ရထားတယ်ဆိုတဲ့ သတင်းပဲ"

ထန်ဟန့်က အရက်တစ်ခွက်ကို ကောက်ပြီး မော့လိုက်သည်။

"စောစောက လာပင့်တဲ့ လူကိုကြည့်၊ သိုင်းပညာတတ်တဲ့လူဆိုတာကို သိုင်းသမားတိုင်း သိနိုင်တယ်၊ ခေးပုံ့ဂိုဏ်းက တုံကျယ်ဖေးဟာ ဒဏ်ရာရပြီး သူ့ရဲ့ခေးပုံ့အိတ်ဟာလည်း ရန်သူ့လက်ထဲရောက်သွားပြီလို့ ပြောနေကြတယ်"

"မင်း 'တော်တော်သိတာပဲ၊ ငါကတော့ ဘာမှမသိဘူး"

"ခင်ဗျား ဘယ်သိမလဲ၊ ခင်ဗျားက သိုင်းလောကကို ရှောင်နေတဲ့လူပဲ"

"ငါ့ကို မလိုက်အောင် မင်း ဘာလို့ သူ့ကို ပြန်နိုင်းရတာလဲ"

"ဒါက ခင်ဗျားအတွက် စေတနာနဲ့ပါ"

"ငါနားမလည်ဘူး၊ နည်းနည်းလောက် ရှင်းပြပါလား"

"ခင်ဗျား တုံကျယ်ဖေးကို သွားကုလိုက်ရင် ခင်ဗျား ဘယ်



သူလဲဆိုတာ ပေါက်ကြားသွားမှာပေါ့၊ ခင်ဗျား ရွှန်းလုယိကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှိတယ်မဟုတ်လား၊ လူဆိုတာ ကျေးဇူးသိရတယ်ဗျ၊ ခင်ဗျားကို ကျုပ် တတ်နိုင်သလောက် အကာအကွယ်ပေးရမှာပေါ့"

ဟိုကျိုးကြင့်၏ မျက်နှာတွင် ကျေးဇူးတင်သော အရိပ်များပေါ်လာပါသည်။ သို့သော် ဟိုကျိုးကြင့်သည် ကျေးဇူးစကားကို ပါးစပ်မှ ထုတ်ဖော်ပြောဆိုတတ်သူ မဟုတ်ပါ။ ဟိုကျိုးကြင့်က ရှင်းပြသည်။

"အမှန်တော့ ငါဟာ ဆေးကုသရာမှာ တကယ် ထက်မြက်သူပါ၊ ငါ့ဆီ လူနာဆယ်ယောက်လာရင် ဆယ်ယောက်စလုံးကို ကုသနိုင်စွမ်း ရှိပါတယ်၊ ဒါပေမယ့် အသက်ကြီးလာတော့ အလုပ်သိပ်မလုပ်ချင်တော့ဘူး၊ ခိမ်ရှိရှိ အေးအေးဆေးဆေး နေချင်တော့တယ်"

ထန်ဟန့်က ...

"ကျုပ် ဟိုလူ့ကို ပြန်လွှတ်လိုက်တယ် မဟုတ်လား၊ မင်းထက်အဆင့်မြင့်တဲ့ လူနှစ်ယောက်ကို လွှတ်လိုက်လို့ ပြောလိုက်တယ်မဟုတ်လား၊ သူတို့နှစ်ယောက်နဲ့ ပြန်လာကြမှာပဲ၊ ငွေလည်း ပိုယူလာလိမ့်မယ်၊ သူ့ကို စော်ကားလိုက်တဲ့လူ ဘယ်သူလဲဆိုတာမေးထား"

"ဘာဖြစ်လို့ မေးထားရမှာလဲ"

"တုံကျယ်ဖေးတို့ သေစေချင်လို့ လုပ်လိုက်တာပဲ၊ ခင်ဗျားက တုံကျယ်ဖေးရဲ့ အသက်ကို ကုသပေးလိုက်တော့ အဲဒီလူက ဘယ် ကျေနပ်မလဲ၊ ခင်ဗျားကို တစ်စုံတစ်ခု အန္တရာယ်ပြုမှာပေါ့၊ ခင်ဗျား က ဒီလူ့ကို သိထားရင် ကြိုတင်ကာကွယ်နိုင်တာပေါ့"

"အေး ... မင်းပြောတာ ဟုတ်တယ်၊ သူတို့ ငါ့ကိုလာခေါ် ရင် လိုက်သွားရမှာလား"

"လိုက်သွားလိုက်ပါဗျာ၊ လူ့အသက်ဆိုတာ ကယ်ကောင်းပါ တယ်၊ ဒါနဲ့ ကျွန်တော့်လူ စွန်းလှယ်ရော ကောင်းသွားပြီ မဟုတ် လား"

"ကောင်းသွားပါပြီ၊ ငါ့အိမ်မှာ သုံးရက်လောက် နေလိုက်ပါဦး၊ သုံးရက်နေတော့ မင်းတို့ သွားချင်ရာ သွားပေါ့"

"ကောင်းပါပြီဗျာ"

ထန်ဟန့်နှင့် ဟိုကျိုးကြင့်သည် ဆက်လက်၍ စစ်တုရင် ယှဉ်ပြိုင်နေလေတော့သည်။

☆ ☆ ☆

## အခန်း(၁၈)

## နိုင်ငံတစ်ခု ထူထောင်ခြင်း

သိုင်းလောကတွင် နာမည်ကြီးသူဌေးသား ငါးယောက်ရှိပါ သည်။ ထိုငါးယောက်သည် တစ်ယောက်တစ်မျိုး နာမည်ကြီးကြပါ သည်၊

သိုင်းပညာ အကောင်းဆုံးသူ၊ ရုပ်အချောဆုံးသူ၊ ငွေကြေး အချမ်းသာဆုံးသူဟူ၍ တစ်ယောက်တစ်မျိုး နာမည်ကြီးကြပါသည်။

ထိုအထဲတွင် ဟို့ပင်သူဌေးသား မိန်ရန်သည် ငွေကြေးအချမ်း သာဆုံးဟု ကျော်ကြားပါသည်။

အကျော်ကြားဆုံး သူဌေးသားသည် ဝူမိန်ကျင့်မြို့ကလေးသို့ ရောက်ရောက်လာပါသည်။ သူသည် ဆိုက်ရောက်လာသည်နှင့် ဈေး အကြီးဆုံး တည်းခိုခန်းဆောင်တွင် တည်းခိုပါသည်။

"အကောင်းဆုံးအိပ်ရာ၊ အကောင်းဆုံး အစားအစာ စသည် စသည် အကောင်းဆုံးကိုမှ ခံစား စံစားပါတော့သည်။

သူ ထိုမြို့သို့ရောက်သည့်နေ့မှာပင် တည်းခိုဆောင်၌ ကြီးမား ခမ်းနားလှသော ညစာခံပွဲကြီးတစ်ခု ပြုလုပ်လေ၏။

အကောင်းဆုံး အခန်း၌ အစားအသောက်များကို ပြင်ဆင် ပေးထားသည်။

ဖိတ်ကြားသည့် ဧည့်သည်များမှာ လူစိမ်းများ မဟုတ်ပါ။ ရင်းနှီးပြီးသူများ ဖြစ်နေသည်။ သူနှင့်အတူ ကျော်ကြားသော သူဌေး သား လေးယောက်နှင့် ထန်ဟန့်တို့ ဖြစ်ကြပါသည်။

သူဌေးသား လေးယောက်တို့မှာ ကျုန်းကျုန်းကျွန်း၊ ရဲ့ယိယဲ့၊ ကောင်းလိန်ဖုန်းနှင့် စွန်းလှုယိတို့ ဖြစ်ကြပါသည်။

ဟို့ပင် သူဌေးသား သွားလေရာ တကောက်ကောက် လိုက်ပါ ရသူ အစေခံ ခုနစ်ယောက် ရှိသည်။ ခုနစ်ယောက်စလုံး နှစ်ဆယ့် သုံးနှစ်၊ နှစ်ဆယ့်လေးနှစ် အရွယ်များ ဖြစ်ကြသည်။

စာရေး၊ စာဖတ်၊ သီချင်း၊ ပန်းကျီ၊ သိုင်းပညာ စသည်တို့ကို တတ်မြောက် ကျွမ်းကျင်သော ကလေးများပင် ဖြစ်ကြသည်။

သူတို့သည် ဟို့ပင်သူဌေးသား သွားလေရာ အရိပ်လို



တကောက်ကောက် လိုက်နေကြသူများ ဖြစ်သည်။ သူဌေးသားအလို ရှိရာ ချက်ချင်း ဆောင်ကြဉ်းပေးကြသည်။

ယခု ဖိတ်ကြားထားသူ ငါးယောက်အနက် ကျုန်းကျုန်းကျွန်း သာ ရောက်ရှိပေသေးသည်။ ကျန်လေးယောက်ကို အရိပ်အယောင်မျှ ပင် မတွေ့ရသေးချေ။ ကျုန်းကျုန်းကျွန်းကတော့ သူ၏ ရုပ်ဆိုးလှ သော မျက်နှာကြီးကို ခပ်ပြုံးပြုံးလုပ်၍ ပထမဦးစွာ ရောက်ရှိနေလေ သည်။

ကျုန်းကျုန်းကျွန်းက ...

"ရဲ့ယိယဲ့နဲ့ ကောင်းလိန်ဖုန်းတို့ကတော့ တစ်နေ့က စန့်လန် ကြုံနဲ့ အပြင်းအထန် တိုက်ခိုက်ကြလို့ နားနေကြပြီနဲ့တူတယ်၊ သူတို့ ဒဏ်ရာမရရင် ကျိန်းသေလာကြမှာ၊ စွန်းလှုယိကတော့ ပျောက်နေ တယ်"

သူဌေးသား မိန်ရန်က ...

"ဒါဆို ထန်ဟန့်ကော ..."

ထိုစဉ် ...

"လာပြီ ... လာပြီ"

အော်သံကြားလိုက်ရ၏။

သူဌေးသား မိန်ရန်နှင့် ကျန်းကျန်းကျွန်းတို့က လှည့်ကြည့်ကြသည်။

ထန်ဟန့်သည် တည်းခိုဆောင်၏ ရှေ့တံခါးမှ အော်ဟစ်ရင်း ဝင်လာသည်။

"လာမှ လာပါ့မလားလို့ဗျာ၊ အခု ဖိတ်ထားတဲ့လူတွေ မလာကြဘူးဗျ"

"ကျုပ်ကတော့ လာပါတယ်ဗျာ"

"လာ... လာ... ကျွန်တော် ဝမ်းသာပါတယ်၊ ဖိတ်ထားလျက်နဲ့ မလာဘူးဆိုတာတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်တာပေါ့"

မိန်ရန်က လှိုက်လှဲရင်းနှီးစွာ ကြိုဆိုရင်း ထန်ဟန့်ကို နေရာပေးလေ၏။

ထန်ဟန့်သည် ဝင်ထိုင်ရင်း အရက်အိုးကို ကောက်ကိုင်လေသည်။

"ပေး... ပေး... ကျွန်တော် ငှဲ့ပေးမယ်"

မိန်ရန်သည် ပြောပြောဆိုဆို ခွက်သုံးခွက်အတွင်းသို့ အရက်ကို ငှဲ့ထည့်လေ၏။

ထို့နောက် ထန်ဟန့်နှင့် ကျန်းကျန်းကျွန်းရှေ့သို့ တစ်ခွက်စီ ကျပေးပြီး သူတစ်ခွက်ယူလေသည်။



အရက်တစ်အိုး ကုန်သော်လည်း ရဲ့ယိယဲ့၊ ကောင်းလိန်ဖုန်းနှင့် စွန်းလုယိတို့ မလာရောက်ကြတော့ပေ။

"သူတို့မလာလည်း ကျုပ်တို့ သောက်မယ်၊ ခင်ဗျား ဘာမှ မပူနဲ့"

ထန်ဟန့်က ပြောလိုက်၏။ ပြောသည့်အတိုင်း မနားတမ်း သောက်ကြလေရာ ညဉ့်နက်သောအခါ နှစ်ယောက်သား မူးလဲနေကြတော့သည်။

တည်းခိုဆောင် တစ်ခုလုံးသည် ငြိမ်သက်နေလေတော့သည်။

ထိုစဉ် တည်းခိုဆောင် ခေါင်မိုးပေါ်သို့ လူတစ်ယောက် ခုန်တက်လာလေသည်။ သူသည် ဝူချိုပွတ်ရိုလို တည်ရှိရာဘက်သို့ ခေါင်မိုးများပေါ်မှ ပြေးသွားလေသည်။

သူ၏ ကိုယ်ဖော့ပညာသည် အတော်ကလေး ကောင်းမွန်ကြောင်း တွေ့ရသည်။

မကြာမီ ထိုသူသည် ဝူချိုပွတ်ရိုလိုသို့ ရောက်ရှိသွားလေသည်။ အဆောက်အအုံထဲတွင် မီးလင်းနေသော အခန်းတစ်ခန်းကို တွေ့ရှိရ၏။

ထိုအခန်းသည် အရေးကြီးသော ပုဂ္ဂိုလ်၏ အခန်းဖြစ်၏။

သာမန်လူများ ဝင်ထွက်ခွင့်မရပေ။ ထိုအခန်းကား မည်သူ၏ အခန်းပေနည်း။

ထိုအခန်းသည် ပိုင်ရှင်သူဌေး ပိုင်တန်းထိန်း၏ စာဖတ်ခန်းပင်ဖြစ်သတည်း။ ပိုင်တန်းထိန်းသည် မီးရောင်အောက်တွင် စာဖတ်နေလေသည်။

အခန်းဝမှ ခြေသံကြားလိုက်ရသောအခါ ပိုင်တန်းထိန်းသည် ခေါင်းထောင်၍ နားစွင့်လိုက်သည်။

"ကျင်းရှင်းစေတမန်လား"

ပိုင်တန်းထိန် အသံပြုမေးလိုက်၏။

"ဟုတ်ကဲ့ ... ဘုရင့်လက်အောက်ခံ ကျင်းရှင်း နံပါတ် ခုနစ်ပါ"

အခန်းဝလူက ထိုသို့ ပြန်ဖြေလိုက်သည်။

ထိုအခါ အခန်းတံခါး ပွင့်သွားလေသည်။

ငွေရောင် အင်္ကျီ၊ ဘောင်းဘီ ဝတ်ဆင်ထားသော လူတစ်ယောက် အခန်းဝ၌ ရပ်နေကြောင်း တွေ့ရလေသည်။ ထိုလူသည် သူဌေးသား မိန်ရန်ပင်ဖြစ်သတည်း။

မိန်ရန်က အတွင်းသို့ လှမ်းဝင်သွားလေသည်။



မိန်ရန်က ပိုင်တန်းထိန်းကို အမတ်ကြီးဟုခေါ်ပြီး သူ့ကိုယ်သူကျတော့ ဘုရင့်လက်အောက်ခံ ကျင်ရှင်းနံပါတ် ခုနစ်စေတမန်ဟုခေါ်သည်။ သူတို့၏ ဘုရင်က မည်သူနည်း။

တကယ်တော့ သူတို့နှစ်ဦးသည် သိုင်းလောက၌ လျှို့ဝှက်စွာဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုတွင် ပါဝင်သူများ ဖြစ်ပါသည်။

ထိုအဖွဲ့အစည်းမှာ ကြီးကျယ်၏။ ဘုရင်ဆိုသည်မှာ နိုင်ငံတစ်ခု၏ အထွတ်အထိပ် ဖြစ်သည်။ တိုင်းပြည်တစ်ခု၏ ခေါင်းဆောင်ဖြစ်သည်။ သူတို့သည် သိုင်းလောကတွင် နိုင်ငံတစ်ခု ထူထောင်ပြီး သူတို့၏ ခေါင်းဆောင်ကို ဘုရင်ဟု သတ်မှတ်ခေါ်ဝေါ်နေကြခြင်း ဖြစ်ပေသည်။

သို့ရာတွင် ရာထူးအဆင့်ဆင့်ကို ဘုရင်၊ အမတ်ကြီး၊ စေတမန်၊ စစ်သူကြီး စသည်ဖြင့် ခေါ်ဝေါ်ကြသည်။

သူတို့အချင်းချင်း သတ်မှတ်ခေါ်ဝေါ်ကြခြင်း ဖြစ်၍ အခြားသူများ မည်သူမျှ မသိရှိကြပေ။ ထိုအဖွဲ့အစည်းမှာ သိုင်းလောကသားများက မသိရှိကြသေးသော်လည်း အတော်ကြီး နိုင်မာနေသောအဖွဲ့အစည်းဖြစ်ပေသည်။ ထိုအဖွဲ့အစည်းမှာ ထန်ဟာင်၏ ဆရာတော်က လျှို့ဝှက်စွာ စုံစမ်းခိုင်းထားသော အဖွဲ့အစည်းဖြစ်ပေသည်။

ထိုအဖွဲ့အစည်းတွင် ပိုင်တန်းထိန်းနှင့် မိန်ရန်တို့သည် တာဝန်အတော်ကြီးမားသော လူများဖြစ်ဟန်တူသည်။ ပိုင်တန်းထိန်းသည် အမတ်ကြီးရာထူးဖြစ်၍ ကျင်းရှင်းစေတမန် မိန်ရန်ထက် ရာထူးကြီးပုံရလေသည်။

ပိုင်တန်းထိန်းရှေ့ရှိ ထိုင်ခုံတွင် မိန်ရန်သည် ဝင်ထိုင်လိုက်သည်။

မိန်ရန်က ...

"လက်ဝဲရံ လက်ယာရံ စစ်သူကြီး နှစ်ယောက်ဆီကို သတင်းပို့ပြီးပြီလား"

"လာပြီးသွားပြီ၊ သူတို့ကို လက်အောက်ငယ်သားတွေနဲ့ အတူ ရှင်ချန်မြို့မှာ စောင့်ခိုင်းထားတယ်"

"မိကြိုးသိုင်းအဖွဲ့က လွှတ်လိုက်တဲ့ လူကော ဒီမြို့ကို ရောက်နေပြီလား"

"ဒါတော့ ရောက်မရောက် မသေချာသေးဘူး"

"ဒါနဲ့ မသင်္ကာစရာ ဖြစ်နေတဲ့ လူများ ရှိသေးသလား"

"ရှိတယ်၊ ထန်ဟန်နဲ့ ကျုန်းကျုန်းကျွန်းတို့ နှစ်ယောက်"

"သူတို့နှစ်ယောက်ဟာ ကျွန်တော်နဲ့ ရန်ဘက်ဖြစ်နေကြောင်း ရိပ်မိသေးသလား၊ ရိပ်စားမိရင် ဒီနှစ်ယောက်ကို ရှင်းပစ်လိုက်ပါ"



"ဒီနှစ်ယောက်က ပေါ့သေးသေးမဟုတ်ဘူး၊ ဒီနှစ်ယောက်ကို ရှင်းပစ်ဖို့ ဘုရင့်ရဲ့ အမိန့်ကို စောင့်စားနေရတယ်၊ ငါ အရမ်းမလုပ်ရဲဘူး"

ပိုင်တန်းထိန်းက ပြောလိုက်ခြင်းဖြစ်သည်။

မိန်ရန်က ...

"သတင်းတစ်ခုရတယ်၊ ထန်ဟန့်ရဲ့ သိုင်းပညာ လျှို့ဝှက်ချက်ကို သုံးသိန်းနဲ့ ဘယ်သူက ရောင်းတာလဲ"

"ရောင်းစားတဲ့လူက ထန်ဟန့်၊ ဝယ်တဲ့လူက ငါပဲ"

မိန်ရန်မှာ အံ့အားသင့်သွား၏။ ထို့နောက် ဆက်ပြီး မေးမြန်းလေသည်။

"ထန်ဟန့်ရဲ့ လျှို့ဝှက်သိုင်းပညာကော မှန်ရဲ့လား"

ပိုင်တန်းထိန်းက ချက်ချင်းပြောသည်။

"ငါကတော့ မှန်မယ်မထင်ပါဘူး"

အတန်ငယ် တိတ်ဆိတ်သွား၏။

ပိုင်တန်းထိန်းက ...

"လှဲကျင်းညီအစ်မသုံးဖော် ငှားလိုက်တဲ့ ကြေးစားလူသတ်သမား စန့်လန်ကြူ့ သူ့အောက်က ကျားလေးကောင်စလုံး သေကုန်ပြီ၊ အဲဒါကို သိလား"

"ဟင် … ဟုတ်လား၊ ဘယ်သူ့လက်ချက်လဲ"

"ငါ့အထင်တော့ ထန်ဟန့် လက်ချက်ပဲလို့ ယူဆတယ်"

သိုင်းလောက၌ နာမည်ကြီးနေသော နဂါးနှစ်ကောင်ဂိုဏ်းသည်လည်း ထိုအဖွဲ့အစည်း၏ လက်အောက်ခံ အဖွဲ့ဖြစ်ပေသည်။

ဤသည်ကို လက်အောက်ခံအဖွဲ့ဝင် သိုင်းသမားများပင် မသိကြပေ။ ယင်းဂိုဏ်းမှ ဂိုဏ်းချုပ်နှစ်ယောက်သည် ထိုအဖွဲ့အစည်း၏ စစ်သူကြီးနှစ်ဦး ရာထူးကို လက်ခံထားကြသည်။ စစ်သူကြီးရာထူးမှာ ပေါ့သေးသေး မဟုတ်ပါချေ။

ဂိုဏ်းချုပ်နှစ်ဦး၏ နာမည်မှာ ချုပ်နဂါး တုကျူးဆေနှင့် မီးနဂါး တုကျူးလျှပ်တို့ပင် ဖြစ်ကြသည်။

ထိုဂိုဏ်းချုပ်နှစ်ဦးသည် ယင်းအဖွဲ့အစည်းမှ ပေးသော တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်တတ်ကြသည်။ တကယ်တော့ ထိုအဖွဲ့အစည်းသည် တကယ်ပင် အင်အားကြီးသော အဖွဲ့အစည်း ဖြစ်ပေသည်။

ပိုင်တန်းထိန်းက …

"နောက် မသင်္ကာဖွယ်ကောင်းတဲ့ လူတစ်ယောက် ရှိသေးတယ်"



"ဘယ်သူလဲ"

"သူက လှံသမား ကျင်းမန်ထန်ပဲ"

"ဘယ်လို မသင်္ကာစရာအချက်တွေကို တွေ့ရလို့လဲ"

"သူကထိုင်ယွန်က မြင်းမွေးယူရေးလုပ်ငန်းနဲ့ အတော် ချမ်းသာကြွယ်ဝနေတယ်လို့ သိရတယ်၊ ဒီလူက ဒီမြို့မှာ အိပ်လိုက်၊ စားလိုက်၊ ဖဲရိုက်လိုက်နဲ့၊ နောက်ပြီး အပျော်မယ်ခေါ်ပြီး ပျော်ပါးလိုက်နဲ့ ဒါပဲလုပ်နေတယ်၊ ဘာတစ်ခုမှ အလုပ်လုပ်တာ မတွေ့ရဘူး၊ အဲဒါ မသင်္ကာစရာပေါ့၊ ဘာရည်ရွယ်ချက်နဲ့လာပြီး သူဖြုန်းနေတာလဲ မသိဘူး"

"အင်း … ဒါဆိုရင်တော့ မသင်္ကာစရာပဲပေါ့၊ ဒီလူရဲ့ အခြေအနေကို ဒီထက်ပိုသိအောင် စုံစမ်းဖို့လိုတယ်"

"အဲဒါကိုလည်း စုံစမ်းပါတယ်"

"အင်း … တစ်ခုတော့ရှိတယ်၊ သူ့ရဲ့ ကြီးမားတဲ့ မြင်းမွေးခြံနဲ့ သူ့ရဲ့ စည်းစိမ်ဥစ္စာကို သွားရည်ကျနေတဲ့ ကျွန်တော်တို့နဲ့ ဝန်ကြီးနှစ်ယောက်ရှိတယ်၊ အဲဒီလှံသမားကို အဲဒီဝန်ကြီး နှစ်ယောက်နဲ့ လွှတ်ပေးလိုက်ရင်တော့ ကိစ္စပြီးသွားမယ်နဲ့ တူတယ်"

"သူက တို့အဖွဲ့အစည်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာ သေချာလား"

"အခုထိတော့ ပတ်သက်တာ မတွေ့ရသေးဘူး"

"ဒါဆိုရင် ဝန်ကြီးနှစ်ယောက်ကို လွှတ်ပေးလိုက်ပေါ့"

ဤသို့ဖြင့် တစ်စတစ်စ မိုးလင်းလာချေပြီ။

☆ ☆ ☆

## အခန်း(၁၉)

## နဂါးနှစ်ကောင်အတွက် ရန်ငြိုး

သာယာလှပသည့် နံနက်ခင်း၊ သူတို့နှစ်ဦးသည် သမားတော်ကြီး ဟိုကျိုးကြင့်၏ နေအိမ်ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုသူနှစ်ယောက်မှာ ထန်ကြျရာထူးအဆင့်ရှိသူများ ဖြစ်သည်။

အဆင့်မြင့်ရာထူးရှိသူ နှစ်ယောက်ဖြစ်သည်။ ထိုသူနှစ်ယောက်သည် သမားတော်ကြီး ဟိုကျိုးကြင့်ကို လာရောက်ပင့်ဆောင်ကြခြင်းဖြစ်သည်။

နာမည်များမှာ ချောင်လူပိန်းနှင့် လျိုကဲပယန်တို့ ဖြစ်ကြသည်။

ထိုမြို့ကလေး၏ တောင်ဘက် အတန်ငယ်ဝေးသော တောင်ခြေတစ်လုံးအောက်ခြေတွင် တဲကလေးတစ်လုံး တည်ရှိလေသည်။

ထိုတဲကို သိရှိသူများက မုဆိုး ချိုင်အော့လူ၏ တဲဟု သိရှိကြသည်။

ထိုတဲထဲတွင် ဂိုဏ်းချုပ်ကြီး တစ်ယောက် လဲလျောင်းနေလေသည်။

ဂိုဏ်းချုပ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ထန်ကြူအဆင့်ရှိသူနှစ်ဦး စောင့်ရှောက်လျက်ရှိနေ၏။

ထိုသူများမှာ ဝန်းလျှံကိုနှင့် ချင်းချင်းယွန်တို့ ဖြစ်ကြလေသည်။

ဓားပျံဂိုဏ်းချုပ် တဲ့ကျယ်ဖေးမှာ အရပ် ခုနစ်ပေရှိသဖြင့် အလွန် မြင့်သည်ဟု ပြောရပေမည်။ သူသည် ယခုတော့ အိပ်ရာထဲ ရောက်နေပြီ။

သမားတော်ကြီး ဟိုကျိုးကြင့်သည် ဓားပျံဂိုဏ်းချုပ်ကြီး ခံစားနေရသော ရောဂါဝေဒနာကို စစ်ဆေးကြည့်ရှုလေသည်။

အိပ်ရာထဲ လှဲအိပ်နေသော ဂိုဏ်းချုပ်မှာ ပိန်ချုံးနေသည်။ ကြေကွဲဝမ်းနည်းစရာပင်။

ဟိုကျိုးကြင့် သိလိုက်ပြီ။ ဂိုဏ်းချုပ်ကြီးသည် နဂါးနှစ်ကောင်ဂိုဏ်း၏ တိုက်ခိုက်မှုကို ခံလိုက်ရခြင်းဖြစ်လေသည်။

တိတိကျကျဆိုရသော် နဂါးနှစ်ကောင်ဂိုဏ်းမှ ဂိုဏ်းချုပ်တစ်ဦးဖြစ်သော ချပ်လုံတုကူးဝေ၏ အဆိပ်သဲဖြင့် ပစ်ခတ်ခံရခြင်း ဖြစ်လေသည်။



ထိုအချက်ကို ဟိုကျိုးကြင့် သိရှိလေသည်။ သူသည် နဂါးနှစ်ကောင်ဂိုဏ်း၏ ပညာများနှင့် လက်နက်များကို သိရှိသည် မဟုတ်ပါလား။

ထိုအဆိပ်သဲဖြင့် ပစ်ခတ်ခံရသူသည် သဲထိသော နေရာတွင် အနာဖြစ်ကာ သွေးနှင့်ပြည်များ အဆက်မပြတ် စီးကျတော့သည်။

တဖြည်းဖြည်း အသားများကို စားကာ အရိုးသို့တိုင်လေသည်။ အရိုးကို စားသောအခါ ထိုလူနာသည် သေဆုံးခြင်းသို့ ရောက်ရလေတော့၏။

ဒဏ်ရာပြင်းထန်ပုံကို ကြည့်ပြီး ဟိုကျိုးကြင့် သက်ပြင်းချမိလေသည်။

"အင်း ... ဒဏ်ရာကတော့ အတော့်ကို ကြီးမားပြင်းထန်တာပဲ"

ချင်ချင်းယွန်က ...

"ကယ်ပါ ဆရာ၊ အားကိုးပါတယ်"

ဟိုကျိုးကြင့်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"အင်း ... ကျုပ်လိုက်လာမှတော့ ကယ်ရတော့မှာပေါ့ဗျာ"

ဝန်းလျှံကိုနှင့် ချင်ချင်းယွန်တို့ အားတက်သွားကြသည်။

ချောင်လှုပိန်းနှင့် လျှိုကဲယန်တို့မှာလည်း မျက်နှာများ ဝင်းပသွားကြသည်။

သူတို့မှာ ဝိုက်းချုပ်ကြီး ရောဂါအတွက် ကုရာနတ္ထိ ဆေးမရှိ ဖြစ်ခဲ့ကြရသည် မဟုတ်ပါလား။

ဟိုကျိုးကြင့်က ...

"ခင်ဗျားတို့ ဝိုက်းချုပ်ကြီးရဲ့ ဒဏ်ရာကို ဒီထက်မဆိုးရွားရအောင် အင်မတန် တန်ဖိုးကြီးတဲ့ ဆေးဝါးတွေနဲ့ ရောဂါကို တားထားရမယ်၊ ဒဏ်ရာက အသားကို အတော်လှိုက်စားနေပြီ၊ အင်း ... အခု ခင်ဗျားတို့ဝိုက်းက ဒီရောဂါအတွက် ငွေတွေ ဘယ်လောက်ကုန်ခဲ့ပြီလဲ"

"ဟုတ်ကဲ့ဆရာ ... ကျွန်တော်တို့မှာ ငွေအတော်ကုန်ခဲ့ပါပြီ၊ ငွေကုန်လူပန်း ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ် ဆရာ၊ ကျွန်တော်တို့ ဘယ်လောက် ငွေကုန်ခဲ့ပြီလဲဆိုရင် ကျွန်တော်တို့ ဌာနခွဲ သုံးဆယ်ရှိတာ၊ အခု နှစ်ဆယ့်ငါးခု ရောင်းစားလိုက်ရပါပြီ ခင်ဗျာ"

ဟိုကျိုးကြင့်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်သလား"

ချင်ချင်းယိန်က ...



"အမှန်ပါ ဆရာ၊ ဆရာ့ကို ဘာညာစရာရှိမှာလဲ"

"အေး ... ကျုပ်ကိုတွေ့တာ ခင်ဗျားတို့ ကံကောင်းတယ်၊ ခင်ဗျားတို့ဝိုက်းချုပ် အသက်ရှင်ပြီလို့သာ အောက်မေ့ပေတော့၊ ကျုပ်က ကုသခယူတဲ့နေရာမှာ ရက်ရက်စက်စက် ယူတတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ ဝိုက်းချုပ်ကို ကုသခ အတော်အသင့်ယူပြီး ကျုပ်ကုသပေးမယ်"

"ဟုတ်ကဲ့ ... အများကြီး ကျေးဇူးတင်ပါတယ် ဆရာ"

ချင်ချင်းယွန်က ပြောလိုက်လေသည်။

☆ ☆ ☆

တည်းခိုခန်းတွင် အရက်မူးနေသော ထန်ဟန့်နှင့် ကျန်းကျုန်းကျွန်းတို့မှာ လဲကျနေကြ၏။ သူတို့ကို တွေ့ရှိသော မည်သူမဆို အရက်မူးပြီး လဲကျနေသည်ဟုသာ ထင်မြင်ကြပေမည်။ ထန်ဟန့်သည်ကား လုံးဝမမူးပေ။ မူးချင်ဟန်ဆောင်နေခြင်း ဖြစ်သည်။

သူတို့သည် အရက်များကို အလွန်အကျွံ သောက်နေကြသဖြင့် ဤသို့ မူးလဲကျရမည်ဟုသာ ညှဉ့်ငွေးသားမိန်ရန်က ယုံကြည်လေ၏။

သူက လဲကျနေသော ထန်ဟန့်နှင့် ကျန်းကျုန်းကျွန်းကို လာကြည့်သေးသည်။

မနိုးသောအခါ ကျေနပ်သော အပြုံးကိုပြုံးလိုက်သည်။

သူဌေးသား မိန်ရန်သည် ခေါင်မိုးပေါ် ခုန်တက်လျက် ငှချို
ပွတ်ရှိလို အဆောက်အအုံဆီသို့ ထွက်ခွာသွားလေတော့သည်။

ထန်ဟန့်သည် သူဌေးသားမိန်ရန် လာစမ်းသောအခါ စိတ်ထဲ
မှ ပြုံးမိလေသည်။

သူဌေးသား ထွက်ခွာသွားသောအခါ၌လည်း မှောင်ထဲမှ အစ
အဆုံး ကြည့်နေမိသည်။

မိန်ရန်က ရှေ့မှထွက်ခွာသွားပြီး မကြာမီ ထန်ဟန့်လည်း
နောက်မှ လိုက်ပါသွားတော့၏။

မြို့ပြင်တောစပ်တွင် တဲအိမ်တစ်လုံး ရှိသည်။ ထိုအိမ်တွင်
နေထိုင်သောသူမှာ ဖန်းအဘိုးအိုဖြစ်၏။ ဖန်းအဘိုးအိုသည် ထိုင်ပြီး
စဉ်းစားနေသည်။

သူ့ဘေးရှိ ခုတင်တစ်လုံးပေါ်တွင် စွန်းလုယိ အိပ်နေ၏။
ခုတင်ဘေးခုံပေါ်တွင် ဆေးများနှင့် ဆေးအိုးတစ်လုံးရှိ၏။ စွန်းလုယိ
သည် ကျန်းမာပြီး ဘေးအန္တရာယ် မရှိတော့ပေ။ သူသည် မျက်နှာ
ကြက်ကို ကြည့်နေသည်။

ဖန်းအဘိုးအိုက ...



"ထန်ဟန့်လည်း ငါ့အစ်ကိုတွေ သေတဲ့အကြောင်းကို ပြောခဲ့
တယ်၊ ဟုတ်တယ် ... မင်းပြောတာမှန်တယ်"

စွန်းလုယိက ဝမ်းသာအားရပြောသည်။

"ဦးလေး သဘောပေါက်တယ်ဆိုရင် ကျွန်တော် ဝမ်းသာပါ
တယ်ဗျာ"

"ဟုတ်တယ်ကွ၊ ငါ့အစ်ကိုကြီးတွေ သေတုန်းက သူတို့
အလောင်းရဲ့ ဒဏ်ရာတွေကို ငါစစ်ဆေးကြည့်သေးတယ်၊ ဓားဒဏ်ရာ
တော့ မဟုတ်ဘူးကွ၊ အဲဒီတုန်းက ငါ သံသယတော့ အရှိသား"

"အမှန်တော့ ဓားပျံဂိုဏ်းချုပ် တုံကျယ်ဖေးနဲ့ ကြူလုံကျန်ခ
တို့ နှစ်ယောက်မှာ သေးငယ်တဲ့ ရန်ငြိုးရှိကြပါတယ်၊ ဒါပေမယ့်
သေတဲ့အထိ ရန်ငြိုးမထားကြပါဘူး၊ နောက်တစ်ခု စဉ်းစားစရာ
ရှိပါသေးတယ် ဦးလေး"

"ဆိုစမ်းပါဦးကွာ"

"ဟို ... လူသတ်မှုမှာ သေတဲ့လူတွေရဲ့ အလောင်းတွေထဲမှာ
လက်နက်ပုန်းဒဏ်ရာနဲ့ သေတဲ့လူကများတယ်၊ ဒီလက်နက်ပုန်းတွေ
ဟာ ဘယ်သူတွေရဲ့ လက်နက်ပုန်းတွေလဲလို့ ဆန်းစစ်ကြည့်လိုက်
တော့ နဂါးနှစ်ကောင်ဖြစ်တဲ့ တုကူးဝေးနဲ့ တုကူးလျှပ်တို့ကိုင်တဲ့
လက်နက်ပုန်းတွေ ဖြစ်နေတယ်ဗျာ"

"ဒါပေမယ့် ငါတို့ အစ်ကိုကြီးဟာ ဒီနဂါးတွေနဲ့ ရန်ငြိုးမ မရှိတာ"

"ဦးလေး အစ်ကိုကြီးရဲ့ နာမည်ကိုက ကြူလုံကျန်စ ဖြစ်နေ တယ် မဟုတ်လား၊ ကြူလုံကျန်စဆိုတာက နဂါးကိုနိုင်တဲ့လူလို့ သဘောရတယ် ခင်ဗျ၊ ဦးလေးလည်း ဒါကိုသိမှာပါ၊ ကျွန်တော့်စိတ် ထင်တော့ အဲဒီနာမည်ကြောင့် ပြဿနာရှာတာပဲလို့ ထင်တယ်"

"အေးလေ ... အဲဒါလည်း ဖြစ်နိုင်တာပဲ"

"နောက် သတင်းတစ်ခုကို ဦးလေး ကြားပြီးပြီလား"

"ဘာသတင်းလဲကွ"

"ဓားပျံဂိုဏ်းချုပ် တုံကျယ်ဖေး ဒဏ်ရာရတယ်ဆိုတဲ့ သတင်း လေ"

"ကြားတော့ ကြားတယ်၊ သေသေချာချာတော့ မသိသေးဘူး"

"အခု တုံကျယ်ဖေးဟာ အဆိပ်သဲနဲ့ အပက်ခံရတယ်လို့ သတင်းကြားတယ်၊ အခု ရောဂါ အပြင်းအထန် ခံစားနေရတယ် လို့လည်း သိရတယ်၊ ကဲ ... ဟုံကျယ်ဖေးနဲ့ နဂါးနှစ်ကောင်နဲ့ ဘာ ရန်ငြိုးရှိလို့လည်း စဉ်းစားကြည့်ပါဦး ဦးလေး"

ဖန်းအဘိုးအိုသည် သူ့အစ်ကိုကြီး သေရသည့်ကိစ္စကို ပြတ်



ပြတ်ထင်ထင် မြင်လာလေတော့၏။ သူသည် နဂါးနှစ်ကောင်ကို အကြီးအကျယ် ဒေါသထွက်လာတော့သည်။

"အေး ... ဒီနှစ်ကောင်ကို တွေ့ရင် ငါသေချင်သေပါစေ၊ ငါ အသေတိုက်မယ်၊ ဟော့ ... ဒီနှစ်ကောင်ကိုတွေ့ရင် ငါ့အတွက် ချန် ထား သိလား"

"ဦးလေး ဒေါသထွက်နေသလို တခြားလူတွေကလည်း နဂါး နှစ်ကောင်ဂိုဏ်းကို ဒေါသထွက်နေကြတာပဲ၊ ဥပမာ ဓားပျံဂိုဏ်း ဆိုပါတော့၊ သူတို့ဂိုဏ်းချုပ်ကြီး အဆိပ်သဲနဲ့ အပက်ခံရလို့ ဒေါသ အကြီးအကျယ်ထွက်နေကြတယ်၊ အခု သူတို့ဂိုဏ်းချုပ်ကြီးရဲ့ ဒဏ်ရာ ကို ကုသနေရလို့ လက်စားချေဖို့ ကိစ္စကို လုံးဝလှည့်မကြည့်နိုင်သေး ဘူး၊ သူတို့ဂိုဏ်းချုပ်ကြီးကို ကုသပြီးရင်တော့ ဒီပွဲက ပွဲကြီးပွဲကောင်း ပဲ"

"ဒါပေမယ့် ဒီကောင်တွေ ခံနေရပါပြီကွာ"

"ဘယ်မှာခံနေရလို့လဲ"

"စန့်လန်ကြူဟာ နဂါးနှစ်ကောင်ဂိုဏ်းက မဟုတ်လား၊ ကျား လေးကောင်ကလည်း နဂါးနှစ်ကောင်ဂိုဏ်းကပဲ မဟုတ်လား၊ အခု ဒီကောင်တွေ သေပြီကွ"

စွန့်လှယ်ဒီသည် ကျားလေးကောင် သတ်ပွဲ၌ သူကိုယ်တိုင် သေလုမျောပါး ခံလိုက်ရသည့်အဖြစ်ကို သတိရပြီး ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်မိတော့၏။

☆ ☆ ☆

## အခန်း(၂၀)

## ကလဲ့စား

မြို့ကလေးတွင် တစ်ခုတည်းသော ဘုံကျောင်းရှိကြောင်း ပြောခဲ့ပြီးလေပြီ။ ထိုဘုံကျောင်းရှေ့ရှိ မလှမ်းမကမ်းတွင် လျှုဖော့သည် အရက်ကိုရောင်းနေလေ၏။

လျှုဖော့ အရက်ရောင်းချသည့် နေရာသို့ လူနှစ်ယောက် ရောက်ရှိလာသည်။

ထိုလူနှစ်ယောက်သည် လျှုဖော့ရောင်းသည့် အရက်ကို တစ်မွက်ပြီးတစ်ခွက် သောက်နေလေ၏။ မကြာမီ ဘုံကျောင်းရှေ့၌ လူသူ ကင်းရှင်းသွား၏။

ထိုလူနှစ်ယောက်အနက် တစ်ဦးက လျှုဖော့ကို စတင် စကားပြောသည်။

"လျှုဖော့ ... မင်း ငါတို့ကို သိလား"

"လျှုဖော့က ခေါင်းယမ်းသည်။

"ကျွန်တော် သိတဲ့လူ များပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သူများ စကားပြောတိုင်း လိုက်ငြင်းနေတဲ့ လူကိုး၊ ဒါပေမယ့် ခင်ဗျားတို့ကိုတော့ မသိဘူးဗျ"

"ဒါဖြင့် မသိရင် မှတ်ထား၊ ငါ့နာမည်က လိုဆဲစန်းတဲ့၊ သူ့နာမည်က တုံတာစွမ်းလို့ ခေါ်တယ်"

"အင်း ... မှတ်ထားပါ့မယ်"

"မင်းကို မေးစရာရှိတယ်၊ မေးလည်း အလကားမမေးပါဘူး၊ မင်းကို ငွေပေးပါ့မယ်၊ ဘယ်လောက်လိုချင်တယ်ဆိုတာ ပြော၊ ဒါပေမယ့် မင်းအနေနဲ့ ငါတို့မေးတာကို မှန်မှန်ပြောရမယ်၊ ငါတို့က အမည်းမေးရင် မင်းက အဖြူလို့ မဖြေနဲ့၊ ပေါက်ကရ မဖြေနဲ့ ကြားလား"

"ဟုတ်ကဲ့ ... ကျွန်တော့်ကို ငွေတစ်ရာတိတိ ပေး၊ ကျွန်တော် သိသမျှ ပြောပြပါ့မယ်"

"ငွေသား တစ်ရာ ဟုတ်လား"

"များတယ်ထင်လို့လား"



"မထင်ပါဘူး၊ ရော ... တစ်ရာ၊ အခု ငါတို့ သိချင်တာက ယီစုသူဌေးသား ရဲ့ယီယဲ့နဲ့ သူညီဝမ်းကွဲ ကောင်းလိန်ဖုန်းတို့ ဘယ်မှာရှိသလဲ၊ အဲဒါကို ပြောစမ်း"

"ဪ ... ဒီသတင်းလား၊ သူတို့ရှိတဲ့နေရာကို ကျွန်တော် သိပါတယ်ဗျ"

"သိရင် ငါတို့ကို လိုက်ပြ"

"သူတို့ဟာ မြို့ပြင်တောစပ်တစ်နေရာမှာ ဒဏ်ရာကို ဆေးကုနေကြတယ်ဗျ၊ ကျွန်တော် အထမ်းတွေ သိမ်းလိုက်ဦးမယ်၊ သိမ်းပြီးရင် လိုက်ပို့ပေးပါ့မယ်"

"အေး ... ကောင်းတယ်၊ မြန်မြန်လုပ်"

မကြာမီ လျှုဖော့နှင့် ထိုလူနှစ်ယောက်တို့သည် တောစပ်သို့ ရောက်လာတော့သည်။ သူတို့သည် မြက်ခင်းပေါ်၌ နေပူစာ လှုံနေကြသည့် ရဲ့ယီယဲ့နှင့် ကောင်းလိန်ဖုန်းတို့ကို တွေ့ရှိကြရသည်။

ကောင်းလိန်ဖုန်းမှာ ဒဏ်ရာ မပျောက်သေး၍ မျက်နှာဖြူဖပ် ဖြူလျော် ဖြစ်နေသေးသည်။

"ကဲ ... ခင်ဗျားတို့ သူတို့နှစ်ယောက်ကို တွေ့ပြီမဟုတ်လား၊ ကျွန်တော့် အလုပ်ပြီးပြီ၊ ပြန်တော့မယ်"

လျှုဖောက ပြောလိုက်သည်။

ထိုအခါ လို့ဆဲစန်းက ...

"ဟောကောင် နေဦး၊ ငါတို့ကို ခဏစောင့်စမ်း"

လို့ဆဲစန်းနှင့် တုံတာစွမ်းတို့သည် နဂါးညီနောင်ဂိုဏ်းမှ သက်တော်စောင့်များ ဖြစ်ကြသည်။

ရဲ့ယိယဲ့နှင့် ကောင်းလိန်ဖုန်းတို့ နှစ်ယောက်ကြောင့် သူတို့၏ သက်တော်စောင့် ခေါင်းဆောင် စန့်လန်ကြူ သေဆုံးသွားရသည် မဟုတ်ပါလား။

သူတို့သည် ရဲ့ယိယဲ့နှင့် ကောင်းလိန်ဖုန်းတို့ကို ကလဲ့စားချေရန် လာရောက်ကြခြင်း ဖြစ်သည်။

လို့ဆဲစန်းသည် ရန်သူကိုတွေ့သောအခါ တွေတွေထူးထူး စကားပြောမနေတော့ဘဲ သူ၏ သံမဏိကျားလက်ကို ဆွဲထုတ်လိုက်လေ၏။

ကြောက်စရာ လက်နက်တစ်မျိုးဖြစ်သည်။ အသွားများ ချွန်တက်နေပြီး ဆွဲကုတ်လိုက်လျှင် အသားများ အမြှောင်းလိုက် ပွဲပါသွားနိုင်သည်။

ရဲ့ယိယဲ့သည် လို့ဆဲစန်းနှင့် တိုက်ခိုက်လေ၏။



တုံတာစွမ်းသည်လည်း မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည့် ကောင်းလိန်ဖုန်းကို တိုက်ခိုက်သည်။ နဂါးနှစ်ကောင်ဂိုဏ်းမှ သက်တော်စောင့် နှစ်ဦး ထပ်မံရောက်ရှိလာတော့သည်။

ရဲ့ယိယဲ့နှင့် ကောင်းလိန်ဖုန်းတို့သည် ရန်သူနှစ်ဦးကို အကြိတ်အနယ် ခုခံလိုက်ကြ၏။

နောက်မှရောက်ရှိလာသည့် သက်တော်စောင့် နှစ်ဦးသည် မိမိတို့လူများက ရန်သူကို ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်နေသည်ကို မြင်သောအခါ သူတို့ ရပ်ကြည့်နေနိုင်စွမ်း မရှိတော့ပေ။

သူတို့၏ လူများကို ဝင်ကူရန် ဟန်ပြင်လိုက်ကြလေတော့သည်။

ထိုအခါ လျှုဖောက လှမ်းတားလိုက်သည်။

"နေကြပါဦး သူငယ်ချင်းတို့"

သက်တော်စောင့် နှစ်ဦး ရပ်တန့်သွားကြသည်။

"မင်းက ဘာဖြစ်လို့ တားတာလဲ"

"နှစ်ယောက် နှစ်ယောက်ချင်းတိုက်တာ တရားမျှတပါတယ်၊ လေးယောက်နဲ့ နှစ်ယောက် တိုက်တာကတော့ မမျှတပါဘူး၊ ဒါကြောင့် တားတာပါ"

"မင်း တော်တော်လျှာရှည်တဲ့ ကောင်၊ မင်းကိုပါ ရှင်းပစ်ရမှာ ကွ"

သက်တော်စောင့်နှစ်ဦးသည် လျှုဖော့ကိုတိုက်ရန် ဟန်ပြင်လိုက်သည်။

"မင်းတို့က ငါ့ကို တိုက်မလို့လား၊ မတိုက်ခင် ငါ့ထမ်းပိုးကို မြည်းကြည့်ပါဦး"

လျှုဖော့က အလစ်တွင် ထမ်းပိုးဖြင့် ရိုက်လိုက်ရာ သက်တော်စောင့် တစ်ဦး၏ ခြေလုံးကို ရိုက်မိပြီး မြေပေါ်လဲကျသွားတော့၏။

ကျန်တစ်ဦးသည် ဒေါသ အမျက်ခြောင်းခြောင်း ထွက်သွားသည်။ သူသည် လေထဲသို့ ခုန်တက်လိုက်ပြီး လျှုဖော့ကို ကန်လိုက်သည်။

သို့သော် လျှုဖော့က ပို၍ လက်မြန်သည်။ သက်တော်စောင့်၏ ကန်ချက်ကို ရှောင်တိမ်းလိုက်ပြီး ခြေသလုံးကို ထမ်းပိုးဖြင့် ရိုက်ချလိုက်သည်။

"ဗိုး ..."

"ဖြောင်း"



"အား ..."

သက်တော်စောင့် နှစ်ဦးမှာ ကံတူအကျိုးပေးတူမျှသွားကြလေပြီ။ နှစ်ဦးစလုံး ခြေသလုံးများ သွင်သွင်ကျိုးကြလေပြီ။

တစ်ဖက်၌ အကြိတ်အနယ် တိုက်နေသော လို့ဆဲစန်းသည် အားခနဲ အော်သံကြောင့် လှည့်ကြည့်မိ၏။ သူ့အဖော်နှစ်ဦး၏ အဖြစ်ဆိုးကို မြင်လိုက်ရသောအခါ ဒေါသထွက်သွားတော့သည်။ သူ့စိတ်အာရုံ ပျက်ပြားသွားလေပြီ။ အစားမတော် တစ်လုပ်၊ အသွားမတော် တစ်လှမ်းဟု ဆိုရိုးစကားရှိသည်။

သိုင်းပညာ ယှဉ်ပြိုင်ရာ၌လည်း သတိတစ်ချက်က အဓိကထားသည်။

သတိတစ်ချက် လစ်သည်နှင့် အသက်ဆုံးရှုံးရတတ်သည်ကို လို့ဆဲစန်း သတိမပြုမိခဲ့ပေ။

ရဲ့ယီယဲ့၏ ကျားခွတ်သည် လျှပ်တစ်ပြက်ပင် လို့ဆဲစန်း၏ လည်ပင်းကို ရစ်ပတ်သွားသည်။ သူသည် ကျားခွတ်ကို ဖြေရန် အားထုတ်သော်လည်း မရပေ။ ရဲ့ယီယဲ့သည် အတွင်းအားထုတ်၍ ဆောင့်ဆွဲလိုက်ရာ လို့ဆဲစန်းမှာ လဲကျသေဆုံးသွားရလေသည်။

တုံဘာစွမ်း သွေးသေချောက်ချားသွားလေပြီ။

သူ့လှသုံးယောက် ကျရှုံးကုန်ပြီကို သူ တွေ့လိုက်ရသောအခါ လှည့်ပြေးရန် ကြိုးစားလေတော့သည်။

သို့သော် သူ မပြေးနိုင်ပါ။ ကောင်းလိန်ဖုန်း၏ လက်နက်ပုန်းသည် သူ၏နောက်ကျောတွင် စိုက်ဝင်သွားသည်။ ဤတွင် တိုက်ပွဲပြီးဆုံးသွားလေ၏။

လျူဖော့သည် ရဲ့ယီယဲ့နှင့် ကောင်းလိန်ဖုန်းတို့ကိုပင် မစောင့်တော့ဘဲ သူ့ထမ်းပိုးကလေးကို ထမ်း၍ တက်သုတ်နှင်လေတော့၏။ ရဲ့ယီယဲ့သည် သူ့အား လှမ်းခေါ်သော်လည်း လျူဖော့ လှည့်မကြည့်တော့ချေ။

လျူဖော့၏ အိမ်သည် မြို့အစွန်ရှိ တာ့ဟွတ်ကြိုင် အောက်တန်းစား တည်းခိုဆောင်၏ နောက်ဘက်ကြောတွင် တည်ရှိလေ၏။ ဆင်းရဲသား လူတန်းစားများ နေထိုင်ရာရပ်ကွက်ဖြစ်သည်။

သူ၏အိမ်သည်လည်း မသားနားချေ။ ဆင်းရဲသားများ၏ အိမ် အတိုင်း စုတ်ပြတ်နေလေသည်။

လျူဖော့သည် အိမ်အတွင်းသို့ လှမ်းဝင်လိုက်၏။

ထိုအခါ လျူဖော့တစ်ယောက်သည် အိမ်ထဲမှထွက်လာလေ၏။ လျူဖော့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး တဟားဟားနှင့် ရယ်ကြတော့သည်။



“ဘယ်လိုလဲ … အရက်ထမ်းရောင်းရတဲ့ အရသာကို ခင်ဗျား သိပြီမဟုတ်လား”

အပြင်မှလာသော လျူဖော့က …

“မဆိုးဘူး၊ အရက်ရောင်းရတာ မြတ်သားပဲ၊ ငွေသားတစ်ရာ တိတိ ရခဲ့တယ်ကွ”

“ဘာ … ငွေတစ်ရာရခဲ့တယ်”

“ဒီလိုကွ …”

အပြင်မှ ပြန်ရောက်လာသော လျူဖော့က နဂါးနှစ်ကောင် ဂိုဏ်းသား နှစ်ယောက် ရောက်လာပုံမှစ၍ ရဲ့ယီယဲ့တို့နှင့် တိုက်ပွဲဖြစ်ပုံကို ပြန်လှန်ပြောပြလိုက်သည်။

တိုက်ပွဲမှပြန်လာသော လျူဖော့မှာ အခြားသူမဟုတ်၊ ထန်ဟာန့် ဖြစ်လေသည်။

လျူဖော့အစစ်မှာ အိမ်တွင်းအောင်းနေရသည်။ သို့မှသာ ထန်ဟာန့် လှုပ်ရှားနိုင်မည်မဟုတ်ပါလား။

လျူဖော့အစစ်မှာလည်း သိုင်းပညာတတ်သည်။ တတ်သမှ အဆင့်မြင့်မြင့် ကိုတတ်သည်။ သူသည် နာမည်ကြီး သိုင်းသမားတစ်ဦး ဖြစ်၏။ ဤမြို့တွင် လာရောက် ခါတ်မြုပ်နေသူတစ်ဦးဖြစ်နေပေသည်။

လျှုဖော့သည် ကျန်းလွှေဂိုဏ်းချုပ် ကျန်းဝေ၏ တပည့်ဖြစ်၏။ ကျန်းဝေ၏ တစ်ဦးတည်းသော သမီးနှင့် ချစ်ကြိုက်ခဲ့သည်။ သူ့ဆရာသမားက သူ့သမီးနှင့်ပေးစားရန် သဘောမတူခဲ့ချေ။

ထို့ကြောင့် သူသည် ကျန်းဝေ၏ သမီးကို ခိုးပြေးခဲ့ပြီး ဤမြို့တွင် ခိုတ်မြုပ်နေထိုင်ခဲခြင်း ဖြစ်ပေသည်။

ကျန်းလွှေဂိုဏ်းသည် သိုင်းလောက၌ အတင့်အသင့် နာမည်ရှိ၏။ သူတို့ လိုက်သတ်လျှင် ကျူပင်ခုတ် ကျူငုပ်မကျန် သတ်တတ်သည်။

ကျန်းဝေ၏ သမီးကိစ္စ ပေါ်လာသောအခါ မည်သို့ အရေးယူမည်နည်းဟု ကျူဖော့စိတ်တထင့်ထင့်နှင့် စောင့်စားနားထောင်ခဲ့သည်။

သမီးကိစ္စဖြစ်နေ၍လားမသိ။ ကျင်းဝေ၏ အရေးယူသံကို လျှုဖော့ မကြားရပေ။ သို့သော် လျှုဖော့သည် ပေါ်ပေါ်ထင်ထင် မနေရဲပေ။

နာမည်ပြောင်းပြီး ဤမြို့ကလေးတွင် ဆင်းဆင်းရဲရဲ ခိုတ်မြုပ်နေထိုင်ခဲ့ရပေသည်။ လျှုဖော့ဆိုသည်မှာ ဤမြို့သို့ ရောက်မှ သူပြောင်းလဲလိုက်သော နာမည်ဖြစ်သည်။ သူသည် ကျန်းဝေ၏ သတင်းကိုလည်း စုံစမ်းချင်သဖြင့် အရက်ကိုထမ်း၍ လှည့်လည်ရောင်းချရပေသည်။ လှည့်လည်ရောင်းချရင်း သတင်းကို နားစွင့်ရ သည်။



"ကဲ ... ရော့ မင်းအတွက် ငွေတစ်ရာ ယူပေတော့၊ မင်း အရက်ရောင်းရတဲ့ ဝင်ငွေ"

ထန်ဟာန့်က ငွေတစ်ရာကို လျှုဖော့အား ပေးလိုက်သည်။

လျှုဖော့ကလည်း ဝမ်းသာအားရ ယူသည်။

"အင်း ... ငွေတစ်ရာဆိုတာ နည်းတာမဟုတ်ဘူး၊ လေးငါးရက် ထိုင်စားလို့ရတယ်၊ ခင်ဗျား လိုချင်ရင်လည်း ယူသွားဦးလေ"

ထန်ဟာန့်က ...

"ငါမှာရှိပါတယ်၊ မင်းကိုငါ တစ်ခုပြောချင်တယ်၊ ငါ့မှာ ငွေတွေ ရှိပါတယ်၊ အဲဒါ မင်း ..."

လျှုဖော့က လက်ကာလေ၏။

"မလိုချင်ပါဘူးဗျာ၊ အခုလိုနေမှ ကျွန်တော်တို့ဘဝ လုံခြုံလို့ပါ၊ စားစားသွားသွား ပပလွှားလွှားနေရင် ကျွန်တော်တို့ သတင်းပေါက်ကြားသွားမှာပေါ့၊ နေပါစေဗျာ ... ခင်ဗျား စေတနာကို ကျေးဇူးတင်ပါတယ်"

ထန်ဟာန့်သည် ခေါင်းယမ်းနေမိတော့သည်။

☆ ☆ ☆

ဟိုပင်သူဌေးသား မိန်ရန်သည် အခမ်းနားဆုံးသော စားပွဲကြီး တစ်ခုကို တည်ခင်းဧည့်ခံပြန်သည်။

ထိုဧည့်ခံပွဲသို့ ကျော်ကြားသော သိုင်းသမားများကို ဖိတ်ကြားထားသည်။ ထိုဧည့်သည်များတွင် ထန်ဟန့်နှင့် ကျုန်းကျုန်းကျွန်း၊ လှဲ့ကျင်းညီအစ်မသုံးဖော်၊ ပျောက်ဆုံးနေသည်မှာ ကြာပြီဖြစ်သော လင်ကျင်းဖေတို့လည်း ပါဝင်လေသည်။

ထိုစဉ် တစ်ခါ ဖိတ်ကြားစဉ်က မတက်ရောက်ခဲ့ကြသည့် သူဌေးသားငါးဦးထဲမှ သုံးယောက်ဖြစ်သည့် ရဲ့ယိယဲ့၊ ကောင်းလိန်ဖုန်းနှင့် စွန်းလုယိတို့ သုံးယောက်လည်း ရောက်ရှိနေကြလေပြီ။

ထန်ဟန့်သည် သူပြောခဲ့သည့်စကားအတိုင်း ကျုန်းကျုန်းကျွန်း လက်ထဲသို့ လင်ကျင်းဖေကို အပ်လိုက်သည်။ ကျုန်းကျုန်းကျွန်းသည် ကျေနပ်စွာ လက်ခံသည်။

အခြားထူးခြားချက်မှာ လှဲ့ကျင်းညီအစ်မသုံးဖော်နှင့် လင်ကျင်းဖေတို့သည် ရန်သူဘဝမှ မိတ်ဆွေဘဝသို့ ပြောင်းလဲသွားခြင်းပေတည်း။

ထိုဧည့်ခံပွဲတွင် အမျိုးသမီး လေးယောက်သည် ဖော်ဖော်ရွှေရွှေ စကားပြောဆိုနေကြရလေ၏။



ထိုမြင်ကွင်းကိုကြည့်၍ ကျေနပ်ပီတိဖြစ်နေရသူကား ထန်ဟန့်ပေတည်း။

ယင်းဧည့်ခံပွဲကြီးမှာ ပျော်ရွှင်စွာ ပြီးမြောက်သွားလေ၏။ နောက်တစ်နေ့ နံနက်ခင်းအချိန်တွင် ထိုမြို့တွင် ထူးဆန်းသော အဘိုးအိုသုံးယောက် ရောက်ရှိလာတော့သည်။ ထိုအဘိုးအို သုံးယောက်မှာ အစိမ်းရောင်ဝတ်စုံများကို ဆင်မြန်းထားကြသည်။ သူတို့သုံးဦး၏ လက်ထဲတွင် ပစ္စည်းအသီးသီး ပါလာကြသည်။

တစ်ဦး၏ လက်ထဲတွင် စာအုပ်များ။

တစ်ဦး၏ လက်ထဲတွင် ပေသီးများ။

တစ်ဦး၏ လက်ထဲတွင် ကြိုးခွေများ။

ထိုပစ္စည်းများကို သူတို့သုံးဦးစလုံး ကိုင်ဆောင်လာကြ၏။ ထိုအဘိုးအို သုံးယောက်မှာ သူတို့ချည်း လာကြသည်မဟုတ်ပေ။ သူတို့နောက်တွင် လူတစ်သိုက်တစ်တန်းကြီး ပါလာ၏။

မြင်းလှည်းအစီးပေါင်း သုံးရာခန့် ပါလာလေ၏။ လှည်းများပေါ်တွင် အုတ်၊ ကျောက်၊ သဲစသော အိမ်ဆောက်လုပ်သည့် ပစ္စည်းများ ပါလာသည်။ အချို့လှည်းများပေါ်၌ သစ်များ ပါလာသည်။

ဤမျှ များပြားသော လူ၊ လှည်းနှင့် ပစ္စည်းများကိုကြည့်ပြီး

မြို့ခံလူများ အုံအားသင့်သွားကြသည်။ မည်သူသည် သူတို့မြို့၌ အိုးအိမ်တိုက်တာ ဆောက်လုပ်ရန် လာနေပါသနည်း။ ထိုမြို့ကလေးသည် သောက်သုံးရေကို တွင်းရေများဖြင့် ဖြေရှင်းကြရသည်။

မြို့ပြင် အတော်ဝေးသောနေရာ၌ ချောင်းနှစ်ခုရှိသော်လည်း ဝေးကွာသဖြင့် ထိုချောင်းနှစ်ခုရေကို မြို့သူမြို့သားများ မသုံးနိုင်ကြပေ။

များပြားသော လူနှင့် တိရစ္ဆာန်များ၊ ဤမြို့သို့ ရောက်လာသောအခါ မြို့ကလေးမှာ ဖြန်းခနဲ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရတော့၏။ ထိုပြဿနာမှာ သောက်သုံးရေနှင့် ရိက္ခာ ပြဿနာပင် ဖြစ်သည်။

ရှိသမျှ ကုန်ပစ္စည်းများမှာ ရောင်းမလောက်ဖြစ်သွားသည်။ ပစ္စည်းအကုန်လိုလို ရောင်းကြရသည်။

ထို့နောက် မြို့ခံလူငယ်များမှာ အများအပြားပင် အလုပ်သမားများအဖြစ် ဝင်ရောက်၍ လုပ်ကိုင်ပေးကြရလေတော့သည်။

ထိုမြို့ကလေးမှာ နေ့ချင်းညချင်း အလွန်စည်ကားသည့် မြို့အဖြစ်သို့ ရောက်ရှိသွားလေသည်။ ထိုမြို့ကလေးသို့ စားရေးရိက္ခာ ရောင်းချသည့် မုဆိုးမှာ ယခင်က ခုနစ်ဦးမျှရှိရာက တောတောင်အတွင်း အမဲလိုက်ကြသည့် မုဆိုးဦးရေမှာ သုံးဆယ်ခန့် ဖြစ်သွားတော့သည်။



သူတို့ သယ်ချလာသည့် သားငါးရိက္ခာများမှာ သယ်လာသမျှအားလုံး ကုန်သွားကြရပေသည်။ ထိုမြို့၏ အနောက်ဘက် တောင်ကြောအောက်တွင် အဆောက်အအုံကြီး တစ်လုံးကို ထိုလူများ တည်ဆောက်နေကြခြင်း ဖြစ်သည်။

မည်သူ တည်ဆောက်မှန်းလည်း မသိပေ။ စုစုပေါင်း အလုပ်သမား ရှစ်ရာခန့် ဝင်ရောက်လုပ်ကိုင်နေရသည်။ ထိုအလုပ်သမားများ၏ ခေါင်းဆောင်များမှာ ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့် အဘိုးအိုသုံးဦးပင် ဖြစ်သည်။

ထိုသူများသည် အစစအရာရာ ကြီးကြပ်ညွှန်ကြားနေကြသည်။

လျူဖော့၏ နေအိမ်တွင် ထန်ဟန့်နှင့် လျူဖော့တို့သည် အရက်သောက်နေကြသည်။

လျူဖော့၏ ဇနီး ယိရှန်းကတော့ သူတို့နှစ်ယောက် စားသောက်ဖို့ရန် ကြော်လှော်ချက်ပြုတ်နေသည်။ စားသောက်နေကြသည် ဆိုသော်လည်း အလုပ်သဘောမပါ စားသောက်ခြင်း မဟုတ်ပေ။

လျူဖော့က ထိုတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် အနီးအနား၌ သွားရောက်ရောင်းရင်း လေ့လာအကဲခတ်မိသည့် အခြေအနေများကို ထန်ဟန့်အား တင်ပြနေခြင်းဖြစ်ပေသည်။

ထန်ဟန့်ကလည်း လျူဖော့တင်ပြသည့် အခြေအနေများကို သေချာစွာ နားထောင်နေသည်။

"ဒါဆို ငါထင်တာနဲ့ အတော်နီးစပ်တယ်၊ ဒီကောင်တွေဟာ ဝူချီပွတ်ရိုလိုနဲ့ အဖွဲ့အစည်း တစ်ခုတည်းက ဖြစ်မယ်၊ အခုဆောက်လုပ်နေတဲ့ အဆောက်အအုံဟာ တကယ်ကြီးကျယ်တော့ သာမန်လူတွေအတွက် ဆောက်တာမဟုတ်ဘူး၊ သူတို့ရဲ့ ဘုရင်အတွက် ဆောက်တာပဲဖြစ်ရမယ်၊ သူတို့ဘုရင် နေထိုင်ဖို့ဆောက်တဲ့ အဆောက်အအုံပဲ"

လျူဖော့က ...

"ဟုတ်တယ်... နောက်တစ်ခုက ဝူချီပွတ်ရိုလိုရဲ့ ပြဿနာပဲ၊ ဝူချီပွတ်ရိုလိုဟာ ဝင်ငွေသိပ်ကောင်းနေတယ်၊ ရှိသမျှလုပ်ငန်းတွေထဲမှာ သူ့ဝင်ငွေကို မီတဲ့လုပ်ငန်း ဘာမှမရှိဘူး၊ အဲဒီတော့ ဝင်ငွေကောင်းတဲ့အဖွဲ့အစည်းကို ဖြိုဖို့ဆိုတာ သိပ်မလွယ်ပါဘူး"

ထန်ဟန့်က အံကြိတ်ရင်း ပြောလိုက်သည်။

"မင်းကြည့်နေပါ၊ ဒီကောင်တွေ အတောင်အလက် မစုံခင် ပျက်စီးရမှာပါ"

"ကျွန်တော် ယုံကြည်ပါတယ်၊ ခင်ဗျား ဖျက်ဆီးရင် ဖြစ်နိုင်ပါတယ်၊ ခင်ဗျားဟာ တကယ် အင်အားရှိတယ်"



လျူဖော့က ပြောလိုက်လေသည်။

☆ ☆ ☆

ဤသို့ဖြင့် ထိုတစ်နေ့တာသည် အမှောင်ဖုံးသွားလေသည်။ မိုးချုပ်သောအခါ ပိန်းစုနှင့် သူ၏မိန်းမတို့သည် အိပ်ပျော်နေကြသည်။

ထိုစဉ် လူတစ်ယောက်သည် ပိန်းစုတို့၏ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လာလေသည်။ ထိုလူသည် အိပ်နေသော ပိန်းစုနှင့် သူ့မိန်းမကို အကဲခတ်သည်။ အိပ်မောကျနေသည်ဟု သေချာသောအခါမှ ပိန်းစု၏အကြောကို ထိုးပိတ်လိုက်သည်။

ထိုလူ မည်မျှဆိုးသနည်းဆိုသော် ပိန်းစု၏ မိန်းမအား အဓမ္မကြံရန် ကြိုးစားသည်။ ပေကျန်းစောင် လန့်နိုးလာသည်။ သူမ အော်ဟစ်အကူအညီတောင်းတော့သည်။

"တယ် ... ဒီကောင်မ အကြောတယ်ရှည်တာပဲ"

သူသည် ပေကျင်းစောင်၏ အကြောကို ထိုးပိတ်လိုက်လေသည်။

ထိုစဉ် ...

"ဟောကောင် လူယုတ်မာ၊ သူများမိန်းမကို ဒီလိုစိတ်ရှိတိုင်း ကျင့်ကြံလို့ရမလား၊ အခုထွက်ခဲ့စမ်း"

အေးစက်သော အသံ ထွက်ပေါ်လာသည်။

အမွေကျင့်ကြံသူသည် အခန်းအပြင်သို့ လှည့်ကြည့်ရင်း ...

"ဘယ်သူလဲ၊ ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကို ဝင်ရှုပ်တာ သေချင်ပြီနဲ့တူတယ်"

သူသည် ပြန်လည်အော်ဟစ်လိုက်ပြီး အပြင်သို့ ခုန်ထွက်လိုက်သည်။

ထိုအခါ လရောင်အောက်တွင် မတ်တတ်ရပ်နေသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုလူငယ်ကား ထန်ဟန့်ပင် ဖြစ်သတည်း။

အမွေကျင့်မည့်သူသည် ထန်ဟန့်မှန်း သိသောအခါ သူ၏ ယှဉ်ပြိုင်ဘက် မဟုတ်ကြောင်း သိသွားလေသည်။ သူသည် လှည့်ထွက်ပြေးလေတော့သည်။

သို့သော် ထိုလူ ဘယ်လောက်မြန်မြန်၊ ဘယ်လောက်ပြေးပြေး ထန်ဟန့်က သူ့ရှေ့ရောက်ပြီး သူ့ပြေးလမ်းအား အမြဲပိတ်ဆို့ထားသည်ကို တွေ့ရလေတော့သည်။



ကိုယ်ဖော့ပညာနှင့် သိုင်းပညာတွင် ထန်ဟန့်က အပြတ်အသတ် သာလွန်ကြောင်း ထိုသူ သိသွားသည်။

ထန်ဟန့်၏လက်မှ လွတ်မြောက်ပြေးရန် ခက်ခဲလှကြောင်း ထိုသူသိသွားသည်။

ထိုသူမှာ ဟန်လျှော့လိုက်ရလေသည်။

"ထန်ဟန့် မင်းဘာလုပ်ချင်သလဲ ပြောပါ"

ထန်ဟန့်က ...

"မင်း ငါ့ကိုသိသားပဲဟာ၊ ငါဟာ မီးခဲနော်၊ ငါနဲ့တွေ့သမျှ ဒုက္ခရောက်တာချည်းပဲ၊ မင်းကို ငါမေးမယ်၊ မှန်မှန်ဖြေ၊ မဖြေရင် မင်း သိုင်းပညာတွေကို ဖျက်ဆီးပစ်မယ်၊ ဒုက္ခိတရောက်အောင် လုပ်ပစ်မယ်"

"မဖြိမ်းခြောက်ပါနဲ့ကွာ၊ ငါမှန်မှန်ဖြေပါ့မယ်"

"မင်းနာမည်ကို ပြော၊ ဘာအလုပ်လုပ်သလဲ"

"ငါ့နာမည်က ကူကျန်ယုံပါ၊ အခုဆောက်နေတဲ့ အဆောက်အအုံမှာ ငါက အလုပ်သမားခေါင်းပါ၊ လစာငွေ နှစ်ရာရပါတယ်"

"ဒါဖြင့် မင်းတို့ရဲ့ ဦးစီးအဘိုးအို သုံးယောက်ဟာ ဘယ်သူတွေလဲ"

အဘိုးအိုသုံးယောက်၏ နာမည်များကို မေးသောအခါ ကူကျွန်းယုံသည် အနည်းငယ် တွေဝေသွားသည်။

"ငါနဲ့ဆိုင်တာကိုပဲ မေးပါကွ"

"မင်းနဲ့ဆိုင်တာပေါ့၊ မင်းတို့ကို ကြီးကြပ်နေတဲ့လူတွေပဲ"

သူတို့အကြောင်း ငါသိချင်တယ်"

ကူကျွန်းယုံသည် မပြောဘဲ မဖြစ်နိုင်သည်ကို သိလိုက်သဖြင့် သက်ပြင်းချလိုက်သည်။

ကူးကျွန်းယုံက ...

"ဝိန်ဝိန်ရှည်ရှည်လူက အုအိကုံ"

"ဟုတ်ပြီ ... ဆက်ပြော"

"မျက်နှာပေါ်မှာ အမာရွတ်ရှိတဲ့လူက စန်ဟာစင်း"

"ဟုတ်ပြီ ... ငါသိပြီ၊ သိုင်းလောကမှာ သူတို့ဟာ တော်တော်နာမည်ကြီးတယ်၊ တောင်မြောက် လူထူးလူဆန်း နှစ်ယောက်လို့ ခေါ်တယ်၊ ကဲ ... ဆက်ပြောပါဦး"

"နောက်တစ်ယောက် ခါးကုန်းနေတဲ့ အဘိုးအိုကတော့ ငါ့ရဲ့ ဆရာ ရှာကောင်းလိုပဲ၊ လိပ်ပြာသိုင်းသမားဖြစ်တယ်"

ထန်ဟန့် ခေါင်းတညိတ်ညိတ်လုပ်ရင်း ...



"ဩော် ... မင်းက လိပ်ပြာသိုင်းသမားရဲ့ တပည့်ကိုး၊ ဒီအဘိုးကြီး သုံးယောက်က သိုင်းဘုရင်ရဲ့ အဖွဲ့အစည်းထဲမှာ ဘာရာထူးရာခံရှိသလဲ"

"ဒါတော့ ငါမသိပါဘူး၊ ငါလည်း ငါ့ဆရာနဲ့ မတွေ့တာ ခုနစ်နှစ် ရှစ်နှစ်ရှိပြီ၊ အခုသုံးလအတွင်းမှာ ငါ့ဆရာက ကိစ္စရှိတယ်လို့ ငါ့ကို စားရေးခေါ်လို့ ငါရောက်လာတာပါ၊ ဒီအခြေအနေတွေကို ဘာမှ မသိသေးပါဘူး"

ထန်ဟန့်သည် ကူကျွန်းယုံ၏ စကားများကို ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားလိုက်သည်။ ပြီးမှ ကူကျွန်းယုံ၏ အရေးကြီးသော သွေးကြောကို ထိုးပိတ်လိုက်၏။

"မင်း နောက်ဆုံး ပြောခဲ့တဲ့ စကားကို ငါမယုံဘူး၊ ဒါပေမယ့် မင်းရဲ့ သိုင်းပညာနဲ့ လူကို ဒုက္ခဖြစ်အောင် ငါမလုပ်ဘူး၊ မင်းကို ဖမ်းသွားရမယ်၊ မင်းဆရာဆီ ပို့ရမယ်၊ မင်းကို မင်းဆရာရဲ့ အဆုံးအမကို ခံယူနိုင်းရမယ်"

ထန်ဟန့်က နောက်ဆုံးပြောပြီး ကူကျွန်းယုံကို ထမ်းပိုးသယ်ဆောင်သွားလေတော့သည်။

☆ ☆ ☆

## အခန်း(၂၁)

## သူတို့ဂိုဏ်း၏ ဖြေရှင်းမှု

ဘုံကျောင်းတံခါးမရှေ့တွင် ခုံသုံးလုံး တန်းစီထားလေ၏။ ခုံသုံးလုံးပေါ်တွင် လူသုံးယောက် မလှုပ်မယှက် ထိုင်နေကြသည်။

ထိုလူသုံးယောက်အားတွင် စာရေးထားသော ပျဉ်ပြားတစ်ချက် ချိတ်ဆွဲထားသည်။

"မိန်းမအား အဓမ္မပြုရန်ကြံသူ"

ထိုသုံးယောက်ထဲတွင် တစ်ယောက်သည် ကူကျွန်းယုံ ဖြစ်လေ၏။ ကျန်နှစ်ယောက်မှာ သူ၏ဂိုဏ်းသူ ညီအစ်ကိုများ ဖြစ်၏။ ထိုနှစ်ယောက်မှာလည်း ကူကျွန်းယုံကဲ့သို့ မနေ့ညက မိန်းမများကို အဓမ္မကျင့်ရန် ကြံစည်သူများ ဖြစ်ကြလေ၏။ ထန်ဟန့်သည် ထိုသုံးဦးစလုံးကို ဖမ်းဆီးခဲ့လေသည်။



လိပ်ပြာသိုင်းသမား ရှာကောင်လို၊ အုအိတုံနှင့် စန်ပာဘစင်းတို့ သုံးဦးသည် ဘုံကျောင်းတွင် ခေတ္တ တည်းခိုနေထိုင်သူများ ဖြစ်ကြ၏။ သူတို့သည် တည်းခိုခန်းများတွင် နေထိုင်သူများ ဖြစ်ကြသော်လည်း အကြောင်းကြောင်းကြောင့် ဘုံကျောင်းတွင် တည်းခိုကြသူများ ဖြစ်ကြလေသည်။

ထန်ဟန့်သည် ကူကျွန်းယုံတို့ သုံးယောက်အား သူတို့ ဆရာထံ အပ်နှံရန် စောင့်နေခြင်းဖြစ်သည်။ သို့ရာတွင် ဘုံကျောင်းရှေ့၌ တိုးဝှေ့ကြည့်ရှုသူများ တစ်စထက်တစ်စ များလာလေတော့သည်။ လူအများသည် အမျိုးမျိုး ထင်ကြေးပေးနေကြလေ၏။

"ဒီကောင်တွေက ဘယ်အမျိုးသမီးကိုများ အဓမ္မကြံဖို့ ကြိုးစားသလဲ မသိဘူး"

"ဟိုတောင်ပိုင်းက အမျိုးသမီးတွေ ဖြစ်မှာပေါ့"

"ငါ့စိတ်ထင် ပေကျန်စောင်လည်း ပါမယ်ထင်တယ်ကွ"

အသံများ ဆူညံနေသဖြင့် အဘိုးအိုသုံးယောက်မှာ ဘုံကျောင်းထဲမှ ထွက်လာကြလေတော့သည်။

အဘိုးအို သုံးယောက်အနက်မှ အုအိတုံသည် ရောက်ရှိနေသူများကို အကဲခတ်ကြည့်လိုက်၏။ ခေါင်းဆောင်ဖြစ်ဟန်သူသော ထန်ဟန့်ကို တွေ့လိုက်ရသည်။

"မင်း ဘယ်သူလဲ"

"ထန်ဟန့်ပါ"

"အား ... မီးခဲ ထန်ဟန့်ဆိုတာ မင်းလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒီလူသုံးယောက်ကို မင်း ဖမ်းလာတာလား"

"ဟုတ်ပါတယ်"

ဘေးမှ ရပ်နေသူ လျန်ယီသည် သစ်သားပြားတွင် ရေးသားထားသော စာကို ဖတ်မိပြီဖြစ်သည်။ မျက်နှာနီရဲလာပြီး အံကြိတ်ထားလိုက်သည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေ၏။ တပည့်မကောင်းတော့ ဆရာ့ခေါင်းဟု ဆိုရိုးစကား ရှိသည်မဟုတ်ပါလော။

သူက စိတ်ကိုထိန်းထားသော်လည်း ဒေါသထွက်နေ၏။ သူ့ဒေါသကို ဖုံးဖိမရနိုင်ဘဲဖြစ်နေသည်။

ထန်ဟန့်သည် သူတို့မေးသမျှကိုဖြေပြီး သူတို့သုံးဦး၏ အရိပ်အကဲကို ကြည့်နေလေ၏။

လျန်ယီသည် ထိုပြဿနာကို မည်သို့ဖြေရှင်းရမည် မသိဘဲဖြစ်သွားသည်။ နောက်ဆုံး စဉ်းစား၍မရသောအခါ သူ့အဖော်နှစ်ဦးကို လှမ်းကြည့်လိုက်၏။



မည်သို့ လုပ်ရမည်နည်းဟု အကူအညီ တောင်းလာသည့် သဘောမျိုး ဖြစ်ပါသည်။

အစမ္မကောင် သုံးကောင်အား လွှတ်ပေးလိုက်ပါက ကိုယ့်မျက်နှာကိုယ် အိုးမဲသုတ်သလို ဖြစ်သွားမည်ကို လျန်ယီ သိသည်။

သူ့အခက်အခဲကို စန်ဟာစင်းက ဖြေရှင်းပေးလိုက်လေ၏။ သူသည် အစမ္မကောင် သုံးဦးအား ဖမ်းထားသည့် ခုံပေါ်သို့ တစ်ချက်စီ အသာလေးပွတ်သပ်လိုက်သည်။ အစမ္မကောင် သုံးဦးမှာ အသံပင် မပြုနိုင်ဘဲ အသက်ထွက်သွားလေတော့၏။

"ကျေနပ်ပြီလား ထန်ဟန့်"

စန်ဟာစင်းက မေးလိုက်သည်။

လိပ်ပြာသိုင်းသမား ရှားကောင်လိုသည် စကားပင် မပြောတော့ဘဲ ဘုံကျောင်းထဲသို့ ဝင်သွားလေတော့၏။

အုအိတ့်က ထန်ဟန့်ကိုကြည့်ကာ ...

"မင်း မဆိုးဘူး၊ သတ္တိကောင်းသားပဲ"

သူသည် ဤစကားကို ပြောပြီး စန်ဟာစန်းနှင့်အတူ ဘုံကျောင်းထဲသို့ ဝင်သွားလေတော့၏။ ထန်ဟန့်သည် ကိစ္စများ ပြီးပြတ်သွားပြီဖြစ်၍ ဘုံကျောင်းမှ ပြန်လာခဲ့လေသည်။ လမ်းခုလပ်တွင် လျူဖော့ကိုတွေ့ရလေသည်။ လျူဖော့သည် ထန်ဟန့်ကို တွေ့ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားလေ၏။

"ထန်ဟာန့် ခင်ဗျားကို ကျန်းကျန်းကျွန်း စောင့်နေတယ်"

"ဘယ်မှာစောင့်နေတာလဲ၊ မင်းအိမ်မှာလား"

"မဟုတ်ဘူး၊ ကျောက်အဘိုးအိုဆိုင်မှာ"

ကျောက်အဘိုးအိုဆိုသည်မှာ ခေါင်းရောင်းသောသူ ဖြစ်၏။ မည်သူ အရောင်းအဝယ် ကောင်းကောင်း မကောင်းကောင်း ကျောက်အဘိုးအိုကတော့ အရောင်းဝယ် ကောင်းသည်။ တရုတ်လူမျိုးတို့သည် သေခြင်းတရားကို တန်ဖိုးထားသည့်လူများ ဖြစ်ကြသည် မဟုတ်ပါလား။

ကျန်းကျန်းကျွန်းနှင့် ကျောက်အဘိုးအိုသည် ခေါင်းတစ်လုံးပေါ်တွင် ကျားကစားနေကြ၏။ ဆိုင်မှာ ကျယ်ကျယ်ဝန်းဝန်းရှိသည်။ သူတို့သည် စားပွဲ ကုလားထိုင်နှင့် ထိုင်၍ ကစားနိုင်သော်လည်း လွယ်ရာဝင်ထိုင်ပြီး ကစားနေကြခြင်း ဖြစ်သည်။

ထိုစဉ် ထန်ဟာန့် ရောက်လာပြီး ရှေ့ဆက်လုပ်ရမည့် ကိစ္စများကို တိုင်ပင်ကြသည်။

☆ ☆ ☆

နာမည်ကြီး ဟွမ်ကျင်း ကစားဝိုင်း ...။

ကျန်းကျန်းကျွန်းနှင့် ဒိုင်ကိုင်သူတို့ အကြီးအကျယ် စကားများနေကြသည်။



ကျန်းကျန်းကျွန်း ထိုးငွေကို ဒိုင်လုပ်သောလူက မလျော်နိုင်သောကြောင့် ဖြစ်လေသည်။

ကျန်းကျန်းကျွန်းက ...

"ဒါတွေကို ကျုပ်နားမလည်ဘူး၊ ကျွန်တော် သိထားတာက ခင်ဗျား ကျုပ်ငွေကို လျော်ရမယ်ဆိုတာပဲ"

"ဒါဖြင့် ဒီလိုလုပ်၊ ခင်ဗျား ကျွန်တော်နဲ့ လိုက်ခဲ့ဗျာ ... ကျွန်တော် ယူပေးပါ့မယ်"

"ဟင်း ... ဟင်း ... ဟင်း ... ကျုပ်လည်း မလိုက်နိုင်ဘူး၊ ခင်ဗျားလည်း မသွားရဘူး၊ တစ်ခုခုတော့ရှိတယ်၊ ခင်ဗျား လူတစ်ယောက်ကို လွှတ်ပြီး ငွေယူခိုင်းလိုက်၊ ကျုပ် ဒီကစောင့်နေမယ်"

ထိုလူမှာ အကြီးအကျယ် ချောက်ကျနေတော့၏။ သူ့၌ ငွေတစ်သိန်း လျော်ရန် ပိုက်ဆံမရှိပေ။ သူသည် အပြင်သို့ ခေါ်ထုတ်သွားပြီး တစ်နည်းတစ်ဖုံ အကြံအဖန်လုပ်ရန် ကြံစည်ခြင်း ဖြစ်သည်။

ဖဲသမားများမှာ ဝိုင်းပျက်သွားသဖြင့် ဆူညံနေကြတော့၏။ သူတို့သည် တစ်ယောက်တစ်ပေါက် ဝင်ရောက်အကြံပေးသည်။ ဤသို့ ဆူညံနေစဉ် ထိုင်ယွန်မြင်းမွေးခြံပိုင်ရှင် သူဌေး ကျင်းမန်တန်သည် လူအုပ်ထဲသို့ တိုးဝင်လာတော့၏။

"အားလုံးပဲ ငြိမ်ကြပါ ... အားလုံးပဲငြိမ်ကြပါ၊ ကျုပ် စကားတစ်ခွန်း ပြောပါရစေ"

အသံများသည် တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ ကျင်းမန်တန်သည် ဒိုင်ကိုကြည့်ပြီး စတင်စကားပြောလေ၏။

"အကယ်၍ ဒီညီလေးက အာမခံချက်တစ်ခု ပေးရင် ဒီကိစ္စကို ကျုပ်ကူညီလို့ ရပါတယ်

ထိုလူသည် ထိုစကားကိုကြားသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်က ဘယ်လို အာမခံချက်မျိုး ပေးရမှာလဲ"

"ကျွန်တော် စေတနာနဲ့ ကူညီတာပါ၊ ခင်ဗျားနာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျွန်တော့်နာမည် ကျုံးထန်ပေါင်လို့ ခေါ်ပါတယ်၊ နဂါးနှစ်ကောင်ရဲ့ သက်တော်စောင့် ဆယ့်ရှစ်ယောက်ထဲမှာ နံပါတ်ငါး ဖြစ်ပါတယ်"

လက်စသတ်တော့ ထိုလူသည် သာမန်လူမဟုတ်မှါချေ။ နဂါးနှစ်ကောင်ဂိုဏ်းက ကျားတစ်ကောင် ဖြစ်နေချေသည်တကား။ သက်တော်စောင့် ဆယ့်ရှစ်ယောက်ထဲက တစ်ယောက်ဖြစ်နေချေသည်။ ဤဝိုင်းမျိုး၌ ဤသို့သော လူမျိုးသာ ဒိုင်ကိုင်ရဲပေမည်။

ကျင်းမန်တန်က ...



"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ကျုံးထန်ပေါင်က ...

"ငွေတစ်သိန်းဟာ သိပ်ကြီးတဲ့ ဂဏန်းမဟုတ်ပါဘူးဗျာ"

"ဟုတ်ပါတယ်ဗျာ"

"ကျွန်တော်တို့ နဂါးနှစ်ကောင်ဂိုဏ်းအနေနဲ့ ဒီငွေကို ပေးနိုင်ပါတယ်ဗျာ"

"ဟုတ်ပါတယ်၊ ဒီငွေကို နဂါးနှစ်ကောင်ဂိုဏ်းက တာဝန်ယူရင်တော့ ဟုတ်တာပေါ့ဗျာ၊ နဂါးနှစ်ကောင်ဂိုဏ်းက တာဝန်ယူမယူ ဘယ်လိုသိနိုင်မှာလဲ"

"ကျွန်တော်က နဂါးနှစ်ကောင် ဂိုဏ်းက နံပါတ် ငါးပဲ၊ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီး နှစ်ဦးက တာဝန်ယူပေးနိုင်တယ်လို့ ကျွန်တော် အာမခံချက် ပေးနိုင်ပါတယ်ဗျာ"

ကျင်းမန်ထန်က ပြောလေသည်။

"အကယ်၍ ဒီစကားကို ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီး နှစ်ဘက်က ပြောရင်တော့ ကျုပ် ယုံကြည်ပါတယ်ဗျာ"

ထိုစကားကိုကြားသောအခါ ကျုံးထန်ပေါင် မျက်နှာပျက်သွားလေသည်။

ကျင်းမန်ထန်၏ စကားအဓိပ္ပာယ်ကို ကျုံးထန်ပေါင် သိရှိ

သွားလေပြီ။ သူက စေတနာနှင့် ဝင်ကူညီခြင်း မဟုတ်ပေ။ ကျိုးထန်ပေါင် ဘယ်ကကောင်လဲဟု သိချင်သဖြင့် ဝင်မေးသော စကားဖြစ်ကြောင်း သိရှိလေပြီ။

ကျိုးထန်ပေါင်က သူ့ကိုယ်သူ မည်သူမည်ဝါဟု ထုတ်ဖော် မပြောကြားပါက အကြမ်းဖက်ဖြေရှင်းကောင်း ဖြေရှင်းပေမည်။ ယခု နဂါးနှစ်ကောင်ဂိုဏ်းမှဟု သိရှိသွားသောအခါတွင် နဂါးနှစ်ကောင် ဂိုဏ်းချုပ် နှစ်ယောက်၏ မျက်နှာကို ထောက်ထားပြီး ကျိုးထန်ပေါင် ကို အကြမ်းဖက်လုပ်ချင်၍ မရတော့ပေ။

ကျိုးထန်ပေါင်ကလည်း အကြမ်းဖက် မခံရ၍ ဤသို့ ဖွင့် ပြောခြင်းဖြစ်သည် မဟုတ်ပေ။ သူသည် ကြံရာမရသဖြင့် သူ့အဖြစ် ကို ဖွင့်ပြောလိုက်ရခြင်းဖြစ်သည်။

ကျိုးထန်ပေါင်သည် ကျန်းမန်ထန်၏ အကြံအစည်ကို သိ ဒေါသူပုန်ထသွားသော်လင်း ဘာဆက်လုပ်ရမည်မှန်း မသိပေ။

သူသည် ငွေတစ်သိန်းလျှော်ပေးရန်သာ သူ့ဦးခေါင်းထဲ မှော နေသည်။

"ဟင်း ... ငါဘာလုပ်ရမလဲ"

ကျိုးထန်ပေါင် ကြံရာမရဖြစ်နေသည်။

ထိုစဉ် လူတစ်ယောက်သည် အိတ်အနီတစ်လုံးကိုကိုင်



အလျှင်အမြန် ပြေးဝင်လာလေသည်။ သူသည် ပါးစပ်က အော်ဟစ် လာသည်။

"ဂိုဏ်းချုပ်ကြီး နှစ်ဦးက ကျိုးထန်ပေါင် အစ်ကိုကြီး ငွေ အရေးတကြီး လိုအပ်နေမှန်းသိလို့ ငွေငါးသိန်းကို ပေးပို့ခိုင်းလိုက် ပါတယ်ဗျာ"

ဆူညံဆူညံ ဖြစ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးသည် ငြိမ် သက်သွားကြလေပြီ။

နဂါးနှစ်ကောင် ဂိုဏ်းချုပ်နှစ်ဦးသည် မည်မျှ စေတနာကောင်း လိုက်ပါသနည်း။ နဂါးနှစ်ကောင်ဂိုဏ်းသည် သူ့ဂိုဏ်းကို မည်မျှ ကြည့်ရှုစောင့်ရှောက်ပါသနည်း။ သူတို့၏ ကိုယ်ရံတော်များအပေါ် ဤမျှ ကောင်းမွန်မည်ဟု မည်သူမျှ မထင်ကြပေ။

ကျန်းကျန်းကျွန်းသည် နဂါးနှစ်ကောင်ဂိုဏ်းအပေါ် ရန်သူ သဖွယ် သတ်မှတ်ထားသူဖြစ်သည်။ ထိုဂိုဏ်းသား၏ စကားကို ကြားသောအခါ မှင်သက်အံ့ဩသွားတော့သည်။

"အင်း ... သူ့ဂိုဏ်းချုပ် နှစ်ယောက်က သူ့ဂိုဏ်းသားတွေ အပေါ် တယ်သိတတ်ပါလား"

ကျန်းကျန်းကျွန်းသည် စိတ်ထဲမှ တွေးလိုက်မိသည်။

ကျိုးထန်ပေါင်သည် တုန်တုန်ယင်ယင် ဖြစ်သွား၏။ နဂါး

နှစ်ကောင်ဂိုဏ်းချုပ်ကြီး နှစ်ယောက်ကိုလည်း ကျိတ်၍ ကျေးဇူးတင်မိလေသည်။

သူသည်အိတ်ကို တုန်ယင်လှုပ်ရှားသော လက်များဖြင့် လှမ်းယူလိုက်၏။ တိုစဉ် ငွေအိတ် လှမ်းပေးသူ၏ လက်သည် လျှပ်တစ်ပြက် လှုပ်ရှားသွား၏။ သူ၏လက်ထဲ၌ ဓားမြှောင်တစ်ချောင်းပေါ်လာပြီး ကျူးထန်ပေါင်၏ ရင်ဝကို ထိုးချလိုက်တော့သည်။

ကျူးထန်ပေါင်မှာ ဤသို့ဖြစ်လိမ့်မည်ဟု လုံးဝမမျှော်လင့်ထားသဖြင့် ထိုဂိုဏ်းသား၏ ဓားမြှောင်ကို လုံးဝမရှောင်နိုင်ခဲ့ပေ။ ကျူးထန်ပေါင်သည် မယုံကြည်နိုင်သော အကြည့်ဖြင့် ထိုဂိုဏ်းသားကို ကြည့်နေလေ၏။

"ငါ့ကို ဂိုဏ်းချုပ်ကြီးတွေ ပေးလိုက်တာ ငွေမှမဟုတ်ဘဲ၊ ဒါပဲကိုး"

သူသည် နောင်တရသွားလေ၏။ မျက်နှာသည် ရှုံ့မဲ့သွားပြီး ဝုန်းခနဲ ထိုင်ခုံပေါ်မှ လဲကျသွားတော့သည်။ ကျူးထန်ပေါင် သေဆုံးသွားလေပြီ။

ထိုဂိုဏ်းသားက သေနေသော ကျူးထန်ပေါင်ကိုကြည့်ပြီး ...

"မင်း ဒီမြို့ကိုရောက်လာပြီး ထမ်းဆောင်ရမယ့် တာဝန်ကိုရော မင်း သိရဲ့လား၊ မင်းအခုလို လုပ်လိုက်ပုံက နဂါးနှစ်ကောင်



ဂိုဏ်းရဲ့နာမည်ကို ဖျက်ဆီးသလိုဖြစ်နေပြီ၊ ငါက ဂိုဏ်းချုပ်ကြီးတွေ ကိုယ်စား မင်းကို လာရှင်းရတာပဲ"

ကျူးထန်ပေါင်မှာ သူ့စကားကို မကြားရတော့ချေ။ ပါးစပ်ကြီးဟလျက် အသက်ထွက်သွားနေချေပြီ။ ထိုအလောင်းကို ကြည့်လိုက်ပြီး ကျွန်းကျွန်းကျွန်းက ပြောလိုက်သည်။

"ခင်ဗျား ဒီလိုလုပ်လိုက်တာ ကျုပ် ဘယ်လောက်နစ်နာသွားသလဲဆိုတာ ခင်ဗျား သိသလား"

"သိပါတယ်ဗျာ ... သိပါတယ်၊ ခင်ဗျားရမယ့် ငွေတွေ မဆုံးရှုံးရစေရပါဘူး၊ ရော့ ... ငွေတစ်သိန်းတန် ငွေလွှဲလက်မှတ်၊ ကဲ ... ကျေနပ်ပြီ မဟုတ်လား"

ထိုဂိုဏ်းသားက ပြောပြောဆိုဆို ငွေတစ်သိန်းတန် ငွေလွှဲလက်မှတ်ကို ထုတ်ပေးလိုက်လေသည်။

☆ ☆ ☆

## အခန်း (၂၂)

### ငါးစာ

လျူဖော့သည် အရက်များကိုထမ်းကာ ထွက်ခွာသွားတော့သည်။ သူ၏ အရောင်းအဝယ်ကို စတင်ချေပြီ။ လျူဖော့သည် အဆင့်မြင့် သိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပြီ။ လျူဖော့ လေ့ကျင့်သော သိုင်းပညာရပ်မှာ ကျန်းရှင်းကျန်ကုံးဟုခေါ်သော အတွင်းအားပညာ ဖြစ်သည်။

သူကိုင်ဆောင်သော လက်နက်မှာ စုတ်တံတစ်ချောင်း ဖြစ်၏။ သံမဏိဖြင့် ပြုလုပ်သော စုတ်တံတစ်မျိုးသည် ထိုးခုတ်တိုက်ခိုက်၍ရသည်။ အဓိကအားဖြင့် သွေးကြောပိတ်ပညာရှင်များ ကိုင်ဆောင်ကြသည်။

လက်နက်မှာ အတိုဖြစ်၍ အဆင့်မြင့် သိုင်းပညာရှင်များသာ ကိုင်ဆောင်ကြ၏။



လျူဖော့လေ့ကျင့်သော သိုင်းကွက်မှာလည်း သူ၏ယောက္ခမ ကျန်းလွေ့ဂိုဏ်းချုပ် ကျန်းဝေအဘိုးအို တီထွင်ထားသော စုတ်တံသိုင်း ကွက်တစ်မျိုးပင် ဖြစ်ပေသည်။

လျူဖော့သည် အရက်များကိုထမ်းကာ သူရောင်းချနေကျနေရာဖြစ်သည့် ဘုံကျောင်းခပ်လှမ်းလှမ်း၌ အရက်ထမ်းများကို ချလိုက်သည်။

မကြာမီ ဖောက်သည်များရောက်လာသဖြင့် အရက်များကို စတင် ရောင်းချနေရတော့သည်။ ထိုဘုံကျောင်းထဲမှ အရုပ်ဆိုးဆိုး လူတစ်ယောက်သည် လျူဖော့ရှိရာသို့ လျှောက်လာပြီး လျူဖော့အား အော်ပြောလိုက်လေသည်။

"ဟေ့လူ ... အရက်နှစ်အိုးနဲ့ မြေပဲလှော်နှစ်ထုပ် လာပို့စမ်း"

လျူဖော့သည် တင်တင်စီးစီးပြောလာသည့် ထိုသူကို မကြည်သာပေ။ သို့သော် သူက အရက်ဆိုင်တောင် မဖွင့်နိုင်ပေ။ အရက်ကို ထမ်းရောင်းနေရသူ ဖြစ်နေသည်။

ထို့ကြောင့် သူသည် အရက်နှစ်အိုးနှင့် မြေပဲစားလှော်နှစ်ထုတ် ကိုယူပြီး ဘုံကျောင်းထဲသို့ ဝင်သွားလေတော့သည်။

ဘုံကျောင်းထဲရောက်သည်နှင့် နောက်မှ အခန်းတံခါးပိတ်သံကို ကြားလိုက်ရ၏။

လျှုဖော့လှည့်ကြည့်လိုက်ရာ လူငါးယောက်သည် အခန်းတံခါးကို ကျောပေးရပ်နေကြလေသည်။ သူတို့သည် လျှုဖော့ကို ဝိုင်းထားလိုက်ကြသည်။

လျှုဖော့သည် ထိုလူများကို အကဲခတ်လိုက်သည်။ ထိုသူများမှာ သိုင်းသမားများဖြစ်ကြောင်း သိရှိလိုက်၏။

လျှုဖော့က ...

"ဒါ ဘာလုပ်တာလဲဗျာ"

သူက ဆက်ပြောလိုက်၏။

"ဓားပြတိုက်တာလားဗျာ၊ ကျုပ်က အရက်ထမ်းရောင်းတဲ့လူပါ"

လူတစ်ယောက်က ...

"မဟုတ်ဘူး၊ ခင်ဗျားကို မေးစရာမေးခွန်းတစ်ခု ရှိလို့ပါ၊ ဟိုနေ့က ခင်ဗျားနဲ့လိုက်သွားတဲ့ လူလေးယောက် ဘယ်ရောက်သွားသလဲ"

အမှန်မှာ ထိုလူလေးယောက်ကို ခေါ်သွားခြင်း မဟုတ်ပေ။ လူနှစ်ယောက်ကိုသာ ခေါ်ယူသွားခြင်း ဖြစ်သည်။ နောက်ထပ် နှစ်ယောက်သည် နောက်မှလိုက်သွားခြင်း ဖြစ်သည်။ ခေါ်သွားသူမှာလည်း လျှုဖော့မဟုတ်ပေ။ ထန်ဟန့် ဖြစ်ပေသည်။



ထန်ဟန့်၊ ရဲ့ယိယဲ့နှင့် ကောင်းလိန်ဖုန်းတို့သည် ထိုလေးယောက်ကို သတ်ဖြတ်ခဲ့ပြီး ဖြစ်ပေသည်။

လျှုဖော့က ...

"သူတို့ကို ဟိုတောစပ်ဆီ ခေါ်သွားပါတယ်၊ အခု အဆောက်အအုံသစ် တည်ဆောက်နေတဲ့ နေရာပဲ"

ထိုလူက ...

"သူတို့ လေးယောက်က အဲဒီကို ဘာသွားလုပ်ကြတာလဲ"

"သူတို့က ဟိုညီအစ်ကိုနှစ်ယောက်ကို တွေ့ချင်တယ်လို့ ပြောတာပဲဗျ"

"ဘယ်ညီအစ်ကိုလဲ"

"ရဲ့ယိယဲ့နဲ့ ကောင်းလိန်ဖုန်း"

"သူတို့က ဘာလုပ်သလဲ"

"ကျွန်တော် ဘာမှ မသိပါဘူး၊ အဲဒီ ညီအစ်ကိုနှစ်ယောက်ကို တွေ့ချင်တယ်လို့ ပြောပါတယ်၊ ကျွန်တော်လည်း လိုက်ပို့လိုက်ပါတယ်၊ ပို့ပြီးတာနဲ့ ကျွန်တော်ချက်ချင်းပဲ ပြန်လာတာပဲ"

"နောက်ဘာတွေဖြစ်တယ်ဆိုတာ ခင်ဗျား ဘာမှမသိဘူးပေါ့"

"ဟုတ်တယ် ... ကျွန်တော် ဘာမှ မသိပါဘူး"

မေးခွန်းမေးသောသူက မျက်မှောင်ကြုတ်ကာ ...

"မင်းတို့ကြည့်စမ်း ... ဒီလေးကောင် ဘယ်လောက် အသုံးမကျသလဲဆိုတာ တွေ့သလား"

ထိုလူငါးယောက်ထဲမှ မုတ်ဆိတ်နှင့်လူက ...

"ခင်ဗျား ဘယ်သိုင်းအဖွဲ့ကလဲ၊ ခင်ဗျားဆရာ ဘယ်သူလဲ၊ ကျုပ်တို့ကို ပြောပြလို့ ဖြစ်မလား"

လျှုဖော့က ...

"ပြောချင်ပါတယ်ဗျာ၊ ဒါပေမယ့် ..."

သူသည် ဒါပေမယ့်ဟုပြောရင်း လက်ထဲ၌ ကိုင်ထားသော အရက်အိုးနှစ်အိုးဖြင့် မေးခွန်းထုတ်သောသူနှင့် မုတ်ဆိတ်နှင့်လူတို့ထံ ပြင်းထန်သောအရှိန်အဟုန်ဖြင့် ပစ်လိုက်လေ၏။

ထိုလူနှစ်ယောက်က လက်ဝါးထုတ် ရိုက်လိုက်သဖြင့် အရက်နှစ်အိုး ကွဲသွားသည်။

"ခွမ်း ... ခွမ်း ..."

အရက်များသည် ထိုနှစ်ယောက်အား စိုရွှဲသွားစေသည်။

လျှုဖော့သည် အရက်အိုးလွတ်သွားသည်နှင့် တစ်ပြိုင်နက် လှည့်ကာ ခုန်ဝင်လိုက်၏။ သူသည် တွေ့ဆုံရသူ ရန်သူတစ်ယောက်၏ ရင်ဘတ်ကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။



သူ၏လက်သီးချက် မိသွားသူ ရန်သူမှာ လေထဲသို့ လွင့်စင်မြောက်တတ်သွားပြီး အောက်သို့ ပြန်ကျသွားသည်။ ကျန်းလွေသိုင်းပညာ အဆီအနှစ်မှ ပြင်းထန်မြန်ဆန်မှုပင် ဖြစ်သည်။ ကျန်းလွေသိုင်းသမား၏ လက်သီးအထိုးခံရသူသည် သေရန်ရာခိုင်နှုန်း ရှစ်ဆယ်သေချာသည်။

ရင်ဘတ် လက်သီးစာမိသွားသူမှာ နဂါးနှစ်ကောင်ဂိုဏ်းမှ သက်တော်စောင့် ဆယ့်ရှစ်ဦးအနက် အငယ်ဆုံးနံပါတ် ဆယ့်ရှစ်ဖြစ်သည်။

ထိုနံပါတ် ဆယ့်ရှစ်သည် လျှုဖော့၏ပြင်းထန်သော လက်သီးချက်မိပြီး သေဆုံးသွားလေ၏။ လျှုဖော့၏ဘေးတွင် သက်တော်စောင့် နံပါတ်တစ်ဆယ်နှင့် နံပါတ်ဆယ့်ခုနစ်တို့ ရှိကြသည်။ လျှုဖော့၏ လှျပ်တစ်ပြက်လှည့်လာပြီး ထိုးလိုက်ပုံမှာ အလွန်လျင်မြန်လှသဖြင့် သူတို့သည် မင်သက်နေမိကြသည်။

လျှုဖော့သည် နံပါတ်ဆယ့်ရှစ်ကို ထိုးပြီးသည်နှင့် သူလေ့ကျင့်ခဲ့သော သိုင်းပညာထဲမှ "လေွကျန်ရှင်းရှင်း"ဟူသော သိုင်းကွက်ကိုသုံးပြီး နံပါတ်တစ်ဆယ်နှင့် နံပါတ်ဆယ့်ခုနစ်တို့ကို တိုက်ခိုက်လိုက်သည်။

ထိုသိုင်းကွက်မှာ အလွန်လျင်မြန်၏။ နံပါတ်တစ်ဆယ်ကို လက်သီးခုနစ်လုံး ဆက်တိုက် ထိုးလိုက်ပြီး နံပါတ်ဆယ့်ခုနစ်ကို လက်သီး ရှစ်လုံး ဆက်တိုက်ထိုးလိုက်လေသည်။

မှင်သက်နေသော နံပါတ်တစ်ဆယ်နှင့် နံပါတ်ဆယ့်ခုနစ်တို့မှာ မည်သို့မျှ မခုခံနိုင်ကြပါ။ သူတို့သည် သွေးပွက်ပွက်အန်ပြီး နံပါတ်ဆယ့်ရှစ်နောက်သို့ လိုက်သွားကြရလေသည်။ တောင်တစ်လုံးထက်မြင့်သော အခြားတောင်တစ်လုံးသည် အမြဲရှိနေ၏ဟူသော စကားပုံသည် မှန်လေသည်။

လျှုဖော့ ရန်သူသုံးယောက်ကို ရှင်းပြီးချိန်၌ နံပါတ်နှစ်နှင့် နံပါတ်သုံးတို့သည် လျှုဖော့၏နောက်သို့ ရောက်ရှိနေကြလေပြီ၊ နောက်ကျောမှ လေတိုးသံကြားလိုက်ရသဖြင့် လျှု[illegible]ည် ရှောင်တိမ်းမည်အပြုတွင် လက်ပြင်တွင် ဓားမြှောင်တစ်ချောင်း စိုက်ဝင်လာလေ၏။

လက်ပြင်တွင် စူးခနဲနာကျင်သွားပြီး တစ်ကိုယ်လုံးလည်း ပုံကျဉ်သွားသည်။ ကျန်ရန်သူတစ်ယောက်က လျှုဖော့ မလှုပ်နိုင်အောင် သွေးကြောပိတ်လိုက်လေပြီ။

ထိုအခါကျမှ လျှုဖော့နောင်တ ရတော့သည်။ သူသည် နံပါတ်



နှစ်နှင့် နံပါတ်သုံးတို့အား အရက်အိုးနှင့် ပစ်ပြီးကတည်းက တစ်ဆက်တည်း ရှင်းပစ်လိုက်ရမည်။

အဘယ့်ကြောင့်ဆိုသော် ဤငါးယောက်တွင် နံပါတ်နှစ်နှင့် နံပါတ်သုံးချိတ်နိုင်သူသည် ကျန်လူများထက် တစ်ဆင့်မြင့် သိုင်းသမား ဖြစ်နေသည် မဟုတ်ပါလော။ နံပါတ်နှစ်နှင့် နံပါတ်သုံးကို ရှင်းပြီးလျှင် နံပါတ်တစ်ဆယ်၊ ဆယ့်ခုနစ်နှင့် ဆယ့်ရှစ်တို့ကို ရှင်းရသည်မှာ လွယ်ကူမည် မဟုတ်ပါလော။

ဤ အရေးကြီးသောအချက်ကို မတွက်ချက်မိသည်က လျှုဖော့၏ အမှားပင်။

နံပါတ်သုံးက လျှုဖော့၏လက်ပြင်၌ စိုက်နေသော ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး လူဖော့၏နောက်ကျောသို့ ထိုးသတ်ရန် ဟန်ပြင်လိုက်သည်။

"ဟိုး ... ဒီကောင့်ကို မသတ်နဲ့ဦး"

အခန်းတစ်ခန်း၏ တံခါးသည် ပွင့်လာပြီး စန်ဟာ့စင်း ထွက်လာသည်။ စောစောက တားမြစ်သံမှာ သူ၏ တားမြစ်သံ ဖြစ်သည်။

နံပါတ်နှစ်နှင့် နံပါတ်သုံးမျက်နှာတို့တွင် စန့်ဟာစင်းအား ရိုသေသောအမူအရာ ပေါ်လာသည်။

"ဟုတ်ကဲ့"

စန်ဟာစင်းက ...

"ဒီကောင်ဟာ ရွှေအုတတ်တဲ့ ငနဲလိုပဲကွ၊ ဒီကောင့်ကို အရှင်ထားရမယ်၊ သူ့ဆီမှာ မိတ်ဆွေတွေရှိတယ်၊ အဲဒီမိတ်ဆွေတွေကို မျှားခေါ်ရမယ်၊ သူ့မိတ်ဆွေတွေဟာ တို့ရဲ့ ရန်သူတွေဖြစ်မှာ သေချာတယ်"

ဘုံကျောင်းကြီး၏ အလယ်တည့်တည့် ခန်းမဆောင်ကြီး အောက်တွင် ကြီးမားခိုင်ခန့်သော အချုပ်ခန်းတစ်ခု ရှိ၏။

ဘုံကျောင်းစတင် တည်ဆောက်သူများသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုအချုပ်ခန်းကို ထည့်သွင်းဆောက်လုပ်ခဲ့သည်မသိပေ။ ယခု လျှုဖော့သည် ထိုအချုပ်ခန်းတွင် ချုပ်နှောင်ခံနေရပေသည်၊

အချုပ်ခန်းကို အကန့်များခွဲခြားထားရာ လျှုဖော့အား ချုပ်နှောင်ထားသည့်အခန်း၏ ရှေ့တည့်တည့်အခန်းတွင် ထူးထူးခြားခြား အရပ်ရှည်သောလူတစ်ဦးကို ချုပ်နှောင်ထားလေ၏။ ထိုသူမှာ ဓားပျံ ဂိုဏ်းချုပ်ကြီး တုံကျယ်ဖေးပင် ဖြစ်သည်။

ထန်ဟာန့်တို့လူသိုက် အသေအလဲ လိုက်ရှာနေသော တုံကျယ်ဖေးပင် ဖြစ်သည်။



လျှုဖော့က သံတိုင်ကိုကိုင်ရင်း လှမ်းမေးလိုက်သည်။

"ကျွန်တော် တစ်ခုမေးပါရစေ"

တုံကျယ်ဖေးက မျက်မှောင်ကုတ်၍ ကြည့်လေသည်။

"ဘာမေးမှာလဲ"

"ဆရာကြီးဟာ ဓားပျံဂိုဏ်းချုပ် တုံကျယ်ဖေးပါလားခင်ဗျာ"

"ဟုတ်တယ်၊ မင်း ဘယ်သူလဲ"

"ကျွန်တော်က ထန်ဟာန့်နဲ့ ကျန်းကျန်းကျွန်းတို့ရဲ့ မိတ်ဆွေ လျှုဖော့ပါ၊ ကျွန်တော်တို့သုံးယောက် ဆရာကြီးကို ရှာကြပါသေးတယ်၊ ဘယ်မှာမှမတွေ့လို့ လက်လျှော့လိုက်တာပါ၊ တွေ့မယ့် ကွေ့တော့လဲ ဒီလိုနေရာမျိုးမှာ လာတွေ့ရတယ်"

တုံကျယ်ဖေးက ...

"မင်းတို့က ငါ့ကို လိုက်ရှာကြတယ်လား"

"ဟုတ်ပါတယ်၊ ကယ်ဆယ်ဖို့ပါ"

"ကျေးဇူးပါတယ်ကွာ"

"သူတို့ ဆရာကြီးကို ဖမ်းချုပ်ထားတာ ရန်ငြိုးရှိလို့လား ဖြစ်လို့ ဖမ်းထားတာလဲ"

"ငါ့ကို သူတို့ဖမ်းချုပ်ထားတာက ငါက သူတို့အကြောင်း

အနည်းအကျဉ်း သိထားလို့ပါ၊ သူတို့ရဲ့ လျှို့ဝှက်အဖွဲ့အစည်းဟာ အတော် နိုင်မာနေပြီပဲ၊ ငါက ဒီလျှို့ဝှက်အကြောင်း အချို့ကို သိလိုက်လို့ပါ"

"ဘယ်လို သိတာလဲ"

"သူတို့ ဂိုဏ်းသားတစ်ဦးကို ဖမ်းမိဖူးတယ်လေ၊ ဒီဂိုဏ်းသားက သူ့ကိုသတ်မှာစိုးလို့တော့ ငါတို့မေးသမျှ အကုန်ပြောတာပဲ၊ ဒီလျှို့ဝှက်ချက်ကို ငါတို့သိသွားပြီဆိုပြီး သူတို့လျှို့ဝှက်အဆိပ်သဲနဲ့ အပက်ခံခဲ့ရတယ်၊ ဟိုကျိုးကြြင့်နဲ့တွေ့လို့ မသေတာ၊ အခုနောက်ဆုံး မင်းမြင်ရတဲ့အတိုင်းပဲ၊ ဒီအချုပ်ခန်းထဲကို ရောက်လာတော့တာပဲ"

"ဆရာကြီးနဲ့အတူတူ ဆေးဆရာကြီး ဟိုကျိုးကြြင့်လဲ အဖမ်းခံရတယ် မဟုတ်လား"

"အေး ... အဖမ်းခံရတယ်၊ ဒီနေ့ မနက်ခင်းလောက်ကမှ သူ့ကို ဖမ်းခေါ်သွားကြတယ်၊ ဘယ်ကိုခေါ်သွားသလဲတော့ ငါမသိဘူး၊ သတ်တော့ မသတ်သေးဘူးလို့ ယူဆရတယ်၊ ဟိုကျိုးကြြင့်က ဆေးပညာမှာ တော်တယ်မဟုတ်လား၊ သူ့ကိုသုံးရဦးမှာပေါ့၊ အဲဒီကတည်းက ဆေးဆရာကြီးဟာ ငါ့ဆီကို ပြန်မရောက်တော့ဘူး"

"ကျွန်တော်နဲ့ဆရာကြီး ဒီမှာ အချုပ်ခံနေရမှန်းသိရင် ထန်ဟန်



လာကယ်မှာပဲ၊ ထန်ဟန့်ဟာ အမြဲပါင်းအသင့်မပါမှာ သိပ်သစ္စာရှိတာ၊ ကျွန်တော်တော့ သူ့ကို မလာစေချင်ပါဘူးဗျာ"

"သေချာတာပေါ့၊ မင်းကို သူတို့က ငါးစာအဖြစ် ဖမ်းထားတာကွ"

"ဟုတ်တယ် ... ကျွန်တော်လည်း သိတယ်၊ ကျွန်တော့်ကို ရှုပေးနေတဲ့ငန်းနဲ့ နှိုင်းတယ်၊ ကျွန်တော်ဟာ မိတ်ဆွေကောင်းတွေကို မြူခေါ်နိုင်တဲ့ကောင်းလို့ သူတို့ ယူဆထားတယ်၊ ဟုတ်လဲဟုတ်ပါတယ်၊ ထန်ဟန့်ဟာ ကျွန်တော် အဖမ်းခံရတယ်ဆိုတာသိရင် ကိုန်းသေလာကယ်မှာ"

"သူတို့ဟာ အစောင့်တွေနဲ့ ဝိုင်းကြည့်နေမှာကွ၊ ငါ့စိတ်ထင် နန်းဟာစင်းတို့သုံးယောက်ပေါင်း စောင့်ကြည့်နေမယ်လို့ ထင်တယ် ကဖြစ်လို့လဲဆိုတော့ ထန်ဟန့်ဟာ သူတို့အတွက် ငါးသေးသေး ဟုတ်ဘူးကွ၊ ငါးကြီးကြီးတစ်ကောင် ဖြစ်နေတယ်၊ သူတို့ဟာ န်ဟန့်ကို ခုမှသတ်ချင်ကြတာ မဟုတ်ဘူး၊ အချိန်အတော်ကြာတည်းက သတ်ချင်နေတာကွ၊ ဒါပေမယ့် သူတို့သဘောတယ်ဆိုတာ လူသိမှာစိုးတယ်၊ ထန်ဟန့်ကို ဘယ်သူသတ်သွားမှန်း မသိဘူးတဲ့ အခြေအနေမျိုးပဲ ရောက်စေချင်တယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်ကလည်း ထန်ဟန့်ကို မလာစေချင်တာပါ"

"ကိစ္စမရှိပါဘူးကွာ၊ ငါတို့လည်း တစ်နည်းတစ်ဖုံ ကြံကြသေးတာပေါ့၊ လွတ်သွားနိုင်လို့တော့လားကွာ၊ သူတို့ကို တစ်သက်ကို မကျေဘူးကွ"

လျူဖော့မှာ စကားမပြောနိုင်တော့ပါ။

ထန်ဟန့် လာမကယ်ရန် မည်သို့သတိပေးသွားရမည်ကိုသာ စဉ်းစားတွေးတောနေတော့သည်။

☆ ☆ ☆

## အခန်း (၂၃)

## စိန်ခေါ်ခြင်း

အုအိတုံ၊ စန်ဟာစင်းနှင့် ရှားကောင်လိုတို့ သုံးယောက်သည် သေဆုံးနေသော သက်တော်စောင့် နံပါတ်တစ်ဆယ်၊ နံပါတ်ဆယ့်ခုနစ်နှင့် နံပါတ် ဆယ့်ရှစ်တို့အလောင်းကို ကြည့်ရှုနေ၏။

အုအိတုံက ...

"မနေ့က ကျုပ်တို့ကြည့်နေတာ အားလုံးအတွေ့အမြင်ပဲ၊ လျူဖော့ရဲ့လက်သီးက တော်တော်ပြင်းတယ်၊ နံပါတ်တစ်ဆယ်နဲ့ နံပါတ်ဆယ့်ခုနစ်ကို ထိုးလိုက်တဲ့ လက်သီးချက်တွေဟာ လျှပ်ပြက်သလိုပဲ၊ မြန်လည်းမြန်တယ်၊ ပြင်းလည်းပြင်းတယ်၊ ဒါပေမယ့် မိကြိုးသိုင်းပညာတော့ မဟုတ်ဘူး"

စန်ဟာစင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... လျှုဖော့ဆိုတဲ့ကောင်က တော်တော်ကြီးမြန်တဲ့ကောင်ပဲ၊ ဟိုသုံးယောက် ဘာမှတောင် မလုပ်လိုက်နိုင်ဘူး၊ လျှုဖော့ရဲ့ လက်သီးချက်မိပြီး သေသွားရတယ်၊ ဒီလို အရက်ထမ်းရောင်းတဲ့ကောင်က ဒီလောက်အဆင့်မြင့်တဲ့ သိုင်းကွက်တွေကိုတတ်ထားတာ အံ့ဩစရာပဲ"

စန်ဟာစင်းသည် လျှုဖော့၏သိုင်းပညာကို ကြည့်ချင်သောကြောင့် သက်တော်စောင့်ငါးယောက်ကို ဝိုင်းတိုက်နိုင်းခဲ့ခြင်း ဖြစ်ပေသည်။

ထိုစမ်းသပ်ပွဲတွင် သူ့လူသုံးယောက် သေဆုံးသွားခဲ့ရပေသည်။ ရှားတောင်လိုက ...

"ကျုပ်သဘောအရတော့ ဒီလျှုဖော့ဆိုတဲ့ကောင်ကို စုံစမ်းချင်တယ်ဗျာ၊ ဒီကောင်ဟာ ပေါ့သေးသေးကောင် မဟုတ်ဘူး၊ သိုင်းပညာကို အဆင့်မြင့်မြင့် တတ်ထားတယ်ဗျ၊ ဒီကောင်ဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ၊ ဒီအချက်တွေကို စုံစမ်းသင့်တယ်လို့ ကျုပ်ထင်တယ်ဗျ"

စန်ဟာစင်းက ရှင်းပြလိုက်သည်။

"ကျုပ်က ဟိုကောင်တွေကို မသတ်နဲ့ဦးလို့ အမိန့်ပေးတာ ဒီအကြောင်းကြောင့်ပဲဗျာ"



ရှားတောင်လိုက ...,

"အခုဆိုရင် လျှုဖော့ကိုမိထားပြီ၊ ဒီကောင့်ကို ငါးစာအဖြစ်ထားပြီး ထန်ကန့်နဲ့ ကျန်းကျန်းကျန်းဆိုတဲ့ ငါးကြီးနှစ်ကောင်ကို မျှားရမယ်၊ ဟား ... ဟား ... ဟား ... ငါးကြီးနှစ်ကောင် ဘယ်ပြေးမလဲ၊ ကျုပ်သိချင်တယ်ဗျာ၊ ဟား ... ဟား ... ဟား ..."

အဲဒီတုံက ...

"ခင်ဗျားတို့ အရေးကြီးတဲ့အချက်ကို မမေ့နဲ့ဦးဗျ"

ရှားတောင်လိုက မေးလိုက်သည်။

"ဘာအချက်လဲဗျ"

"ခင်ဗျားတို့ မေ့နေကြပြီ၊ ကျုပ်တို့ သိုင်းဘုရင်ကြီး စုံစမ်းနိုင်းလိုက်တဲ့ အချက်လေ၊ မိကြိုးသိုင်းဂိုဏ်းအကြောင်းပဲ၊ မိကြိုးသိုင်းဂိုဏ်းကို ကျုပ်တို့ စုံစမ်းကြရမယ်"

"ကျုပ်တို့ စုံစမ်းနေကြတာပဲ"

"သိုင်းဘုရင်ကြီးကတော့ ကြွယ်ဘုန်းကြီးမသေခင်မှာ ပညာဆက်ခံခဲ့တဲ့တပည့် ရှိသေးသလား၊ မရှိဘူးလားဆိုတဲ့အကြောင်း စုံစမ်းနိုင်းထားခဲ့တယ်၊ နောက်ပြီး ကျုပ်တို့အဖွဲ့အစည်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေ၊ ဒီအချက်တွေဟာ ပေါ်ရေးရှင်ရေး အရေးကြီးတယ်ဗျ၊ ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်တွေ ပေါက်ကြားသလား၊ မပေါက်ကြား

ဘုရားလားဆိုတာတွေလည်း စုံစမ်းရမယ်၊ သိုင်းဘုရင်ကြီးက ဒီကိစ္စနဲ့ ပတ်သက်ပြီး ပေါ့ပေါ့ဆဆ မကိုင်တွယ်ကြဖို့ အမြဲသတိပေးခဲ့တယ် မဟုတ်လား၊ သူသိတယ်ဗျ၊ မိကြီးသိုင်းဂိုဏ်းဟာ သူ့အဖွဲ့အစည်းကို ဖျက်ဆီးနိုင်တဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာ"

ရှားကောင်လိုက ...

"အစ်ကိုကြီးအုအီတုံ ... ခင်ဗျားမှာ ဘယ်လိုအကြံဉာဏ်များ ရှိထားသလဲဗျာ၊ အကြံဉာဏ်ကောင်းရှိရင် ကျုပ်တို့ကို ပြောပါ၊ ကျုပ်တို့နှစ်ယောက်ဟာ အစ်ကိုကြီးပြောသလိုလုပ်ဖို့ အဆင်သင့် ပါပဲဗျာ"

အုအီတုံက ခေါင်းညိတ်သည်။

"ရှိတယ်"

စန်ဟားစင်းက ...

"ရှိရင် ဆက်လုပ်ဗျာ၊ ကျုပ်တို့နှစ်ယောက်က အစ်ကိုကြီးပြော သလို လုပ်မှာပဲ"

အုအီတုံက ...

"ကောင်းပြီ ... ခင်ဗျားတို့ လိုက်လုပ်ဖို့သာ အဆင်သင့်ဖြစ် ထားပေတော့"

☆ ☆ ☆



လျူဖော့ အရက်ရောင်းမထွက်ခင်က ကျန်းကျန်းကျွန်းအား ညဘက်တွင် ပြန်ဆုံရန် ချိန်းဆိုသွားခဲ့သည်။ သူတို့ချိန်းဆိုခဲ့သည့် နေရာမှာ ဟွမ်ကျင်းကစားဝိုင်းတွင် ဖြစ်သည်။

ကျန်းကျန်းကျွန်းသည် ညနေစောင်းကတည်းက ဟွမ်ကျန်း ကစားဝိုင်းတွင် ရောက်နေခဲ့သည်။ သူသည် လျူဖော့အား လာရောက် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ မိုးချုပ်သည်အထိ သူသည် လျူဖော့ ကို စောင့်နေခဲ့ပေသည်။ လျူဖော့က ပေါ်မလာပေ။

ကျန်းကျန်းကျွန်း စိတ်တိုနေသော်လည်း လိုင်ယွန်သူဌေး နွားမွေးမြူရေးပိုင်ရှင် ကျင်းမန်ထန်နှင့် အရက်သောက်ရင်း စကားပြော နေသော်လည်း ကျန်းကျန်းကျွန်း စိတ်မပါပေ။ စိတ်က လျူဖော့နှင့် တွေ့ရန်သာ စိတ်စောနေသဖြင့် အရက်သောက်နေသော်လည်း အရသာမရှိ ဖြစ်နေပေသည်။

မကြာမီ ဟွမ်ကျင်းကစားဝိုင်းသို့ ထန်ဟန့် ရောက်ရှိလာ၏။

ကျန်းကျန်းကျွန်းက လျူဖော့ ဝင်လာပြီအထင်နှင့် မော့ကြည့် မိ၏။ စပ်ဖြီးဖြီးနှင့် ထန်ဟန့်ကို တွေ့ရသောအခါ ပို၍ ဒေါသထွက် သွားလေတော့သည်။

ထန်ဟန့်သည် မျက်နှာနီရဲနေသော ကျန်းကျန်းကျွန်းကို ကြည့် လိုက်ပြီး ...

"ဘယ်လိုဖြစ်နေတာလဲ၊ မင်း ဖဲရှုံးလို့ ဒေါသဖြစ်နေတာလား"

"ဖဲ မရှုံးပါဘူး"

"လာ … အရက်သောက်ရအောင်ကွာ"

"မသောက်ဘူး"

"မင်း စိတ်ဆိုးနေမှန်း ငါ သိပါတယ်ကွာ၊ ဒါပေမယ့် ငါ မင်းကို စကားပြောစရာရှိတယ်ကွ၊ မင်း လူတစ်ယောက်ကို စောင့်နေတယ်၊ အခု ဒီလူမလာနိုင်တော့ဘူး"

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားတော့၏။

ကျွန်းကျွန်းကျွန်းသည် အံ့အားသင့်သွား၏။ ချက်ချင်းပင် ထန်ဟန့်နောက်သို့ ထလိုက်တော့၏။

"ဟေ့ … ဟေ့ … နေဦး"

ထန်ဟန့်က ရပ်စောင့်နေသည်။

"ဟေ့ကောင် … တစ်နေရာမှာ အရက်သွားသောက်ကြမယ်"

မြို့စွန်တစ်နေရာရှိ ယုန်သားကင်ရောင်းသော ဟူအဘိုးအို၏ ဆိုင်တွင် သွားရောက် အရက်သောက်နေကြ၏။ ထန်ဟန့်သည် ယုန်သားကင်ကို အပြတ်စားနေ၏။ ခေါင်းဖော်ပေ။

အတန်ကြာမှ အရက်တစ်ခွက် သောက်ပြီးသော် ယုန်သားကို



ထပ်မံစားပြန်သည်။ ကျွန်းကျွန်းကျွန်းက ခေါင်းမဖော်ဘဲစားနေသည့် ထန်ဟန့်ကို ကြည့်နေ၏။ ထန်ဟန့် စားရှုံ့ဝပြီထင်လောက်မှ စတင် စကားပြောလိုက်သည်။

"ကဲ … ဒီလောက်စားရရင် ဝလောက်ရောပေါ့"

"စားလို့ကောင်းလို့ပါကွာ"

"မင်းစားတာ ငါကြည့်နေတယ်၊ ယုန်ကင်သုံးကောင် ရှိနေပြီ"

"ငါစားတဲ့ ယုန်ကင်က သေးသေးလေးတွေပါ"

"ဝလောက်ပါပြီကွာ"

"အေး … ဝပြီဆိုပါတော့"

"ဝရင် စကားလေးဘာလေး ပြောပါဦး"

"ပြောမယ်၊ မင်း ဘာသိချင်သလဲ"

"လျူဖော့ ဘယ်ရောက်နေသလဲ"

"ဘုံကျောင်းထဲမှာ"

"ဘာ … ဘုံကျောင်းထဲမှာ"

"ဘုံကျောင်းရဲ့ ခန်းမအောက်မှာ မြေအောက် အချုပ်ခန်းရှိတယ်၊ အဲဒီမှာ အချုပ်ခံနေရတယ်"

"သူ့ကို ဘယ်သူတွေက ချုပ်ထားတာလဲ"

"ဖမ်းထားတဲ့ လူတွေကို မင်းသိရင် အံ့ဩသွားမယ်"

"မအံ့ဩပါဘူး၊ ပြောမှာ ပြောစမ်းပါ"

"ဟို အဆောက်အအုံသစ် ဆောက်လုပ်နေတဲ့ ကြီးကြပ်ရေးမှူး ဝတ်စုံစိမ်းဝတ် အဘိုးအို သုံးယောက်လေ"

"ငါ မအံ့ဩပါဘူး၊ ဒီလူတွေ သိုင်းသမားတွေဆိုတာ ငါ သိထားတာပဲ"

"ဒီဘုံကျောင်းဟာ သူတို့အဖွဲ့အစည်းရဲ့ ဌာနခွဲပဲ၊ အဲဒီအချုပ်ခန်းထဲမှာ လျှူဖော့နဲ့အတူ ဘယ်သူ့ကို ချုပ်ထားတယ် ထင်သလဲ"

"ဘယ်သိမလဲကွ"

"ဓားပျံဂိုဏ်းချုပ် တုံကျယ်ဖေးလည်း အချုပ်ခံနေရတယ်"

ကျွန်းကျွန်းကျွန်းက စားပွဲခုံကို လက်ဖြင့်ရိုက်ချလိုက်၏။

"ဖြန်း ..."

"မင်းက သူတို့နှစ်ယောက် အဲဒီမှာ အချုပ်ခံနေရမှန်း သိရက်နဲ့ ဒီမှာ ယုန်သားကင်စားနိုင်သေးသလား၊ ဒီမှာ အရက်သောက်နိုင်သေးသလား"

ထိုသို့ စကားပြောနေစဉ် ထင်ဟန့်က ကျွန်းကျွန်းကျွန်းကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ ထို့နောက် တိုးတိုးလေးဖြင့် ပြောလိုက်လေသည်။



"စကားကို ဣန္ဒြေမပျက် ပြောနေ၊ ငါတို့နောက်ကို လူတစ်ယောက် လိုက်နေတယ်"

ကျွန်းကျွန်းကျွန်းက ခေါင်းညိတ်လိုက်၏။

"မင်း စားနေ ... စားနေ ... စားပိုးနင့်အောင်စား၊ အရက်လည်း ဗိုက်ကွဲအောင် သောက်၊ နောက်ပြီး သေကွာ"

"ငါကတော့ စားမှာပဲ၊ ဆာနေတာကိုးကွ"

သူတို့သည် ဆက်လက်စကားပြောနေကြ၏။ မကြာမီ လေပြင်း တစ်ချက်တိုက်ပြီး မီးများငြိမ်းကုန်တော့၏။ တစ်ဆိုင်လုံး မှောင်သွားလေသည်။

ထန်ဟန့်နှင့် ကျွန်းကျွန်းကျွန်းတို့သည် အမှောင်ထဲ၌ ငြိမ်နေသည်။ သူတို့ တစ်စုံတစ်ယောက်ပေါ်လာမည်ကို သိနေသည်။ ထို့ကြောင့် ငြိမ်၍စောင့်ဆိုင်းနေသည်။

ထို့နောက် ဆိုင်ခန်းဝတွင် လရောင်နှင့် လူတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

ဝိန်ဝိန်ရှည်ရှည် လူတစ်ယောက် ဖြစ်နေ၏။ မျက်နှာပုံပန်း မပီပြင်သော်လည်း မျက်လုံးနှစ်လုံးကမူ အရောင်တောက်ပနေသည်။

ကျွန်းကျွန်းကျွန်းက တိုးတိုး မေးလိုက်လေသည်။

"သူ ဘယ်သူလဲ"

ထန်ဟန့်က လေသံတိုးတိုးဖြင့် ...

"အုအိတုံဆိုတာလေ၊ ဝတ်စုံစိမ်းစိတ် အဘိုးအိုသုံးယောက် ထဲက တစ်ယောက်ပေါ့"

"အင်း ..."

ကျွန်းကျွန်းကျွန်းသည် လေသံမာမာဖြင့် မေးလိုက်သည်။

"အဘိုးကြီး ... ခင်ဗျား ဘာကိစ္စနဲ့ ကျုပ်နောက်ကို လိုက်လာ ရတာလဲ"

အုအိတုံက ...

"ဟဲ ... ဟဲ ... ဟဲ ... မင်းရဲ့ ရိုလုံစားသိုင်းပညာကို စမ်းသပ် ချင်လို့ လိုက်လာတာကွ"

ကျွန်းကျွန်းကျွန်းသည် ဒေါသပေါက်ကွဲသွားလေသည်။

သူသည် စားပွဲကို ဖြန်းခနဲ ရိုက်လိုက်သည်။

ထိုအခါ ထန်ဟန့်က ...

"မင်း စိတ်ကိုထိန်းဦးကွ၊ ဒေါသဖြစ်ရင် အမှားပါတတ်တယ်၊ ဒေါသက အမှားကို ဖြစ်စေတတ်တယ်"

ကျွန်းကျွန်းကျွန်းသည် ရုတ်တရက် သတိရသွားသည်။ လေကို



အဝ ရှူလိုက်ပြီး ဒေါသထွက်နေသောစိတ်ကို ငြိမ်သက်သွားအောင် ဖြူဖြင်လိုက်သည်။

ပြီးမှ ထန်ဟန့်ကို ...

"လာ ... လိုက်သွားကြရအောင်၊ အဘိုးကြီးက စိန်ခေါ်ပြီး ထွက်သွားပြီကွ"

ထိုအခါ ထန်ဟန့်နှင့် ကျွန်းကျွန်းကျွန်းတို့သည် ဆိုင်အပြင် သို့ ထွက်လိုက်သွားကြ၏။

ဆိုင်အပြင်ဘက်တွင် ဆိုင်ရှင်အဘိုးကြီးကို ရှာသော်လည်း မတွေ့ရချေ။

"မင်းက ဒေါသထွက်ဖို့ချည်း စိတ်ကူးနေတာပဲ၊ သူပြောတာ ဘာ အမှားပါလို့လဲကွ"

ထန်ဟန့်က အပြစ်တင်လိုက်သည်။

"ဒေါသရှေ့ထားရင် မှားတတ်တယ်ကွ၊ သတိထားပေါ့ကွာ"

"အေးပါကွာ ... ငါ မှားမှန်းသိပါတယ်"

သူတို့သည် အဘိုးအိုကို ရှာရလိုက်ကြသည်။ အဘိုးအိုသည် လရောင်အောက် တောစပ်၌ ရပ်နေလေ၏။

"ဟော ... ဟိုမှာ အဘိုးကြီး"

ထန်ဟန့်က ညွှန်ပြပြီး ပြောလိုက်၏။

"ငါတို့ သူ့နောက်ကို လိုက်မှာလား၊ တော်ကြာ ထောင်ချောက် ဆင်ထားချင် ဆင်ထားမယ်"

ထန်ဟန့်က ဆက်ပြောလေသည်။

ကျန်းကျုန်းကျွန်းက …

"သူက စိန်ခေါ်သွားတာကွ၊ မလိုက်ရင် ငါ့ကို လူကြောက် လို့ ပြောလိမ့်မယ်၊ လိုက်မယ်ကွာ … ဘာပဲဖြစ်ဖြစ်"

"အေး … လိုက်ကြတာပေါ့ကွာ"

ထန်ဟန့်သည် ထိုမျှသာပြောပြီး အဘိုးအိုနောက်သို့ လိုက် လေတော့သည်။

အဘိုးကြီးသည် မြို့ပြင်ရှိ တောင်ကုန်းများရှိရာသို့ ဦးတည် သွားနေလေ၏။

ဤသို့ဖြင့် ထန်ဟန့်နှင့် ကျုန်းကျုန်းကျွန်းတို့သည် တောင်ကုန်း နှစ်ခုအကြား မြေပြန့်သို့ ရောက်ရှိသွားလေသည်။

တောင်ကုန်းတစ်ခုပေါ်တွင် အုအိတုံ၊ စန်ဟာစင်းနှင့် ရှား တောင်လိုတို့အပြင် သူတို့လက်အောက်မှ အခြားသိုင်းသမားနှစ်ဦး ပေါင်းကာ စုစုပေါင်း ငါးယောက် ရပ်နေကြလေသည်။



အခြားတောင်ကုန်းတစ်ခုပေါ်တွင် ရွှေဝါရောင် မျက်နှာဖုံးစုပ် ထားသော လူလေးယောက် ရပ်နေကြလေ၏။

ထိုလူလေးယောက်မှာ ဖျတ်လတ်သွက်လက်ပုံ ရသည်။

အနေအထားကိုကြည့်ပြီး လူငယ်များဖြစ်မည်ဟု ခန့်မှန်းရ လေသည်။

သို့ရာတွင် လူတစ်ယောက်ကို စိန်ခေါ်ပြီး လာစောင့်နေသူများ ဖြစ်ရာ အဆင့်မြင့် သိုင်းပညာရှင်များ ဖြစ်ရမည်ဟု ထန်ဟန့်က ခန့်မှန်းလေသည်။

တစ်ဖက်တွင် ရန်သူ ငါးယောက်၊ တစ်ဖက်တွင် ရန်သူ လေးယောက်၊ စုစုပေါင်း ကိုးယောက်တို့သည် တောင်ကုန်းထိပ်တွင် ရပ်စောင့်နေကြသည်။

တောင်ကုန်းနှစ်ခုကြား၌ မြေပြန့်ကွက်လပ် ဖြစ်နေရာ သိုင်း ပညာယှဉ်ပြိုင်စရာ နေရာကဲ့သို့ ဖြစ်နေလေသည်။

☆ ☆ ☆

## အခန်း (၂၄)

## တောင်ကြားကွက်လပ်တိုက်ပွဲ

ထန်ဟန်နှင့် ကျန်းကျန်းကျွန်းသည် တောင်ကုန်းနှစ်ခုကြားကွက်လပ်ဆီသို့ ဦးတည်လျှောက်လာကြလေသည်။

ကျန်းကျန်းကျွန်းက ...

"ငါတို့ မှားသွားတယ်ကွာ"

"ဘာမှားတာလဲ"

"အခုနေ လူလွှတ်ပြီး လျှုဖော့နဲ့ တုံကျယ်ဖေးတို့ကို သွားကယ်နိုင်းရင် အင်မတန်ကောင်းတဲ့ အခွင့်အရေးတစ်ခုပဲကွ၊ ဒီနှစ်ယောက်ကို သူတို့ ကြာရှည်ချုပ်ထားရင် နိုးရိမ်ရတယ်ကွ၊ အေးလေ ... ဒီလိုမှန်းမှ မသိတာကိုး"

"ဟား ဟား ... ဟား ..."



"မင်းက ဘာရယ်တာလဲ"

"စိတ်မပူပါနဲ့ကွာ၊ ကံကောင်းရင် ငါတို့နှစ်ယောက် မိုးလင်းတာနဲ့ လျှုဖော့နဲ့ တုံကျယ်ဖေးတို့ကို တွေ့ရပါလိမ့်မယ်"

"ဟ ... မင်းက ပိုင်လှချည်လား၊ ဘာတွေလုပ်ထားလို့ ဒီလိုပြောရဲတာလဲ"

"အမှန်ပြောရရင် မင်းကို ဟွမ်ကျင်းကစားဗိုင်းက ခေါ်ထုတ်လာတာရယ်၊ အခုလို မင်းကို စိန်ခေါ်အောင်လုပ်တာရယ်ဟာ ငါဆင်ထားတဲ့ အကွက်တွေပဲ၊ ဒီကောင်တွေအားလုံး ငါတို့ကို ဂရုစိုက်အောင် အာရုံပြောင်းပြီး မျှားခေါ်လာတာ ငါ့အစီအမံပဲကွ၊ ဒါမှ ဓားပုံ့ဂိုဏ်းက ထိပ်တန်းသိုင်းသမားလေးယောက်က လျှုဖော့နဲ့ သူတို့ရဲ့ ဂိုဏ်းချုပ်ကို ကယ်နိုင်မှာပေါ့ကွ၊ မင်း နားလည်ပြီလား၊ ဟား ... ဟား ... ဟား ..."

"မင်းက အတော်လည်တဲ့ မီးခဲပါပဲကွာ"

"ဟား ... ဟား ... ဟား ..."

ထန်ဟန့်သည် ကျေနပ်စွာ ရယ်မောနေမိလေ၏။

သူသည် ဤ ထိပ်သီးသိုင်းသမားများလက်မှ လွတ်အောင်ပြေးနိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။

ကျန်းကျန်းကျွန်းသည် ထန်ဟန့်၏လှုပ်ရပ်ကို သဘောပေါက်သွားသဖြင့် သွက်သွက်လက်လက် ကွက်လပ်ဆီသို့ လျှောက်သွားလေတော့သည်။

ခဏကြာမီ သူတို့နှစ်ယောက်သည် မြေကွက်လပ်ဆီသို့ ရောက်သွားကြသည်။

အုအိတုံက …

“မင်းတို့က ရယ်များတောင် ရယ်နေကြသေးတယ်၊ ဘာများတိုင်ပင်လာကြသလဲ”

ထန်ဟန့်က ပြုံးခနဲ့နဲ့နှင့်ပင် …

“ကျုပ်တို့က ခင်ဗျားတို့ကို ဘယ်လိုပြန်ချရမလဲလို့ ပြောလာကြတာ၊ ခင်ဗျားတို့ကို ပြန်ချနိုင်မယ့်နည်းလမ်းကို ပြောလာကြတာဗျ”

“ဟား … ဟား … ဟား …”

အုအိတုံက ရယ်လိုက်သည်။

“တော်တော် ရယ်စရာကောင်းတဲ့ ခကောင်တွေပဲ၊ မင်းတို့သေကြတော့မှာကွ၊ ကဲ …”

အုအိတုံက လက်မြှောက် အချက်ပြလိုက်သည်။

ထိုအခါ သက်တော်စောင့် ဆယ့်ရှစ်ယောက်ထဲမှ နံပါတ်သုံး



သည် ခါးကြားထဲမှ ဓားနှစ်လက်ကို ဆွဲထုတ်ပြီး ကွက်လပ်တွင်းသို့ ခုန်ချလာလေသည်။

သူ့ဓားများသည် ငှက်ခါးရောင် ထနေလေသည်။

ထန်ဟန့်က သတိပေးလိုက်သည်။

“ကျန်းကျန်းကျွန်း … သတိထား၊ ဒီကောင်က သက်တော်စောင့် ဆယ့်ရှစ်ယောက်ထဲမှာ နံပါတ်သုံး ချိတ်တဲ့ကောင်၊ သူ့သိုင်းပညာအဆင့်က သူတို့ရဲ့ခေါင်းဆောင် စန့်ထန်ကြူနဲ့ မတိမ်းမယိမ်းရှိလိမ့်မယ်၊ သူ့ဓားနှစ်လက်မှာ အဆိပ်လူးထားတယ်၊ သတိထား”

ကျန်းကျန်းကျွန်းက …

“အေး … မင်း နောက်ဆုတ်လိုက်၊ ဟိုဘက်က လေးကောင်ကို သတိထားနေ၊ ဟို အဘိုးကြီးသုံးယောက်ကတော့ သူတို့သိက္ခာကိုထိန်းနေလို့ ဝင်ရှုပ်မှာ မဟုတ်ဘူး”

ထိုစဉ် သက်တော်စောင့် နံပါတ်သုံးသည် ကျန်းကျန်းကျွန်းရှေ့သို့ ရောက်ရှိလာလေသည်။

“ဟေ့ကောင် … မင်း လေ့ကျင့်တဲ့သိုင်းပညာက မိကြိုးကိုဏ်းက ဝူရှန့်လို့ခေါ်တဲ့ သိုင်းပညာမဟုတ်လား၊ မှန်မှန်ပြောစမ်း၊ ငါသိချင်တယ်”

ကျန်းကျန်းကျွန်းက မဲ့လိုက်ပြီး ...

"မင်း သိချင်သလား၊ သွားသေလိုက်ပါလား၊ မင်းသိချင်တိုင်း ငါက ဖြေရမှာလား"

"မပြောလို့ ရမလားကွ"

"လျှာမရှည်နဲ့ ..."

ကျန်းကျန်းကျွန်းသည် လက်ဦးအောင် တိုက်ခိုက်၏။ ကျန်းကျန်းကျွန်း၏ ဓားသည် လေထုကိုခွဲပြီး မြွေဟောက်တစ်ကောင် ပေါက်သကဲ့သို့ နံပါတ်သုံးအား တိုက်ခိုက်လိုက်လေသည်။

တောင်ကုန်းပေါ်မှ အဘိုးကြီး သုံးယောက်သည် ကျန်းကျန်းကျွန်း အသုံးပြုသည့်တိုက်ကွက်ကို မမှိတ်မသုန် အကဲခတ် ကြည့်နေကြလေသည်။

သူတို့သည် ကျန်းကျန်းကျွန်းက မိကြိုးသိုင်းကွက်အချို့ကို သုံးလိမ့်မည်ဟု မျှော်လင့်နေကြပေသည်။

အမှန်တွင် ကျန်းကျန်းကျွန်း၏ ရိလုံဓားသိုင်းပညာမှာ သူ၏ ဘိုးဘွားများ တီထွင်ခဲ့သော သိုင်းပညာဖြစ်သည်။ ကျန်းကျန်းကျွန်းသည် ရုပ်ဆိုးသော်လည်း ဉာဏ်ပညာ ထက်မြက်သူဖြစ်သည်။

တစ်ဖက်သောင်ထွန်း၊ တစ်ဖက်ကမ်းပြိုဆိုသော စကားကဲ့သို့



အရုပ်ဆိုးသောသူများသည် ဉာဏ်ပညာ ထက်မြက်ကြသည် မဟုတ်ပါလော။

သူသည် မိကြိုးသိုင်းပညာအကြောင်း ကြားဖူးနားဝရှိသူ ဖြစ်၏။ အဘိုးကြီးသုံးယောက်၏ ကြံရွယ်ချက်ကို ချက်ချင်းပင် စဉ်းစားမိလေသည်။

ဤ အဘိုးကြီးသုံးယောက်တို့သည် မိကြိုးဝူရှန်သိုင်းပညာ တတ် မြောက်သူ လူတစ်ယောက်ကို သဲသဲမဲမဲ ရှာဖွေနေမှန်း ကျန်းကျန်းကျွန်း ရိပ်မိလိုက်လေသည်။

ထိုသို့ ရိပ်မိလိုက်သောအခါ သူသည် သက်တော်စောင့် နံပါတ်သုံးကို သနားသွားလေ၏။

နံပါတ်သုံးသည် အဘိုးကြီးများ၏ အသုံးချခံပစ္စည်း ဖြစ်နေသည်ကို သူ သိလိုက်ရပြီ မဟုတ်ပါလား။

"ဟောကောင် ... မြေစာပင်ကလေး"

ကျန်းကျန်းကျွန်းက လှမ်းခေါ်လိုက်၏။

"ဘာ မြေစာပင်လဲ"

နံပါတ်သုံးသည် သဘောမပေါက်ပေ။ သူသည် အဘိုးကြီးများ မိကြိုးဝူရှန် သိုင်းပညာတတ်သူကို ရှာဖွေနေရာ၌ ဝင်ရောက်တိုက်

နိုက်ပေးနေရသူ ဖြစ်နေမှန်းကို သူ မသိပေ။ သူသည် ဓားနှစ်လက်ဖြင့် ကျန်းကျန်းကျွန်း၏ ပခုံးနှစ်ဖက်ကို ပိုင်းချလိုက်သည်။

ကျန်းကျန်းကျွန်းသည် နံပါတ်သုံး၏ဓားကို ပြန်မခုခံပေ။ ရှစ်ပေရောက်သည်အထိ ဆုတ်ခွာရှောင်ထွက်သွားလေ၏။

နံပါတ်သုံးသည် တစ်ပတ်ကျွမ်းထိုးပြီး ကျန်းကျန်းကျွန်းနောက်သို့ လိုက်လေ၏။ သူသည် ဓားနှစ်လက်ဖြင့် ဆက်တိုက်ပင် ခုတ်ထစ်ပိုင်းဖြတ်လေသည်။ အမျိုးမျိုး ထိုးခုတ်တိုက်ခိုက်သည်။

ကျန်းကျန်းကျွန်းသည် လုံးဝ ပြန်မတိုက်ဘဲ ရှောင်ပဲရှောင်နေသည်။

ထိုအခါ နံပါတ်သုံးသည် ဆက်မတိုက်တော့ဘဲ သူ့တိုက်ခိုက်မှုကို ရပ်ဆိုင်းလိုက်သည်။

ကျန်းကျန်းကျွန်းသည် နံပါတ်သုံးကို မမှိတ်မသုန် ကြည့်နေလေတော့သည်။

နံပါတ်သုံးသည် သူ့ဓားနှစ်လက်ကို မြေကြီးထဲသို့ ထိုးစိုက်လိုက်၏။

ဤလုပ်ရပ်မှာ ထူးဆန်းသောလုပ်ရပ် ဖြစ်လေ၏။ အသက်လုတိုက်ခိုက်နေရသောအချိန်၌ မည်သူသည် ဓားနှစ်လက်ကို မြေကြီး၌ ထိုးစိုက်ပါမည်နည်း။



ရပ်ကြည့်နေသူများပင် အံ့အားသင့်သွားသည်။ သူ့လုပ်ရပ်က အံ့အားသင့်စရာပင်။ သူသည် ဓားနှစ်ချောင်းကို လက်ဖြင့်ထောက်ထားပြီး ကင်းမြီးကောက် ထောင်လိုက်သည်။ သူသည် ကျန်းကျန်းကျွန်း၏ ဓားကိုင်လက်ကို ခြေနှစ်ချောင်းဖြင့် တိုက်ခိုက်လိုက်သည်။

ကျန်းကျန်းကျွန်းက ကိုယ်တစ်ပတ်လှည့်ပြီး ရှောင်တိမ်းလိုက်၏။ ထို့နောက် အောက်ဘက်မှဓားကို ပင့်တင်လိုက်လေသည်။

နံပါတ်သုံး၏ ခြေထောက်များကို ဖြတ်လိုက်ခြင်းဖြစ်၏။ ခြေထောက်နှစ်ချောင်းသည် လျှင်မြန်သောအရှိန်အဟုန်ဖြင့် နောက်သို့ ဆုတ်သွားသည်။

နံပါတ်သုံးသည် သူကိုင်ထားသော ဓားနှစ်ချောင်းဖြင့် လျှပ်တစ်ပြက် ပစ်ခတ်လိုက်တော့သည်။ တစ်ချောင်းက ဝမ်းဗိုက်၊ တစ်ချောင်းက လည်မျိုဆီသို့။

မည်သူမျှ မထင်မှတ်သောတိုက်ကွက် ဖြစ်ပေသည်။ ထိုဓားနှစ်ချောင်းတွင် အလွန်ပြင်းထန်သော အဆိပ်တစ်မျိုး လူးထားသည်။

အထိမခံသောအဆိပ်မျိုး ဖြစ်သည်။ အနည်းငယ် ရှသည့်နေရာသို့ ထိုအဆိပ်ကိုထိလျှင် ထိုလူသေပေမည်။

ယခု တိုက်ပွဲအနေအထားမှာ ကျန်းကျန်းကျွန်းနှင့် နံပါတ်သုံး

မှာ မျက်နှာချင်းဆိုင် ဖြစ်နေသည်။ ကျန်းကျန်းကျွန်း၏ ကျောက်ဘက်တွင် အစိမ်းရောင်ဝတ်စုံဝတ်သည့် အဘိုးအိုသုံးယောက်နှင့် သက်တော်စောင့် နံပါတ်နှစ်တို့ ရပ်နေသည်။

ကျန်းကျန်းကျွန်လသည် ဓားလာရာမှ လွတ်ထွက်သွားသည်။

သူရှောင်ထွက်သွားပုံမှာ လျှင်မြန်လှသဖြင့် နံပါတ်သုံး၏ နောက်ကျော မကျတကျဆီသို့ ရောက်ရှိသွားလေတော့သည်။ ကျန်းကျန်းကျွန်းသည် အချိန်ကို အလကား မဖြုန်းတီးတော့ပေ။ နံပါတ်သုံး၏ နောက်ကျောဘီဆီမှ ဓားကိုထိုးသွင်းလိုက်ရာ နံပါတ်သုံး၏ နှလုံးသားကို ဖောက်ထွင်းသွားလေတော့သည်။

အထက်ပါဖြစ်ရပ်သည် လျှပ်တစ်ပြက်ဖြစ်ရပ် ဖြစ်လေသည်။

နောက်ဘက်မှ ရပ်ကြည့်နေသော အဘိုးအိုသုံးယောက်နှင့် သက်တော်စောင့် နံပါတ်သုံးတို့သည် သက်တော်စောင့် နံပါတ်သုံး၏ ဉာဏ်မျှားလှသော တိုက်ကွက်ကို ကြည့်ပြီး အလွန်ပီတိဖြစ်နေကြသည်။

ကျန်းကျွန်းကျွန်းက အမှတ်မထင် ရှောင်တိမ်းလိုက်သောအခါ နံပါတ်သုံးပစ်လွှတ်လိုက်သော ဓားနှစ်ချောင်းသည် သက်တော်စောင့် နံပါတ်နှစ်နှင့် ရှားတောင်လိုထံသို့ ဦးတည် ပျံသန်းသွားတော့သည်။



ရှားတောင်လိုသည် အံ့အားသင့်သွားသည်။ သို့သော် သူသည် လျှပ်တစ်ပြက် ရှောင်ရှားလိုက်သည်။ နံပါတ်သုံး၏ဓားသည် သူ၏ ဝမ်းဗိုက်နားမှကပ်၍ ဖြစ်ကျော်သွားလေသည်။

သက်တော်စောင့် နံပါတ်နှစ်မှာမူ ပျံသန်းလာသောဓားကို မရှောင်နိုင်ချေ။ ဓားသည် လည်မျိုတည့်တည့်သို့ စိုက်ဝင်သွားသည်။ နံပါတ်နှစ်သည် ကံဆိုသူမောင်ရှင် ဖြစ်သွားလေသည်။

"အား ..."

သူသည် အသံနက်ကြီးဖြင့်အော်ရင်း သေဆုံးသွားလေတော့၏။

တိုက်ပွဲမှာ ခေတ္တပြီးဆုံးသွားလေသည်။ အဘိုးအိုတို့ဘက်မှ အပိုလူတစ်ယောက် သေဆုံးသွားရသည်။ ထိုအတွက် အဘိုးအိုသုံးယောက်သည် မည်သို့မျှ စိတ်ထိခိုက်ပုံ မရပေ။

သူတို့စိတ်ဝင်စားသည်မှာ မိကြိုးသိုင်းကွက်ပင် ဖြစ်သည်။

စန်ဟာစင်းက ...

"ဘယ်လိုလဲ၊ ခင်ဗျားတို့လည်း မြင်သားပဲ၊ ဒီကောင်သုံးတာ မိကြိုးသိုင်းကွက် မဟုတ်ဘူးဗျ၊ ဒီကောင် မိကြိုးသိုင်းပညာကို မတတ်ဘူ ဆိုတာ ပေါ်လွင်နေပြီ"

ကျန်အဘိုးအိုသုံးယောက်တို့သည် တွေးဝေကာ စဉ်းစားနေကြတော့သည်။

ထိုစဉ် ...

"ဟား ... ဟား ... ဟား ... ဘယ်လိုလဲ၊ ခင်ဗျားတို့ဘက်က နှစ်ယောက် ကျဆုံးသွားပြီ၊ ကျုပ်တို့ ဆက်ပြိုင်ရဦးမှာလား"

ကျွန်းကျွန်းကျွန်းက အော်လိုက်လေသည်။

အဘိုးအိုသုံးယောက်မှာ ကျွန်းကျွန်းကျွန်း၏စကားကို ဂရုမစိုက်ချေ။ ခေါင်းချင်းရိုက် တိုင်ပင်နေ၏။

အုအိတုံက ...

"ဒါဆို ထန်ဟန့်ကို စမ်းကြည့်ရအောင်"

ရှားတောင်လိုက ခေါင်းညိတ်လိုက်၏။

"ဒီအကြံကောင်းတယ်၊ လုပ်ပါ"

"ဒီလိုဆိုရင် ကျုပ်တို့ဘက်က ကျင်းရှင်းစေတမန် နံ့ပါတ်ငါးကိုလွှတ်ပြီး စမ်းခိုင်းလိုက်မယ်၊ အားလုံး သဘောတူရဲ့လား"

"တူတယ် ... တူတယ်"

ရှားတောင်လိုနှင့် စန်ဟာစင်းတို့ နှစ်ယောက်စလုံးက သဘောတူကြသည်။

ထိုအခါ အုအိတုံက တစ်ဖက်တောင်ကုန်းသို့ လက်မြှောက်၍ အချက်ပြလိုက်တော့သည်။



တစ်ဖက်တောင်ကုန်းတွင် စေတမန်လေးယောက်တို့သည် ဓား၊ လှံ၊ ကျာပွတ်၊ တုတ် စသည့်လက်နက်များကို ကိုင်ဆောင်ထားလေသည်။

အုအိတုံ အချက်ပြပြီးနောက် တုတ်ကိုင်ထားသူ ကျင်းရှင်းစေတမန်နံ့ပါတ်ငါးသည် ကွပ်လပ်ထဲသို့ ခုန်ဆင်းလာလေတော့သည်။

ထန်ဟန့်သည် ရှေ့သို့တက်သွားလေ၏။ ထိုအခါ ကျွန်းကျွန်းကျွန်းက ထန်ဟန့်အား လှမ်းထားလိုက်သည်။

"နေဦး ... ထန်ဟန့်၊ ငါတိုက်မယ်"

"စောစောက မင်းအလှည့်လေ၊ အခု ငါ့အလှည့်"

"မဟုတ်ဘူး၊ ငါသွေးပူနေတုန်း ငါပဲတိုက်ပါရစေ၊ ငါ သူ့ကို ရှင်းနိုင်ပါတယ်ကွ"

"ငါလည်း ရှင်းနိုင်ပါတယ်"

တုတ်ကိုင်ထားသော ကျင်းရှင်းစေတမန် နံ့ပါတ်ငါးက ...

"ဟေ့ကောင် ... မင်း တိုက်ပြီးပြီမဟုတ်လား၊ ဘေးဖယ်စမ်း၊ မင်းက အတော်သေချင်နေသလား"

သူသည် ကျွန်းကျွန်းကျွန်းကို လှမ်းအော်လိုက်၏။ ကျွန်းကျွန်းကျွန်းသည် ထန်ဟန့်ကိုနောက်သို့ ဆွဲလိုက်ပြီး ဓားဖြင့် လျင်မြန်စွာ ထိုးချလိုက်သည်။ လျှပ်တစ်ပြက်ဓားချက်ပင်။

"အား ..."

ကျင်းရှင်းစေတမန် နံပါတ်ငါး၏ နှာနှာကြည်းကြည်း အော်သံ ကြီးပင် ဖြစ်တော့သည်။ တိုက်ပွဲပြီးဆုံးသွားလေပြီ။ လျင်မြန်လှသော တိုက်ပွဲ ဖြစ်လေသည်။

ကျင်းရှင်းစေတမန် နံပါတ်ငါးသည် ထန်ဟန့်အားတိုက်ရန် အချက်ပြလိုက်သည်ကို သိသည်။ သူ့အာရုံသည် ထင်ဟန့်၌သာ ရောက်နေသည်။

ထိုစဉ် ကျန်းကျန်းကျွန်းက လျှပ်တစ်ပြက် ဓားနှင့်ထိုးသွင်း လိုက်သောအခါ သူ မရှောင်နိုင်တော့ပေ။ ရန်သူအပေါ် အထင်အမြင် သေးသောအခြေခံလည်း ပါရှိသည်။

ကျန်းကျန်းကျွန်း၏ တိုက်ကွက် ဤမျှ လျင်မြန်မည်ကိုလည်း မသိပေ။

ရန်သူကို အထင်သေးသူတို့မှာ နောက်ဆုံး သေမင်းနှင့်မျက် နှာချင်းဆိုင်ရခြင်းပင် ဖြစ်တော့သည်။

အာဒိတုံက ...

"ကျုပ်တို့ ကျန်းကျန်းကျွန်းကို အထင်သေးမိတာ ကျုပ်တို့ မဟာအမှားပဲ"

စန်ဟာစင်းက ...



"ကျုပ်တို့ရဲ့ ကျင်းရှင်းစေတမန်ငါးကလည်း အသုံးမကျပါ ဘူး၊ ရန်သူကို တစ်ကွက်တည်းနဲ့ ရှုံးရတယ်လို့"

ထိုစဉ် ကျန်းကျန်းကျွန်းသည် ဒယိမ်းဒယိုင်နှင့် နောက်ဆုတ် သွားလေသည်။ သူ ဒဏ်ရာရသွားလေပြီ၊ ဖြစ်ပုံမှာ ဤသို့တည်း။

ကျင်းရှင်းစေတမန် နံပါတ်ငါးသည် ဓားနှင့်အထိုးခံလိုက်ရ သဖြင့် သေလုမျောပါး ဖြစ်သွားသည်။

ထိုစဉ် သူသည် ကျန်းကျန်းကျွန်း၏ ရင်ဝသို့ ရှိရှိသမျှ အတွင်းအားကို အားကုန် ဖျစ်ညှစ်၍ ရိုက်ချလိုက်သည်။

ကျန်းကျန်းကျွန်းမှာ သူ့ဓားချက်မိသွားပြီဟု စိတ်အေးလက် အေး ရှိနေခိုက်တွင် ကျင်းရှင်းစေတမန် နံပါတ်ငါး၏လက်ဝါးသည် သူ့ရင်ခွင်အား လာရောက်ရိုက်နှက်လိုက်လေသည်။

ထိုအခါ ကျန်းကျန်းကျွန်းသည် ပြင်းထန်သော လက်ဝါးရိုက် ချက်ကြောင့် ဒယိမ်းဒယိုင် နောက်ဆုတ်သွားရလေသည်။

"ကျန်းကျန်းကျွန်း ... မင်း ရှုံးဆလိုက်တာပဲ"

☆ ☆ ☆

## အခန်း (၂၅)

## ရှုံးရချက်နာ

လိပ်ပြာသိုင်းသမား ရှားတောင်လိုက ပြောလိုက်သည်။

"အတော်ပဲ ... တစ်ယောက်တော့ သေလုမြောပါး ဖြစ်သွားပြီ၊ ကျန်တဲ့တစ်ယောက်ကိုလည်း သတ်ရမယ်"

စန်ဟာစင်းက ...

"ထန်ဟန့်ဟာ အင်မတန်လည်တယ်၊ ကျုပ်တို့ခြောက်ယောက် ဝိုင်းထားတဲ့ကြားက လွတ်အောင် ပြေးသွားနိုင်လိမ့်မယ်လို့ ကျုပ် ထင်တယ်"

အုအိတုံက ...

"ဒီခြောက်ယောက်ကြားထဲက လွတ်အောင် ပြေးနိုင်ပါ့မလား"



"ပြေးနိုင်တယ်၊ သူ့ကို မီးခဲထန်ဟန့်လို့ခေါ်တာ အလကား မဟုတ်ဘူး၊ လက်ဝဲရံ စစ်သူကြီးရဲ့တပည့်ကို ကြည့်ရှင်းနိုင်းရမယ်"

ရှားတောင်လိုက ပြောလိုက်၏။

"သူ့နာမည်က ဘယ်သူလဲ"

စန်ဟာစင်းက မေးလိုက်၏။

ထိုအခါ ရှားတောင်လိုက ...

"သူ့နာမည်က ပစ်မလွဲ ဝင်းပိကျူးလို့ ခေါ်တယ်၊ တုကူးဝေရဲ့ လက်သပ်မွေးထားတဲ့ တပည့်ပါ၊ သူ့လက်နက်ပုန်းဟာ ပစ်မှတ်ကို မလွဲအောင်ပစ်နိုင်လို့ သူ့ကို ပစ်မလွဲလို့ ခေါ်ကြတာပဲ"

အုအိတုံက ...

"ကောင်းပြီ ... ဒီလိုဆိုရင် ခင်ဗျား ဟိုတောင်ကုန်းပေါ်က ကျောက်တုံးပေါ် တက်ရပ်နေဗျာ၊ ထန်ဟန့်ဟာ မိကြိုးဝိုထင်းရဲ့ အမွေ ခံ တပည့်မှန်းသိတာနဲ့ ဝင်းပိကျူးကို သူ့လက်နက်ပုန်းနဲ့ ပစ်သတ် ခိုင်းလိုက်၊ ဝင်းပိကျူကို ခင်ဗျားအမိန့်ပေးရင် ကောယ်မဟုတ်လား"

"ရပါတယ်"

ရှားတောင်လိုက ဖြေလိုက်သည်။

ထို့နောက် စန်ဟာစင်းဘက်သို့ လှည့်လိုက်ပြီး ...

"ခင်ဗျားနဲ့ကျုပ်က ထန်ဟန့်ရဲ့ပြေးပိတ်ကို ပိတ်ရမယ်၊ သူ့ပြေးလမ်းကို ပိတ်ထားရမယ်"

ဤကဲ့သို့ အသီးသီးမှာကြားပြီးနောက် အုအိတ့်က ကျင်းရှင်းစေတမန်သုံးယောက်ကို ညှပ်တိုက်ရန် အချက်ပြလိုက်လေသည်။

ကျင်းရှင်းစေတမန်သုံးယောက်သည် စွန်ရဲသုံးကောင်အလား တောင်ကုန်းပေါ်မှ ဝဲပျံလာ၏။

ထန်ဟန့်သည် ထိုလူသုံးယောက်ကို ရင်ဆိုင်လိုက်သည်။ လှံကိုင်သော ကျင်းရှင်းစေတမန် နံပါတ်လေးနှင့် ရှေးဦးစွာ တွေ့သည်။

ကျင်းရှင်းစေတမန် နံပါတ်လေးက လှံဖြင့် လေးချက်ထိုးလေ၏။ ထန်ဟန့်သည် လေထဲ၌လိမ့်၍ ရှောင်လိုက်၏။

ထိုသို့ရှောင်လိုက်ပြီး ကျင်းရှင်းစေတမန် နံပါတ်သုံး၏ဓားကိုင်လက်ကို ဖမ်းဆုတ်လိုက်သည်။

မိသောအခါ နံပါတ်သုံး၏ရင်ကို စုံကန်လိုက်၏။ နံပါတ်သုံးမှာ အလစ်အငိုက် မိသွားပြီး ဝုန်းခနဲ လွင့်စဉ်သွားတော့သည်။

သူ့လက်ထဲဓားသည် ထန်ဟန့်လက်ထဲသို့ ရောက်သွားသည်။

နံပါတ်လေးသည် သူ့မျက်စိရှေ့မှ ထန်ဟန့်ပျောက်သွားသဖြင့် သူသည်လှည့်၍ ရှာလိုက်၏။



ထိုစဉ် ဓားတစ်ချောင်းသည် သူ့ရင်ဝသို့ လာရောက်ထိုးစိုက်သွားလေတော့သည်။

"အု ..."

သူသည် လဲကျသေဆုံးသွားသည်။

ကျန်ရှိနေသေးသော ကျင်းရှင်းစေတမန် နံပါတ်ခုနစ်သည် စိတ်ပူသွား၏။

သူ့အဖော်နှစ်ယောက် သေဆုံးသွားပြီ မဟုတ်ပါလား။ နံပါတ်ခုနစ်၏လက်နက်သည် ကျာပွတ်ဖြစ်သည်။ ထန်ဟန့်သည် ကျာပွတ်ကို ရှောင်တိမ်းရုံသာ ရှောင်တိမ်းလိုက်ပြီး ပြန်မတိုက်ချေ၊ တိုက်ခိုက်နေရင်း ထန်ဟန့်က ပြောသည်။

"မင်း အရက်တိုက်ခဲ့တဲ့ ကျေးဇူး၊ အပျော်မယ်ခေါ်ပေးတဲ့ ကျေးဇူးကြောင့် မင်းကို ငါပြန်မတိုက်ပါဘူး၊ အခု ဒီကျေးဇူးတွေ ဆပ်တဲ့အနေနဲ့ မင်းကို ငါဘာမှမလုပ်တာ၊ နောက်တစ်ခါတွေ့ရင်တော့ ရန်သူတွေပဲ၊ ကဲ ... ငါသွားတော့မယ်"

ထန်ဟန့်သည် ကျင်းရှင်းစေတမန် နံပါတ်ခုနစ်ကို သိသည်။ ထို့ကြောင့် ဤစကားကို ပြောခြင်းဖြစ်လေသည်။

စကားဆုံးသောအခါ သူသည် ကျန်းကျန်းကျွန်းရှိရာသို့ ခုန်ထွက်သွားသည်။

ဘေးမှအခြေအနေကို ရပ်ကြည့်နေသော အဘိုးကြီးသုံးယောက်သည် ထန်ဟန့်၏ ကျားသစ်တစ်ကောင်အလား မြန်ဆန်သောလှုပ်ရှားမှုကို အံ့သြမှင်တတ်နေကြ၏။

ထန်ဟန့် သိုင်းပညာသည် အလွန်မြန်ဆန်လှသည်။ အလွန်အဆင့်မြင့်၏။

အဘိုးအိုသုံးယောက်သည် ထန်ဟန့်၏သိုင်းပညာကိုကြည့်ပြီး ငေးမောမိကြရာမှ မိမိတို့ လုပ်ဆောင်ရမည့် တာဝန်များ မေ့လျော့သွားကြလေ၏။

ထန်ဟန့်သည် ကျားပွတ်ရိုက်ချက်များကြားမှ ပြေးထွက်လာပြီး ကျန်းကျန်းကျွန်းကို ပွေ့ချီလိုက်သည်။ ထို့နောက် လျင်မြန်စွာ ပြေးလွှားထွက်သွားတော့သည်။

ငေးကြည့်နေသူများသည် မည်သူမ ပြေးလမ်းကို မပိတ်ဆို့နိုင်ဘဲ ဖြစ်သွားကြသည်။

လျှို့ဝှက်စွာ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးမှ သိုင်းဘုရင်ကြီးသည် သူ၏လက်အောက် ငယ်သားများဖြစ်သည့် အုအိတ်စန်ဟာစင်းနှင့် ရှားတောင်လိုတို့အား လျှို့ဝှက်တာဝန်တစ်ခု ပေးသွားလေသည်။



၎င်းတာဝန်မှာ မိကြီးသိုင်းဂိုဏ်း၏ ဘုန်းတော်ကြီးတွင် တပည့်ရှိမရှိ စုံစမ်းရန်၊ တပည့်ရှိပါက ထိုတပည့်ကို ဖမ်းဆီးပြီး မိကြီးဂိုဏ်း၏ သိုင်းပညာများကို စစ်ထုတ်ယူရန်ဟူ၍ လျှို့ဝှက်တာဝန် ပေးခဲ့လေသည်။

ထိုတပည့်ထံမှ လျှို့ဝှက်ချက်ကို ယူပြီးသောအခါ သတ်ပစ်ရမည် ဖြစ်သည်။

စောစောက ထန်ဟန့်တိုက်ခိုက်ခဲ့သော တိုက်ကွက်များတွင် မိကြီးသိုင်းကွက် တစ်ကွက်မျှ မပါချေ။ ပါလာလျှင်တော့ ဤမျှ အလုပ်ရှုပ်စရာ မလိုချေ။ ပါလာလျှင် ထန်ဟန့်အား အပြတ်ရှင်းလိုက်ရုံပင် ဖြစ်သည်။

ယခုတော့ မြွေပါလည်းဆုံး သားလည်းဆုံး ဖြစ်ရချေပြီ၊ သိချင်သော အကြောင်းလည်း မသိရ။ လက်အောက်ငယ်သားများလည်း သေဆုံးကြရသည်။

ထန်ဟန့်၏ လျင်မြန်သော လှုပ်ရှားမှုကိုကြည့်ပြီး အံ့သြမှင်သက်နေကြသူများအနက် စန်ဟာစင်းသည် ပထမဆုံး သတိဝင်လာသူ ဖြစ်၏။

သူသည် ထန်ဟန့်နောက်သို့ ပြေးလိုက်ရန် ဟန်ပြင်လိုက်၏။

"နှိုး ...ဲ"

ထိုအချိန်မှာပင် လေထုကိုထိုးခွဲလာသော မြှားတစ်စင်းသည် စန်ဟာစင်း၏ရင်ကို ဖောက်ထွင်းဝင်သွားလေတော့သည်။

"အား ..."

ထိုဖြစ်ရပ်ကို အုအိတုံ အံ့အားသင့်စွာ ကြည့်နေစဉ် လူ့ဦးခေါင်း တစ်လုံးသည် သူ့ရှေ့သို့ ကျလာလေသည်။ ဘယ်သူ့ ဦးခေါင်းလဲ။

ထိုဦးခေါင်းမှာ ထန်ဟန့်ကိုလုပ်ကြံရန် တာဝန်ယူထားသော ဝင်းပိကျုံ၏ ဦးခေါင်းပင်ဖြစ်သည်။ ဝင်းပိကျုံသည် သူ့လက်နက် ပုန်းကို အသုံးမပြုရခင် အသက်ထွက်သွားလေပြီ။

ကျောက်တုံးတစ်တုံးအကွယ်မှ အဘိုးအိုတစ်ယောက် ပေါ်ထွက် လာလေသည်။

အုအိတုံက ...

"ခင်ဗျား ဘယ်သူလဲ"

အဘိုးအိုက ...

"ငါက ကျွန်းဆိုင်သွေးသောက် ရဲသုံးဖော်ထဲက မိုးပျံကျား သစ် အုံယန်ကျွန်းပဲ"

"ဝင်းပိကျုံကို ခင်ဗျား သတ်လိုက်တာလား"



"ဟုတ်တယ်၊ ဒီကောင့်ဆရာ တုကူးဝေဟာ ငါ့အစ်ကို ရဲနှစ်ဖော်ကို လုပ်ကြံသွားတယ်ဆိုတာ မင်းတို့ မသိဘူးမဟုတ်လား၊ ငါ့အစ်ကိုတွေ သေသွားရတာကို လုံးဝမမေ့ဘူး၊ ဒါဟာ ကလဲ့စား ချေတာပဲကွ"

အုအိတုံသည် စိတ်ကိုထိန်းချုပ်လျက် ပြောသည်။ ကျင်းရှင်း စေတမန်ခုနစ်အား လှမ်းအမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

"စန်ဟာစင်းရဲ့အလောင်းကို သွားချီပိုးခဲ့"

လျှောက်လာသော ကျန်းရှင်းစေတမန် နံပါတ်ခုနစ်အား အုံယန်ကျွန့်က လှမ်းပြောလိုက်၏။

"လုပ်မနေနဲ့၊ ဒီအသေကောင်ကြီးကို ပစ်ထားလိုက်စမ်းပါ၊ မင်း အပင်ပန်းခံမနေပါနဲ့"

အုအိတုံက ကျင်းရှင်းစေတမန်ခုနစ်ကို လှမ်းခေါ်လိုက်သည်။

"လာ ... စန်ဟာစင်းရဲ့အလောင်းကို မသယ်နဲ့တော့"

သူသည် တောင်ကုန်းပေါ်၌ ရပ်နေသော အုယန်ကျွန့်ကို လက်ယပ်ခေါ်လိုက်သည်။

"လာ ... ဆင်းခဲ့၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ယှဉ်ပြိုင်ကြရအောင်"

အုံယန်ကျွန့်က ...

"ငါ မင်းနဲ့ယှဉ်ပြိုင်ဖို့ စိတ်မဝင်စားဘူးကွ"

"ဒါဖြင့် ခင်ဗျားစိတ်ဝင်စားတာ ဘယ်သူလဲ"

"ငါ စိတ်ဝင်စားတာကို ပြောရမလား"

"ပြောစမ်းပါ၊ ကျုပ် သိချင်နေတယ်"

"မင်းတို့ရဲ့ လက်ဝဲရံစစ်သူကြီး တုကူးဝေနဲ့ လက်ယာရံစစ်သူကြီး တုကူးလျှပ်ပဲ၊ သူတို့ဟာ ငါနဲ့ ရန်ငြိုးရှိတယ်"

ထိုအခါ အုအိတုံက လှောင်ရယ် ရယ်လိုက်သည်။

"ခင်ဗျားက သူတို့နှစ်ယောက် ဒီမှာ မရှိမှန်းသိလို့ ဒီစကားပြောတာလား၊ သူတို့ရှိရင် ခင်ဗျားကိုတိုက်ခိုက်မှာ သေချာပါတယ်"

"တိုက်ခိုက်ရင် ကောင်းတာပေါ့၊ ငါကလည်း တိုက်ခိုက်ချင်နေတာ၊ ဒီကောင်နှစ်ကောင်ကိုတွေ့မှ ကောင်းကောင်းဆုံးမရမယ်၊ မင်း အဲဒီနှစ်ကောင်ကို ပြောလိုက်ပါ၊ ငါ အုံယန်ကျွန်းက ရန်စကြွေးရှင်းစရာရှိလို့ စောင့်နေတယ်လို့"

"ထားပါ ... အဲဒီနှစ်ယောက် ဒီမှာမရှိဘူး၊ ဒီနေ့ပြဿနာကိုတော့ ဒီနေ့ရှင်းရမှာပေါ့၊ ခင်ဗျား တောင်ကုန်းပေါ်က ဆင်းခဲ့ပါ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ပြဿနာရှင်းမယ်"

"မင်းက ဖြည်းဖြည်းပေါ့၊ ဘာများ လောနေရတာလဲ၊ ငါနဲ့ မယှဉ်ပြိုင်ခင်နဲ့၊ လောလောဆယ် နောက်ကိုလှည့်ကြည့်လိုက်ပါဦး"



အုအိတုံသည် နောက်သို့ လှည့်ကြည့်လိုက်၏။ အုအိုတုံမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ သူ၏အနောက်ဘက် ကောင်းကင်ကြီးမှာ နီရဲနေသည်။ တစ်စုံတစ်ခု မီးလောင်နေသောကြောင့် ဖြစ်ကြောင်း တောင်ကုန်းပေါ်မှ မြင်နေရသည်။

မီးလောင်မှုက အရှိန်အဟုန် ပြင်းထန်လှပေသည်။

ထိုနေရာကို အုအိတုံ ခန့်မှန်းကြည့်သည်။ သူတို့ အဆောက်အအုံသစ် ဆောက်လုပ်ထားသော နေရာပေတည်း။

"ဟာ ... ငါတို့ အဆောက်အအုံသစ် ဆောက်ထားတဲ့နေရာကွ၊ ကုန်ပါပြီ ... ကုန်ပါပြီ"

သူသည် သူ့လူများကိုပင် မခေါ်နိုင်တော့ဘဲ မီးလောင်မြေရှိရာသို့ ပြေးလေတော့၏။ ရှားတောင်လိုနှင့် ကျင်းရှင်းစေတမန်နံပါတ်ခုနစ်တို့လည်း နောက်မှပြေးလိုက်သွားကြလေတော့သည်။

☆ ☆ ☆

## အခန်း (၂၆)

## အပူကိုယ်စီ

မီးလောင်မှုသည် ရှို့မီးကြောင့် ဖြစ်သည်။ ဆောက်လက်စ အဆောက်အအုံနှင့် အဆောက်အအုံဆောက်ရန် စုစည်းထားသည့် သစ်သား၊ အုတ်၊ ကျောက်စသည်အားလုံးကို မီးလောင်နေခြင်း ဖြစ်သည်။

ရေရှားပါးသောနေရာဖြစ်သည့်အတွက် မီးကို မငြိမ်းသတ်နိုင် ဖြစ်နေသည်။

လောင်မြိုက်နေသော မီးတောက်မီးလျှံများကို ကြည့်ရှုသာ နေရသည်။

လူများဖြင့် ရှုပ်ယှက်ခတ်နေသော မီးလောင်ပြင်ကြီးကိုကြည့်ပြီး အုအိတုံသည် ဒေါသအမျက် ခြောင်းခြောင်းထွက်နေလေ၏။



မီးလောင်ခံနေရသော ပစ္စည်းတန်ဖိုးက မသေးချေ။ သစ်သားများသည် တောင်ပုံရာပုံ စုဆောင်းထားခြင်း ဖြစ်သည်။

ယခု ထိုသစ်သားများသည် လောင်စာဖြစ်သွားလေပြီ။ ယင်းမီးကြောင့် အဖွဲ့အစည်းအတွက် အဆောက်အအုံ တည်ဆောက်ရမည့် လုပ်ငန်းသည် ရေစုန်မျောသွားလေပြီ။

အုအိတုံက အလုပ်သမား ခေါင်းဆောင်တစ်ဦးကို ဖမ်းလိုက်၏။ ထို့နောက် စစ်မေးလေ၏။

"ဒီမီး ဘယ်လိုလောင်တာလဲ၊ ပြောစမ်း"

"ကျွန်တော်တို့လည်း မသိဘူး၊ ပြော ... ပြောကြတာကတော့"

"ဘာပြောလဲ ... ပြောစမ်း"

"ပြောကြတာကတော့ အမျိုးသမီးသုံးဦး လာရှို့တယ်လို့ ပြောကြတာပဲ"

"ဟင် ... အမျိုးသမီးသုံးယောက် ဟုတ်လား၊ ဒီလိုဆိုရင် လှဲကျင်းညီအစ်မသုံးယောက် ဖြစ်မယ်"

"ဟုတ်သလားတော့ မသိပါဘူးခင်ဗျာ"

"ဟုတ်တယ် ... ငါသိတယ်၊ သွားစမ်း မြန်မြန်၊ လိစန်းဒါးကို ရှာပြီး ခေါ်လာခဲ့စမ်း"

မကြာမီ ရှားတောင်လိုနှင့် ကျင်းရှင်းစေတမန် နံပါတ်ခုနစ်ဘို့လည်း ရောက်ရှိလာကြလေသည်။ ၎င်းတို့နှင့်အတူ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး မျက်နှာတွင် အမာရွတ်ရှိသူတစ်ဦးလည်း ပါလာသည်။

အုအိတုံ မျက်မှောင်ကြုတ်သွားလေ၏။

"မင်းက ဒီကို ဘာလုပ်တာလဲ၊ မင်းကို ဘုံကျောင်းထဲမှာပဲနေလို့ ပြောထားတယ် မဟုတ်လား၊ ဒီမှာမီးလောင်တာ မင်းနဲ့ဘာမှ မဆိုင်ဘူး"

"မီးလောင်တာ လာကြည့်တာ မဟုတ်ဘူး ဆရာကြီး၊ ဓားပျံဂိုဏ်းချုပ်နဲ့ လျှူဖော့တို့ကို ဓားပျံဂိုဏ်းက သိုင်းသမားလေးယောက် လာကယ်သွားတဲ့အကြောင်း အစီရင်ခံထားပါ၊ ကျွန်တော်တို့ဘက်က ခုခံကာကွယ်တဲ့ လူအားလုံး သေဆုံးသွားပါတယ်၊ ကျွန်တော်တစ်ယောက်ပဲ၊ အသက်ဘေးက လွတ်ခဲ့ပါတယ်"

"ဟင် ..."

အုအိတုံသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားလေတော့၏။ စကားမပြောနိုင်တော့ပေ။ ရှားတောင်လိုက ...

"ငါတို့တော့ ဒီနေ့ အလူးအလဲ ခံရတာပဲ၊ ရန်သူက ပရိယာယ်နဲ့ အားလုံးအကွက်ဆင်သွားတာပဲ"



သူသည် နဖူးကို လက်ဝါးဖြင့်ရိုက်၍ ပြောကြားလိုက်သည်။

မကြာမီ လိစန်းဒါး ရောက်ရှိလာသည်။ အရပ်ပိန်ပိန်ရှည်ရှည် လူငယ်တစ်ယောက် ဖြစ်သည်။ အသက်ဆယ့်ခုနစ်ခန့် ရှိသည် ရုပ်ဖြောင့်သော်လည်း ကောက်ကျစ်ယုတ်မာသော စိတ်ထားရှိသူတစ်ယောက် ဖြစ်သည်။

လိစန်းဒါးသည် ကျင်းရှင်းစေတမန် နံပါတ်ရှစ် ဖြစ်သည်။

အုအိတုံက ...

"မင်း မီးရှို့တဲ့ ကောင်မသုံးယောက်ကို တွေ့လိုက်ရဲ့လား"

"ဟုတ်ကဲ့ ... တွေ့ပါတယ်၊ သူတို့က ဒီအတိုင်းမီးလာရှို့တာ မဟုတ်ပါဘူး၊ ရုပ်ဖျက်ပြီးမှ လာရှို့ကြတာပါ"

"မင်းက မှတ်မိတယ်ပေါ့"

"ဟုတ်ကဲ့ ... မှတ်မိပါတယ်၊ မိန်းမချောသုံးယောက် ဖြစ်နေတယ်ဆိုတော့ ပိုပြီး သတိထားကြည့်မိတာပေါ့၊ မိန်းမချောလေးတွေဆိုတာ ကျွန်တော် သိနေရာပဲဗျာ"

အုအိတုံသည် ခေတ္တမျှစဉ်းစားနေသည်။ တခဏမျှသာ ကြာ၏။

"မင်းက ဘာဖြစ်လို့ ဝင်မတားတာလဲ၊ သူတို့သုံးယောက်ကို မင်း တားနိုင်ပါတယ်၊ နောက်ပြီး ဒီကောင်မသုံးယောက်က ဘယ်က သတ္တိတွေဝင်လာပြီး ဒီလိုလုပ်ရဲတာလဲ"

"ကျွန်တော်တွေ့တော့ သူ့တို့ မီးရှို့ပြီး ပြန်လာတာဗျ၊ ကျွန်တော်က ထူးပါတယ်လို့ ကြည့်နေတာ၊ နောက်တော့ ... မီးလောင်တော့တာပါပဲ"

အုအီတုံသည် ချက်ချင်းပင် ဆုံးဖြတ်ချက်သုံးခုကို ချလိုက်လေတော့သည်။

ပထမဆုံးဖြတ်ချက်မှာ ရှိသမျှအလုပ်သမားများ အလုပ်မရှိတော့ကြောင်းပြောပြီး ကိုယ့်ရပ်ရွာနေ ပြန်ကြရန် အမိန့်ထုတ်လိုက်ခြင်း ဖြစ်သည်။

ဒုတိယဆုံးဖြတ်ချက်မှာ သိုင်းဘုရင် ဌာနချုပ်သို့ စေတမန်တစ်ဦးစေလွှတ်ပြီး ဖြစ်ပျက်သော အကြောင်းအရာများကို တင်ပြအစီရင်ခံရန် ဖြစ်သည်။ လိုအပ်နေသော အဖွဲ့ဝင်ကိုဏ်းသား အင်အားကို ဖြည့်တင်းရန်လည်း တင်ပြချက်ထဲမှာ ပါသည်။

တတိယအချက်မှာ ပိုင်တန်းထိန်းထံ စေလွှတ်ပြီး ပျက်စီးသွားသော အပျက်အစီးများအတွက် ပြန်လည်ဝယ်ယူရန် လိုအပ်နေသောငွေကို တောင်းခိုင်းလိုက်ရန် ဖြစ်သည်။ သူသည် ထိုဆုံးဖြတ်ချက်များကို ချက်ချင်းဆောင်ရွက်လေသည်။

ထို့နောက် လီစန်းဒါးဘက်သို့ လှည့်လိုက်ပြီး ...



"အဲဒီ ကောင်မသုံးယောက်ရဲ့ ရုပ်ရည်နဲ့ သိုင်းပညာအရည်အချင်းကို မင်းသိသလား"

"ဟုတ်ကဲ့ ... ရုပ်ရည်ကတော့ အတော်ချောတယ်၊ သိုင်းပညာအရည်အချင်းကတော့ သိပ်မမြင့်ဘူးလို့ ကျွန်တော်ထင်တယ်"

"မင်းက ဒီကောင်မတွေကို ရှင်းရင် ရက်ဘယ်လောက် လိုအပ်မလဲ"

"သုံးရက်လောက်ရရင် ကိစ္စပြီးနိုင်ပါတယ်"

"အေး ... သုံးရက်ယူ၊ သုံးရက်ကြာလို့မှ ကိစ္စမပြီးရင် ငါ့ရှေ့မှာ မင်းကိုယ်မင်း သတ်၊ ကြားလား"

လီစန်းဒါးသည် ဦးညွှတ်အရိုအသေပေးပြီး ထွက်ခွာသွားသည်။

☆ ☆ ☆

မနေ့က လျှို့ဝှက်သောအဖွဲ့အစည်း၏ အဆောက်အအုံသစ်ကို မီးရှို့လိုက်သူမှာ လုံ့ကျင်းညီအစ်မသုံးဖော်ပင် ဖြစ်လေသည်။

အစပထမကတော့ လုံ့ကျင်းညီအစ်မနှစ်ယောက်က သဘောမတူပေ။ သူတို့လုပ်ရပ်မှာ ကျားမြီးသွားဆွဲရမည့်အလုပ် ဖြစ်သည်ကို အစ်မကြီးနှစ်ယောက်က သဘောပေါက်ကြသည်။

သို့သော် ...

ညီမအငယ်ဆုံးက အဟောင်းအမွေ လုပ်မည်ဆိုသောအခါ အစ်မကြီးနှစ်ယောက်မှာ မရှောင်သာတော့ချေ။ ညီမအငယ်ဆုံးနှင့်အတူ ဝင်လုပ်ရတော့သည်။

ညီမအငယ်ဆုံးဖြစ်သော ချန်ဝမ်လန်က ဤသို့မီးရှို့ရခြင်းမှာ ထန်ဟန့်ကို ကူညီရန်ဖြစ်သည်။

တောင်ကုန်းနှစ်ခုကြားတွင် ထန်ဟန့်နှင့် ကျွန်းကျွန်းကျွန်းတို့ သွားရောက်တိုက်ခိုက်နေသည်ကို ချန်ဝမ်လန် သိရှိရပေသည်။

သူသည် ဤကဲ့သို့ မီးရှို့လိုက်ခြင်းဖြင့် ထန်ဟန့်ကို ကယ်တင်နိုင်မည်ဟု ထင်သည်။

မီးသည် ဆောက်လက်စ အဆောက်အအုံနှင့် စုဆောင်းထားသော ပစ္စည်းအားလုံးကို လောင်ကျွမ်းသွားသည်။ ဤကိစ္စ အောင်မြင်သွားသဖြင့် ချန်ဝမ်လန် အတော်ပင် ပီတိဖြစ်နေသည်။

ဤကဲ့သို့ မီးရှို့ခြင်းသည် သူမ၏လက်ချက်မှန်းသိလျှင် သူမကို ထန်ဟန့်က အလွန်ကျေးဇူးတင်မည်ဟု တွေးမိရင်း ချန်ဝမ်လန် အလွန်ဝမ်းသာနေသည်။

မိန်းမတို့သည် သူရဲကောင်းကို မြတ်နိုးကြသည်မှာ ဓမ္မတာ



ဖြစ်သည်။ ချန်ဝမ်လန်၏စိတ်ထဲတွင် ထန်ဟန့်သည် သူရဲကောင်းဖြစ်နေသည်။

ထိုသို့လုပ်ခြင်းသည် မည်မျှ အန္တရာယ်ကြီးမားသည်ကို အစ်မကြီးနှစ်ယောက်က ရိပ်မိသည်။ စိတ်အားထက်သန်လွန်းသော ညီမငယ်က အစ်မနှစ်ယောက် မပါလျှင်ရှိပါစေ။ သူမတစ်ယောက်တည်း လုပ်မည်ဟု ဆိုသောကြောင့် အစ်မနှစ်ယောက်မှာ မပါမဖြစ် ပါကြရတော့သည်။

သူတို့ ညီအစ်မသုံးယောက်သည် ထိုအဖွဲ့အစည်းကြီး၏ လျှို့ဝှက်ချက်အနည်းငယ်ကိုလည်း သိထားကြ၏။ လျှို့ဝှက်ချက် အတော်များများကိုသိလျှင်မူကား ဤသို့ အဖျက်အဆီးလုပ်ငန်းများကို လုပ်ဝံ့မည် မဟုတ်ပေ။ ယခုတော့ သူတို့အပေါ် အန္တရာယ်ကျရောက်တော့မည် ဖြစ်သည်။

☆ ☆ ☆

ဝူချီပွတ်ရီလိုတွင် ကျောင်းရှင်စေတမုန် နံပါတ်ခုနစ် ရောက်ရှိနေ၏။ သူသည် အုအိတုံပေးသင့်စာကို ဖတ်ပြီးနောက် ကျောင်းရှင်စေတမန် နံပါတ်ခုနစ်ကို ပြောလိုက်၏။

"ငွေရေးကြေးရေးက အရေးမကြီးပါဘူး၊ အရေးကြီးတာက လက်ကျန်ကိစ္စကို ရှင်းဖို့ပဲ"

"ဟုတ်ပါတယ်ဗျာ၊ ဒီကိစ္စအားလုံးကို ဆရာကြီးသုံးယောက်က ဦးစီးပြီး လုပ်ကိုင်နေကြတာပါ၊ ကျွန်တော်တို့အနေနဲ့ သိုင်းဘုရင်ကြီးကို ဘယ်လိုဖွင့်ပြောနိုင်မှာလဲ"

ပိုင်တန်းထိန်းက …

"မင်းမို့လို့ ငါပြောလိုက်မယ်၊ သိုင်းဘုရင်ကြီးက တစ်ခုမှားတယ်ကွ၊ သူက ဘာဖြစ်လို့ မိကြိုးဂိုဏ်းတော်ကြီးရဲ့တပည့်ကို စုံစမ်းနေရတာလဲ၊ စုံစမ်းရလို့ကော ဘာအကျိုးရှိမှာလဲ၊ ဘုန်းတော်ကြီး ပျံလွန်သွားပြီပဲ၊ ငါတို့အဖွဲ့က သိုင်းလောကကြီးကို ချုပ်ကိုင်လိုက်ပြီဆိုရင် မိကြိုးဂိုဏ်းက သိုင်းသမားကို ဘာဂရုစိုက်ရမှာလဲ"

မိန်ရန်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ပိုင်တန်းထိန်းက ဆက်ပြောလေ၏။

"အခု အခြေအနေကို ပြန်စဉ်းစားကြည့်လေ၊ ကျန်းကျန်းကျွန်း၊ ထန်ဟန့်၊ စွန်းလူယီ၊ ရဲ့ယိယဲ့၊ ကောင်းလိန်ဖုန်း၊ မိုးပျံကျားသစ်၊ လှဲကျင်းညီအစ်မသုံးယောက်၊ လင်ကျင်းဖေ၊ ဓားပျံဂိုဏ်းချုပ်နဲ့ ဓားပျံ သိုင်းသမားလေးယောက်၊ ဒီလူတွေအားလုံးဟာ ငါတို့အဖွဲ့



အစည်းရဲ့ ရန်သူတွေဖြစ်ကုန်ပြီ၊ ဒီလူတွေကို နည်းတယ်ဆိုပြီး အထင်သေးလို့ မရဘူးကွ၊ အခု မီးလောင်တဲ့ကိစ္စကို ကြည့်စမ်း၊ လှဲကျင်းညီအစ်မ သုံးယောက်က မီးရှို့တယ်လို့ဆိုတယ်၊ သူတို့သုံးယောက် လုပ်တာနဲ့ ငါတို့ရဲ့ ကြီးမားတဲ့လုပ်ငန်းကြီး ပျက်စီးသွားရတယ်၊ ဆုံးရှုံးမှုဘယ် လောက်များတယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ လူရှစ်ရာလောက် နဲ့လုပ်တဲ့လုပ်ငန်းကြီး ပျက်စီးသွားတယ်ဆိုတာ ဘယ်လောက်ဆုံးရှုံးမှု ကြီးမားတယ်ဆိုတာ မင်းသိပါတယ်"

မှန်ပါသည်။ ညီညွတ်ခြင်းသည်အင်အား ဖြစ်ပါသည်။

နည်းပါးသော လူစုကလေးဖြစ်ပါစေ၊ ညီညွတ်မှုရှိလျှင် ဖြိုခွင်းရန် ခက်ပါသည်။

မိန်ရန်သည် ပိုင်တန်းထိန်း၏စကား မှန်ကန်ကြောင်းကို စိတ်ထဲမှ ထောက်ခံနေမိသည်။

☆ ☆ ☆

ကျန်းကျန်းကျွန်း၏အသက်ကို ထန်ဟန့်နှင့် အုံယန်ကျွန့်တို့က ကယ်တင်လာခဲ့ခြင်း ဖြစ်သည်။ ထန်ဟန့်က ကျန်းကျန်းကျွန်းကို

ချိမွေ့ပြေးလာစဉ် မိုးပျံကျွားသစ် အုံယန်ကျွန့်က ဝင်းမိကျုံအား လုပ်ကြံလိုက်ခြင်းဖြစ်၍ အဘိုးအိုသုံးယောက်သည် ထန်ဟန့်အပေါ် အာရုံပျက်သွားခဲ့ကြသည်။

အမှန်တော့ ကျန်းကျန်းကျွန်းကို အပြည့်အဝ ကယ်နိုင်ခဲ့ခြင်း မဟုတ်ပါ။

အသက်တစ်ဝက်လောက်ကို ကယ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ကျန်းကျန်းကျွန်းသည် အလွန်ပြင်းထန်စွာ ဒဏ်ရာရလာခဲ့၏။

ထန်ဟန့်က ဒဏ်ကြေဆေးနှစ်လုံး တိုက်ထားခဲ့သော်လည်း အူအသည်းနှလုံး၊ အသည်းကလီစာများ အနည်းငယ် နေရာပြောင်းရွေ့သွားသဖြင့် ကျန်းကျန်းကျွန်း သတိမေ့နေသည်။

ထန်ဟန့်သည် ကျန်းကျန်းကျွန်းကို ကျောက်အဘိုးအို၏ ခေါင်းဆိုင်သို့ သယ်ဆောင်လာခဲ့သည်။ သူသည်ကျန်းကျန်းကျွန်းကို ခုတင်တစ်လုံးပေါ်သို့ ဖြည်းညင်းစွာ တင်လိုက်သည်။

မကြာမီ ကျန်းကျန်းကျွန်း သတိရလာသည်။ သူ့မျက်လုံးများ ပွင့်လာသည်။

ခုတင်ဘေးဝယ် မျက်ရည်သွင်သွင် စီးကျနေသော လင်ကျင်း ဖေကို တွေ့လိုက်ရသောအခါ သေလုသေခင်ဖြစ်နေသော ကျန်းကျန်း ကျွန်းသည် ဝမ်းသာသွားသည်။



ကျန်းကျန်းကျွန်းအတွက် လင်ကျင်းဖေသည် အားဆေးတစ် မျိုးပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူသည် လင်ကျင်းဖေကို တိတ်တခိုး ချစ်မိနေသည် မဟုတ်ပါလား။

ကိုယ်ချစ်ခင်နှစ်သက်သော အမျိုးသမီးက ကိုယ့်အပေါ် ဤမျှ ဂရုစိုက်နေသည်ကို သိသောအခါ သူသည် အသက်ရှင်သန်လိုစိတ် ပေါ်လာတော့သည်။

သို့သော် သူရရှိထားသောဒဏ်ရာမှာ ပြင်းထန်သဖြင့် နောက် တစ်နေ့မနက်အထိ ပြန်လည်မေ့မြောသွားတော့သည်။

ထန်ဟန့်နှင့် မိုးပျံကျွားသစ် အုံယန်ကျွန့်တို့သည် စိတ်လေး နေကြလေသည်။

သူတို့သည် ကျန်းကျန်းကျွန်း၏ ဒဏ်ရာကြောင့် ထိုသို့စိတ် လေးနေကြခြင်း ဖြစ်သည်။ ကျန်းကျန်းကျွန်းမှာ သက်သာလာခြင်း လုံးဝ မရှိပေ။

လင်ကျင်းဖေကြောင့် အနည်းငယ် သတိပြန်လည်ဝင်လာသော် လည်း ပြန်လည်မေ့မြောခြင်းသာ ဖြစ်နေတော့သည်။

ဤကဲ့သို့ ကြာရှည်ဆက်သွားပါက ကျန်းကျန်းကျွန်း သေဆုံး သွားရပေမည်။

အမြန်ဆုံး ဆေးဝါးကုသမှ အသက်ရှည်မည်ဖြစ်ကြောင်း ထန်ဟန့်နှင့် အုံယန်ကျွန့်တို့ နားလည်ကြပေသည်။ မိုးပျံကျားသစ် အုံယန်ကျွန့်သည် စိတ်ညစ်ညစ်နှင့် အရက်တစ်ခွက် သောက်လိုက်သည်။

"အခုကိစ္စကို ဘယ်လိုလုပ်မလဲ"

"ကျန်းကျန်းကျွန်းကိစ္စလား"

"ဟုတ်တယ်လေ ... သူသေလို့ မဖြစ်ဘူးကွ၊ ဆရာကြီးဟိုကျိုးကြင့်ကို ရှာတွေ့ရင်တော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမယ်လို့ ထင်ရမယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် ကောင်းလိန်ဖုန်းကို လွှတ်လိုက်ပါပြီ၊ သူ ဆရာကြီးကို မတွေ့တွေ့အောင် ရှာပါလိမ့်မယ်"

"ဟာ ... ဟုတ်တယ်၊ သိုင်းလောက သူခွေးသားငါးယောက်ထဲမှာ ဒီကောင်က လူရှာအတော်ဆုံးပဲ၊ သူ့နှာခေါင်းက အမဲလိုက်ခွေးလို အနံ့ခံကောင်းတာပဲ၊ ကောင်းတယ်၊ မင်း သူ့ကိုလွှတ်လိုက်တာ မှန်တယ်"

"ဦးလေးက တကယ်စိုးတိမ်စရာကို မတွေးမိဘဲကိုးဗျ"

"ဘာစိုးရိမ်စရာလဲ"

"ဆေးဆရာကို အရှင်လတ်လတ် တွေ့ဖို့လေ"



အုံယန်ကျွန့်သည် တိတ်ဆိတ်သွားလေသည်။ ထန်ဟန့်ပြောသည်မှာ မှန်သည်။

အရေးကြီးသည်က ဆရာဟိုကျိုးကြင့်ကို အသက်ထင်ရှားတွေ့ရှိရန် အရေးကြီးပေသည်။ မကြာမီ ကောင်းလိန်ဖုန်း ပြန်လည်ရောက်ရှိလာလေသည်။

မိုးပျံကျားသစ် အုံဟန်ကျွန့်က ...

"ဘယ်လိုလဲ ... ဆေးဆရာကို ရှာလို့တွေ့ပြီလား"

ကောင်းလိန်ဖုန်းက ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ... ရှာလို့တွေ့ပါပြီ"

"ဘယ်မှာလဲ"

"ဝူချိုးပွတ်ရိုလိုရဲ့ အနောက်ဘက်အဆောင်မှာ ရှိပါတယ်"

ထိုအခါ ထန်ဟန့်နှင့် အုံယန်ကျွန့်တို့သည် ကောင်းလိန်ဖုန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြတော့၏။ ကောင်းလိန်ဖုန်း၏ အဝတ်အစားများ စုတ်ပြဲနေသည်။ မျက်နှာ၊ ခြေလက်တို့တွင် သစ်ကိုင်းနှင့်ခြစ်မိသော အရာများ၊ တစ်ကိုယ်လုံး ရွှံ့များနှင့်လိမ်းကျံထားပုံများကို တွေ့ရှိရသည်။ ဆံပင်မှာလည်း ဖရိုဖရဲ ဖြစ်နေသည်၊ အလွန် အကြည့်ရဆိုး၏။

သူသည် အလွန်အပင်ပန်းခံကာ ဆရာကြီးဟိုကျိုးကြင့်အား စုံစမ်းခဲ့ခြင်း ဖြစ်လေသည်။ ထန်ဟာန့်နှင့် မိုးပျံကျားသစ်အုံယန်ကျွန့်တို့သည် ကောင်းလိဖုန်း၏လုပ်ရပ်အား လွန်စွာ လေးစားသွားကြသည်။

ထန်ဟာန့်က ...

"မနေ့က မင်း ဝူရှီပွတ်ရိုလိုထဲ မြေလျှိုးပြီး ဝင်ခဲ့တာလား"

ထန်ဟာန့်က စိတ်ထင်ဖြင့်မှန်း၍ မေးလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ဝူရှီပွတ်ရိုလိုတစ်ခုလုံး အစောင့်အကြပ်တွေချည်းပဲဗျ၊ ဒီလောက်များတဲ့ အစောင့်အကြပ်တွေကြားထဲက ဝူရှီ ပွတ်ရိုလိုထဲကို ဘယ်လိုဝင်မှာလဲ၊ အဲဒီတော့ အစောင့်အကြပ်မရှိတဲ့ မြေအောက်က ဝင်ရတာပေါ့၊ မြေတူးပြီး ဥမင်လိုဏ်ခေါင်းဖောက်ရတယ်၊ အစောင့်အကြပ်တွေက အပေါ်ကိုပဲ သတိထားနေကြတာ မဟုတ်လား၊ အောက်ကို မကြည့်ကြဘူးဗျ၊ သူတို့က မြေတွင်းတူးပြီး ဝင်လာမယ်လို့လည်း မထင်ဘူးလေဗျာ"

"ဟား ... ဟား ... ဟား ..."

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ထို့နောက် တဟားဟား ရယ်မောကြလေသည်။



အုံယန်ကျွန့်က ...

"မင်း ဘယ်မှာတွေ့တာလဲ"

"ခြံကြီးရဲ့ အနောက်ဘက်မှာ အဆောင်ငယ်တစ်ဆောင် ရှိတယ်၊ အဲဒီအခန်းထဲမှာ တွေ့ရတာ"

"ဆေးဆရာကြီးနဲ့ကော တွေ့ခဲ့သေးသလား၊ စကားပြောခွင့်ရသေးလား"

"ဘယ်လိုပြောခွင့် ရမှာလဲ၊ အခန်းထဲမှာ အစောင့်အတော်များတာပဲ၊ အပြင်မှာလည်း အစောင့်တွေရှိတယ်၊ ဆရာကြီးဟာ ဆေးကုနေပုံရတယ်"

"မင်းဝင်သွားတော့ အစောင့်တွေ မသိကြဘူးပေါ့"

"မသိကြလို့ ဘေးကင်းရန်ကင်း ပြန်ရောက်လာတာပေါ့ဗျာ၊ သိရင် ပဒုအုံကို တုတ်နဲ့ထိုးလိုက်သလို အစောင့်တွေဝိုင်းလာကြမှာပေါ့၊ သူတို့ဟာ ဆေးဆရာကြီးကို သေသေချာချာ စောင့်နေကြတာဗျ"

"မင်းကို ချီးကျူးပါတယ်ကွာ၊ တခြားလူဆိုရင် မင်းလို စုံစမ်းဖို့ အကြံဉာဏ်ပေါ်မှာ မဟုတ်ဘူး"

"ဒါကတော့ ကျွန်တော် ထူးချွန်တဲ့အရာကိုး၊ ကျွန်တော်က ရှာဖွေတာကို ဝါသနာပါတယ်ဗျ"

"ဒီလိုလုပ် ... မင်းက ဝူချီပွတ်ရှိလို့နဲ့ ဆရာကြီးဟိုကျီးကြင့်ရှိတဲ့ အဆောင်ကို မြေပုံဆွဲပေးလိုက်၊ ဒီည ထန်ဟန့်နဲ့ငါ နှစ်ယောက်သွားမယ်၊ မြေပုံကြည့်ပြီး သွားကယ်မယ်"

"ရပါတယ်၊ ကျွန်တော် ဆွဲပေးလိုက်ပါ့မယ်"

ကောင်းလိန်ဖုန်းက ဆေးဆရာကြီးနေထိုင်သည့် အဆောက်အအုံကို အနေအထားနှင့်တကွ မြေပုံဆွဲပေးလိုက်တော့၏။

☆ ☆ ☆

# အခန်း (၂၇)

## ကယ်တင်ခြင်း

သစ်ခုတ်သမား တစ်ယောက်ကဲ့သို့ ရုပ်ဖျက်ထားသော ချန်ဝမ်လန်သည် အိမ်ထဲသို့ ပြန်လည်ဝင်ရောက်လာလေသည်။

အိမ်ထဲသို့ရောက်မှ မျက်နှာနှင့် အဝတ်အစားအားလုံးကို ပြုပြင်လဲလိုက်ရသည်။

ထိုအခါ အစ်မကြီးနှစ်ယောက်တို့က ထွက်လာပြီး ချန်ဝမ်လန်ကို မေးလိုက်သည်။

"ညီမလေး ... ဒီနေ့ ဘာသတင်းတွေ ရခဲ့သလဲ"

ချန်ဝမ်လန်က ...

"ဒီနေ့ ထင်ဟန့်တို့နေတဲ့ ကျောက်အဘိုးအိုရဲ့ ခေါင်းဆိုင်ကို ရောက်ခဲ့တယ်၊ သူတို့ ဝူချီပွတ်ရှိလိုကို သွားကြလိမ့်မယ်"

"ဟင် ... ဝူချီပွတ်ရှိလိုမှာ အစောင့်တွေ ကင်းချထားတာ သူတို့မသိဘူးလား"

"သိပါတယ်၊ မသွားမဖြစ်လို့ပါ"

"ဘာကိစ္စလဲ"

"ဆေးဆရာကြီးကို သွားကယ်ဖို့ပါ"

"ဟာ ... ဒီကောင်တွေ ရူးနေသလား၊ ဆေးဆရာကြီးကို ဘယ်လိုလုပ် ကယ်နိုင်မှာလဲ"

"ဆေးဆရာကြီးကို မကယ်လို့ မဖြစ်ဘူး၊ ကျန်းကျန်းကျွန်းက မမတို့နဲ့ ကျွန်မတို့ အဆောက်အအုံကို မီးရှို့တဲ့နေ့က ဒဏ်ရာရသွားတယ်၊ ဒဏ်ရာက သေနိုင်တယ်၊ ဆေးဆရာကြီးမကုရင် အလွန်ဆုံးသုံးရက်ပဲခံမယ်၊ ဒါကြောင့်ပါ"

"အင်း ... အသက်စွန့်ပြီး သွားကယ်ကြရမှာပဲ"

ညီအစ်မနှစ်ယောက်သည် သက်ပြင်းချရင်း ပြောလိုက်၏။

ထိုညတွင် လရောင်လည်းမရှိ။ ကြယ်ပြာကလည်း မလင်းချေ။

ညအမှောင်သည် ထန်ဟန့်တို့အား အကာအကွယ် ပေးနေလေသည်။

ဝူချီပွတ်ရှိလိုသည် ကျယ်ဝန်းသော မြေကွက်အတွင်း တည်ရှိသည်။



အပေါ်ထပ်တွင် ခန်းမလည်းရှိသည်။ အခန်းများကိုလည်း ဖွဲ့စည်းထားသည်။

အနောက်ဘက်တွင် အဆောင်များရှိသည်။

ထိုအထဲမှ တစ်ခုသောအဆောင်တွင် ဆေးဆရာကြီးကို ဖမ်းချုပ်ထားသည်။

ချုပ်ထားသည်ဆိုသော်လည်း အကျယ်ချုပ်သာ ဖြစ်ပါသည်။

အကယ်၍ ကောင်းလိန်ဖုန်းသာ ဆေးဆရာကြီးကို ချုပ်ထားသောအခန်းကို မရှာနိုင်ခဲ့လျှင် ထန်ဟန့်တို့ အကြီးအကျယ် ဦးနှောက်ခြောက်ရပေမည်။

ယခု ကောင်းလိန်ဖုန်းဦးဆောင်းပြီး ရောက်ရှိလာလေသည်။ အနောက်မြောက်ထောင့်ရှိ ခြံဝင်းသို့ ရောက်ရှိလာသည်။ ကောင်းလိန်ဖုန်းက အခြေအနေကို ပြောပြရုံပင် ဖြစ်သည်။

ထန်ဟန့်က သူဝင်ကယ်မည်။ အုံယန်ကျွန့်က ခြံထောင့်တွင် မှောင်ရိပ်ခိုပြီး စောင့်နေမည်။ ထန်ဟန့် ကယ်တင်ရာတွင် မအောင်မြင်သောအခါ ထန်ဟန့်လွတ်မြောက်အောင် တစ်နည်းတစ်ဖုံ ကူညီရမည်ဖြစ်သည်။

ဆေးဆရာကြီးသည် ကုလားထိုင်တစ်လုံးပေါ် ထိုင်နေသည်။

အစေခံလေးနှစ်ယောက်က အရက်အိုးတစ်လုံး၊ မြည်းစရာဟင်းလျာများ ချပေးထားသည်။ ဆေးဆရာကြီးသည် ဤနေရာ၌ စည်းစိမ်ရှိရှိ နေရပါသည်။

သို့သော် ... သူ မပျော်ပေ။

ထိုင်ခုံနှင့် အတော်လှမ်းသောနေရာတွင် ဆေးကျိုထားသော အိုးတစ်လုံးသည် မီးဖိုပေါ် ရှိနေလေ၏။

သက်လတ်ပိုင်းအရွယ် မိန်းမတစ်ယောက်က ဆေးအိုးကို ကြည့်နေသည်။

ထိုမိန်းမသည် မီးသွေးထည့်ရန်၊ ဆေးအိုးမွှေရန်၊ မဆေမဖိတ်စေရန် ကြည့်ရှုရသည်။ အခန်းဝတွင်မူ အစောင့်နှစ်ဦး ရှိနေ၏။

သူတို့သည် အလှည့်ကျစောင့်ရသဖြင့် ညောင်းညာမှုမရှိကြချေ။

ဆေးဆရာကြီးသည် ဤအခန်းမှ လွတ်မြောက်ရန် အမျိုးမျိုး အဖုံဖုံ ကြံဆခဲ့သည်။

သူ လွတ်မြောက်ရန် နည်းလမ်းမမြင်သဖြင့် နောက်ဆုံး လက်လျှော့လိုက်ရသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ..."



တစ်ခြိကျော်လောက်မှ ခွေးဟောင်ခြင်းဖြစ်သည်။ အဆက်မပြတ် ဟောင်နေသဖြင့် အစောင့်တစ်ဦးက ပြောလိုက်သည်။

"ဘာဖြစ်နေတာလဲ၊ ခွေးတွေက ဟောင်လှချည်လား"

"ဘယ်သိမလဲကွ၊ ပထမသူဌေး ပိုင်တန်းထိန်းရဲ့ဇနီးပိုင်တဲ့ ခြံထဲက ခွေးတွေကွ၊ ခွေးထိန်းတွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး"

"တခြားက ခွေးလေခွေးလွင့်တွေ ဝင်လာဖြစ်မှာပဲ"

"မဖြစ်နိုင်ပါဘူး၊ အဲဒီခြံအကြောင်းကို မင်း သေသေချာချာ မသိလို့ အခုလိုပြောနေတာ၊ ဘယ်ခွေးမှ မဝင်နိုင်ဘူးကွ"

"အို ... ငါတို့နဲ့ မဆိုင်ပါဘူးကွာ၊ တို့အလုပ်က ဆေးဆရာကြီးကို စောင့်ရှောက်ဖို့ပဲ"

ထိုစဉ် အပြင်မှကင်းလှည့်နေသော အစောင့်များ၏အသံကို ကြားရသည်။

အုံဟာန်ကျွန့်သည် ထိုလူများကို ရှောင်ပုန်းနေမည်သာ ဖြစ်၏။

ခွေးသံနှင့် လူသံများကို ကြားလိုက်ရသည်။

ပထမအစောင့်က ...

"တွေ့လား၊ ငါတော့ တစ်ခုခု ဖြစ်နေပြီလို့ ထင်နေတာ၊ မှန်နေတာပဲကွ"

"အေး ... လူဝင်လာလို့ ထင်တယ်နော်"

ပထမအစောင့်သည် စကားပြောရင်း ဒုတိယအစောင့်ရှိရာသို့ ခုန်အုပ်လိုက်၏။

"ဟေ့ကောင် ... မင်း ရူးနေသလား၊ ဘာဖြစ်လို့ ..."

ပထမအစောင့်သည် မရူးပါ၊ သွေးကြောပိတ်ခံရပြီး တစ်စုံတစ်ယောက်က ကိုင့်ပေါက်လိုက်ခြင်း ဖြစ်ပါသည်။

ဒုတိယအစောင့်သည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ ပထမအစောင့်၏ ရင်ဘတ်ကို လက်သီးဖြင့် ထိုးချလိုက်ပါသည်။

လဲကျသွားသူ၏နောက်၌ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသူတစ်ဦးကို တွေ့လိုက်ရပါသည်။ ထိုလူကား ထန်ဟာန့်တည်း။

ဒုတိယအစောင့်သည် မျက်လုံးပြူးသွားလေသည်။

သူသည် အော်မည်ဟု ပါးစပ်ဟာလိုက်စဉ်မှာပင် သူ့သွေးကြောထိုးပိတ်ခံလိုက်ရသည်။ အခန်းစောင့်နှစ်ဦး ရှင်းလင်းသွားပေပြီ။ အစေခံမိန်းမသည် ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

ထန်ဟာန့်သည် အခန်းထဲသို့ ဝင်လာလေ၏။

ဆေးဆရာကြီး ဟိုကျိုးကြင့်က ဝမ်းသာအားရ ပြောလေသည်။

"ငါသိတယ်၊ မင်းလာကယ်မယ်ပဲဆိုတာ ငါသိနေတယ်"

ထန်ဟာန့်သည် အမျိုးသမီးကို ကြည့်လိုက်သည်။



"ကျွန်တော် ထန်ဟာန့်ပါခင်ဗျာ၊ ခင်ဗျားတို့ရဲ့သူဌေး ပိုင်တန်းထိန်းကို ပြောလိုက်ပါဗျာ၊ ဆေးဆရာကြီးကို ကျွန်တော် ပင့်ဆောင်သွားတယ်လို့"

သူသည် ဆေးဆရာကြီးကိုခေါ်ကာ အပြင်သို့ ထွက်သွားလေတော့သည်။

ထို့နောက် ကင်းသမားအလစ်တွင် မိုးပျံကျားသစ် အုံယန်ကျွန့်ရှိရာသို့ ကိုယ်ဖော့ပြေးကြလေ၏။ အုံယန်ကျွန့်သည် အလွန်ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။ ထန်ဟာန့်သည် ဆေးဆရာကြီးယိုကျိုးကြင့်ကို အန္တရာယ်ကင်းရှင်းစွာဖြင့် ကျောက်အဘိုးအို ခေါင်းရောင်းသောဆိုင်သို့ ခေါ်ဆောင်ခဲ့ကြသည်။

ကောင်းလိန်ဖုန်းက ...

"အစ်မကြီး လင်ကျင်းဖေ ... ကျွန်တော်တို့ ပြန်လာပြီ၊ ဆရာကြီးကိုလည်း ကယ်လာနိုင်ခဲ့တယ်"

"အစ်မကြီး ... အစ်မကြီး ..."

ပြန်ထူးသံ မကြားရသဖြင့် အားလုံး အခန်းထဲသို့ ပြေးဝင်ကြရလေတော့၏။

အခန်းထဲတွင် မှောင်နေသဖြင့် ဖယောင်းတိုင်မီးထွန်းကာ ရှာဖွေလိုက်သည်။

အခန်းထဲတွင် ကျန်းကျန်းကျွန်းနှင့် လင်ကျင်းဖေတို့ မရှိကြတော့ပေ။

ကုလားထိုင် တစ်လုံးပေါ်၌ ကွေးကွေးလေး သေနေသော ကျောက်အဘိုးအိုကိုသာ တွေ့ရှိကြတော့သည်။ အခန်းတစ်ခုလုံး သွေးညှီနံ့ ဖုံးလွှမ်းနေလေ၏။

ထန်ဟာန့်တို့လူစုမှာ ခြေကုန်လက်ပန်း ကျသွားသည်။ အဘယ့်ကြောင့်ဆိုသော် ဦးနှင်းပွဲထောင်၊ ပွဲနှင်းဦးထောင် ဖြစ်နေသည် မဟုတ်ပါလော။

ယိုကိုးကြည့် မရှိသဖြင့် သူတို့လိုက်ရှာရသည်။ တွေ့၍ ကယ်ထုတ်လာနိုင်သောအခါ ကုသခံရမည့် ကျန်းကျန်းကျွန်းက ပျောက်နေပြန်သည်။

ထန်ဟာန့်တို့သည် တစ်ဦးကိုတစ်ဦး မည်သည့်စကားကိုမျှ မပြောနိုင်တော့ပေ။

ကျန်းကျန်းကျွန်းနှင့် လင်ကျင်းဖေတို့ကို မည်သူ ဖမ်းဆီးခေါ်ဆောင်သွားသနည်း။ ကျောက်အဘိုးအိုကို သက်သက်သတ်သွားခြင်း ဖြစ်ပါသည်။

ကျောက်အဘိုးအိုသည် သူ့ကို ဤဆိုင် အသုံးပြုခွင့် ပေးထားခြင်းသာ ဖြစ်ပါသည်။ ကျောက်အဘိုးအို ဘာမှ မသိပါ။ ထန်ဟာန့်သည် အတန်ငယ် ငေးမောပြီးမှ ဆရာကြီးကို ပြောသည်။



"ဆရာကြီး ... မြို့စွန်တောစပ်က မှဆိုးအော့တူနေတဲ့ တဲအိမ်ကလေးကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ်"

"ဆရာကြီးက ကောင်းလိန်ဖုန်း၊ မိုးပျံကျားသစ်တို့နဲ့အတူ အဲဒီတဲကို လိုက်သွားပါ၊ ဓားပျံဂိုဏ်းချုပ်နဲ့ သူ့လက်အောက်ခံတွေရယ်၊ လျှိုဖော့တို့လင်မယားရယ် နေထိုင်ကြပါတယ်၊ ဆေးဝါးပစ္စည်းတွေ စုံစုံလင်လင် ယူသွားပါ၊ သူတို့ကို ဆေးကုသရမယ်"

"မင်းက ငါတို့နဲ့ မလိုက်ဘဲ ဘယ်ကိုသွားမလို့လဲ"

"ကျွန်တော် လုပ်စရာရှိသေးတယ်"

"ငါတို့နဲ့ တစ်ခါတည်းလိုက်ခဲ့ပါ"

"လိုက်လို့ မရသေးဘူး၊ အုအိတုံဆီ ကျွန်တော်သွားမယ်၊ သူတို့ရဲ့ အရေးကြီးတဲ့ လူသုံးယောက်ကို ဖမ်းပြီး ကျွန်တော်တို့လူ နှစ်ယောက်နဲ့ အလဲအလှယ် လုပ်ရမယ်"

ထိုအခါ မိုးပျံကျားသစ် အုံယန်ကျွန့်က ...

"ငါလည်း လိုက်ခဲ့မယ်"

"ဦးလေး မလိုက်ပါနဲ့ဗျာ၊ ဟိုမှာ ဆေးဆရာကြီးကို အကာအကွယ်ပေးမယ့်လူ လိုတယ်ဗျ၊ ဟိုမှာလည်း ဒဏ်ရာရထားတဲ့လူတွေ ချည်းပဲ၊ ဦးလေးက ဦးစီးဦးဆောင်လုပ်ပြီး ကာကွယ်ပေးရမှာဗျ"

မိုးပျံကျားသစ်က တစ်ခုခုပြောရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ ဝင်လာသောလူတစ်ယောက်က ပြောလိုက်လေသည်။

"ခင်ဗျားတို့ ငြင်းခုန်မနေကြနဲ့တော့၊ သွားမှာသာ သွားကြပါ၊ အခြေအနေက ဒီလောက်မဆိုးသေးပါဘူးဗျ"

"ဘာ ... အခြေအနေက ဒီလောက် မဆိုးသေးဘူး"

ထန်ဟန့်က ဝင်လာသူကိုကြည့်၍ မေးလိုက်၏။ ဝင်လာသူမှာ ရုပ်ဖျက်ထားသော ချန်ဝမ်လန်ပင် ဖြစ်လေသည်။

ထိုအခါ ဆေးဆရာကြီးက ...

"မင်း စောစောကပြောလိုက်တာ ဘယ်လိုလဲ၊ ကျုန်းကျုန်းကျွန်းနဲ့ လင်ကျင်းဖေကို ဖမ်းသွားတဲ့လူကို မင်း သိလို့လား"

"ကျွန်မ သိပါတယ်၊ နောက်ပြီး သူတို့ကို ဘယ်မှာချုပ်ထားတယ်ဆိုတာလဲ သိပါတယ်"

ထန်ဟန့်က ဟင်းခနဲ သက်ပြင်းချလိုက်မိလေသည်။

☆ ☆ ☆



ဂူမိန်ကျင့်မြို့တွင် ချန်ချင်းတုန်းဟုခေါ်သော ရသေ့ကျောင်းတစ်ကောင်း ရှိသည်။ တစ်ခုတည်းသော ရသေ့ကျောင်းဖြစ်ပါသည်။ ထိုရသေ့ကျောင်းကို ဦးစီးသော ရသေ့ကြီးများမှာ ကျန်လင်းဆမ့်ဟု ခေါ်ဆိုသည်။

ထိုခေတ် ထိုအခါက တရုတ်ပြည်ရှိ ရသေ့များသည် တရားကျင့်ရသည်။ ပရိတ်ရွတ်ရသည်။ သို့သော် ဘုန်းကြီးများလောက် မပင်ပန်းချေ။

ဘုန်းကြီးကျောင်းများလောက် စည်းကမ်း မကြီးချေ။ ထိုရသေ့တို့၏ စားသောက်နေထိုင်ရေးမှာ ရိုးရိုးသာမန်လူတို့နှင့် သိပ်မခြားနားလှပေ။

ထိုရသေ့များတွင် စွမ်းအင်များတော့ ရှိကြပါသည်။ သရဲတစ္ဆေများကို နှိမ်နင်းနိုင်သော စွမ်းအင်တော့ ရှိကြပါလေသည်။

သို့သော် ချန်ချင်းကုန်းတွင် နေထိုင်ကြသော ရသေ့များမှာ ရသေ့တု ရသေ့ယောင်များသာ ဖြစ်ကြသည်။ မကောင်းမှု ဒုစရိုက်မှန်သမျှ အကုန်လုပ်သည်။

တကယ်တော့ လူဆိုးလူသွမ်းများသာ ဖြစ်သည်။ လူဆိုးလူသွမ်းများက ရသေ့သင်္ကန်း ဝတ်ထားခြင်းပေတည်း။

ဤမြို့မှလူများသည် ထိုကျောင်းရှိ ရသေ့များကို တစ်ဦးတစ်ယောက်မျှ မကြည်ညိုပေ။ ထို့ကြောင့် ရသေ့ကျောင်းတွင် လာရောက်လှူဒါန်းသူ တစ်ဦးတစ်ယောက်မျှ မရှိကြခြင်းဖြစ်သည်။ ထို့အတွက် စားရေးသောက်ရေး ခက်ခဲမည်ဟု ထင်စရာရှိသည်။

စားရေးသောက်ရေး မခက်ခဲပါ။ ပြေလည်လှပေသည်။ အဘယ့်ကြောင့်ဆိုသော် ချန်ချင်းတုန်းသည် သိုင်းဘုရင်အဖွဲ့အစည်းမှ ဌာနခွဲတစ်ခု ဖြစ်နေသောကြောင့်တည်း။

ထိုကျောင်းကို ကျန်းလင်းဆမ့်က ဦးစီးသည်ဟု အထက်က ပြောခဲ့သည်။ သူသည် လျှို့ဝှက်လူသတ်သမား နံပါတ်တစ် ဖြစ်သည်။

ကျန်းလင်းဆမ့်တွင် တောက်တိုမယ်ရနိုင်သော ရသေ့နှစ်ပါးရှိသည်။ ထိုရသေ့နှစ်ပါးမှာလည်း လျှို့ဝှက်အဖွဲ့အစည်းဝင်များ ဖြစ်ကြသည်။

ကျောင်း၌ထိုင်သော ရသေ့ငါးပါး ရှိသည်။ ထိုရသေ့ငါးပါးမှာလည်း လျှို့ဝှက်လူသတ်သမားများပင် ဖြစ်သည်။

ကျန်းကျန်းကျွန်းနှင့် လင်ကျင်းဖေတို့ကို ဖမ်းခဲ့သူများမှာ ရသေ့အရေခြုံ လျှို့ဝှက်လူသတ်သမား ငါးယောက်ပင်ဖြစ်သည်။

သူတို့သည် ထန်ဟန့်တို့မရှိခိုက် ခေါင်းရှောင်းသောဆိုင်ကို



ဝမ်စီးပြီး ကျန်းကျန်းကျွန်းနှင့် လင်ကျင်းဖေတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကျောက်အဘိုးအိုကိုတော့ သတ်ပစ်ခဲ့ကြလေသည်။

ချန်ချင်းတုန်း ရသေ့ကျောင်း၏ အိပ်ခန်းတစ်ခန်းထဲတွင် လင်ကျင်းဖေသည် ခုတင်တစ်လုံးပေါ်၌ လဲလျောင်းနေသည်။

တကယ်တော့ လင်ကျင်းဖေ သွေးကြောပိတ်ခံထားရခြင်းသာ ဖြစ်ပါသည်။

ကျန်းကျန်းကျွန်းနှင့် လင်ကျင်းဖေ အဖမ်းခံရခြင်းမှာ အုအိတုံ၏ ညွှန်ကြားချက်အရ ဖြစ်သည်။ အုအိတုံက ကျန်းကျန်းကျွန်းနှင့် လင်ကျင်းဖေကို ဖမ်းဆီးရမည်။

ထန်ဟန့်နှင့် သူ့အပေါင်းအသင်းများကိုတွေ့လျှင် သတ်ပစ်နိုင်သည်ဟု ညွှန်ကြားလိုက်ခြင်း ဖြစ်သည်။

ရသေ့များ၏ ဦးစီးခေါင်းဆောင် ကျန်းလင်းဆမ့်သည် လင်ကျင်းဖေကို မျက်တောင်မခတ် ကြည့်နေသည်။ လင်ကျင်းဖေက သတိရလာသည်။

သိုင်းလောကတွင် သူမသည် ရုပ်ယာမာယာများလှသော မိန်းမဖြစ်သည်ဟု ကျော်ကြားခဲ့သူ မဟုတ်ပါလား။

ကျန်းကျန်းကျွန်းကို တွေ့ပြီးသည့်နောက်မှသာ သူမသည်

ကျွန်းကျွန်းကျွန်းကို မေတ္တာသက်ဝင်ကာ မှုယာမာယာလုပ်သည့် အကျင့်ကို ပြုပြင်ခဲ့ခြင်း ဖြစ်သည်။

သူမ၏ မိန်းမမာယာ သဲကိုးဖြာကို ပြန်လည်အသုံးပြုရပေတော့မည်။

သို့မှသာ ဤရသေ့တု ရသေ့ယောင်၏လက်မှ လွတ်မြောက်ရတော့မည် မဟုတ်ပါလား။

ဤသည်ကို ကျိန်းသေတွက်၍ မရချေ။

မိန်းမမာယာ သဲကိုးဖြာကို အသုံးပြုသည့်တိုင် သူတို့လက်ထဲမှ လွတ်မြောက်ချင်မှ လွတ်မြောက်ပေမည်။ သူမ ဆုံးဖြတ်လိုက်သည်။

အကယ်၍ သူမ မလွတ်မြောက်သည့်တိုင် ကျွန်းကျွန်းကျွန်းကို အသေခံ၍ ကယ်တင်မည်ဟု ပိုင်းဖြတ်လိုက်သည်။ ရသေ့ကြီးကို လင်ကျင်းဖေက ...

"ရှင် ကျွန်မသွေးကြောကို ဖွင့်ပေးပါလား"

လင်ကျင်းဖေသည် ခရာတာတာဖြင့် ပြောလိုက်သည်။

ထိုအခါ ရသေ့ကြီးက ...

"ကောင်းပြီ ... ဒါပေမယ့် မင်းရဲ့လက်နှစ်ဖက်က ပခုံးသွေးကြောကိုတော့ ပိတ်ထားရမယ်၊ ကိုယ်လုံးတော့ လှုပ်နိုင်မယ်၊ လက်တွေတော့ မလှုပ်နိုင်ဘူး၊ မကောင်းဘူးလား"



"ရှင် ကောင်းတယ်ထင်သလို လုပ်ပါလေ"

ရသေ့ကြီးသည် အလျှင်အမြန် ပခုံးသွေးကြောမှအပ ကျန်သွေးကြောများကို ဖွင့်ပေးလိုက်သည်။

"ကျွန်မကို ရေနွေးကြမ်းတစ်ခွက်လောက် တိုက်ပါဦး"

ရသေ့ကြီးသည် ရေနွေးကြမ်းအိုးထားရာ စားပွဲဆီသို့ လျှောက်သွားလေတော့သည်။ ထိုစားပွဲသည် လင်ကျင်းဖေနှင့် အတော်အလှမ်းကွာသဖြင့် ရသေ့ကြီးသည် အတော်သွားနေရလေသည်။

ထိုစဉ် လင်ကျင်းဖေသည် ပျော့ပျောင်းစွာဖြင့် ညာခြေကို မ,လိုက်သည်။

ခြေမဖြင့် ပိတ်နေသော ပခုံးသွေးကြောကို ဖွင့်လိုက်သည်။

လင်ကျင်းဖေသည် အလွန်ပျော့ပျောင်းသော မိန်းမများသာ လေ့ကျင့်နိုင်သည့် ယင်းဆန်းအရိုးပျော့ သိုင်းပညာကို လေ့ကျင့်ထားသူ ဖြစ်ပေသည်။

ထို့ကြောင့် သူမသည် အလွန်ပျော့ပျောင်းစွာ လှုပ်ရှားနိုင်စေသည်။

လက်တစ်ဖက် လှုပ်ရှားနိုင်သောအခါ ကျန်လက်တစ်ဖက် လှုပ်ရှားနိုင်ရန် သွေးကြောဖွင့်ခြင်းမှာ အလွန်လွယ်ကူသွားပေပြီ။

ရသေ့ကြီးသည် ရေနွေးကြမ်းပန်းကန်ကိုယူကာ ပြန်လည်ရောက်ရှိလာသည်။

ထိုအခါ လင်ကျင်းဖေက ...

"ကျွန်မရဲ့လက်တွေမှ လှုပ်လို့မရတာ၊ ရှင် တိုက်ပေးမှ ကျွန်မ သောက်လို့ရတော့မှာပေါ့"

ရသေ့ကြီးသင် လင်ကျင်းဖေအနီးသို့ ကပ်ထိုင်ကာ လည်ပင်းကိုမ,လိုက်သည်။

ထို့နောက် ရေနွေးကြမ်းပန်းကန်ကို ငုံ့တိုက်ပေးသည်။

ထိုအခါ လင်ကျင်းဖေက လျှပ်တစ်ပြက်ပင် ရသေ့ကြီး၏ ဝမ်းဗိုက်အား လက်ဖြင့် ထိုးစိုက်လိုက်၏။ ရသေ့ကြီးမှာ လန့်ဖျပ်ပြီး ခုတင်ပေါ်မှ ပြုတ်ကျသွားလေ၏။

ဝမ်းပိုက်တစ်ချက် အထိုးခံလိုက်ရသော ရသေ့ကြီးသည် လက်များ ပြန်လည်လှုပ်ရှားသွားနိုင်သည့် လင်ကျင်းဖေကိုလည်း အလွန်အံ့သြသွားသည်။

သူ့အံ့သြမှုမှာ တစ်ခဏမျှသာ ဖြစ်သည်။ ရသေ့ကြီးသည် လေထဲသို့ ခုန်တက်လိုက်ပြီး လင်ကျင်းဖေ၏ခါးကို ကန်လိုက်သည်။



ထိုကန်ချက်သာ ထိသွားလျှင် လင်ကျင်းဖေ ခါးရိုးကျိုးသွားနိုင်ပေသည်။

"ဒိုင်း ..."

ထိုစဉ် ကျယ်လောင်သောအသံတစ်သံ ပေါ်လာသဖြင့် ရသေ့ကြီးသည် သူ့ကန်ချက်ကို ရုပ်သိမ်းလိုက်ပြီး အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်သည်။

အသံကား တံခါးရိုက်ရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ တံခါးဖွင့်လိုက်သူမှာ ကောင်းလိန်ဖုန်း ဖြစ်သည်။ ကောင်းလိန်ဖုန်းသည် တံခါးဝ၌ မတ်တပ်ရပ်နေလေ၏။

ရသေ့ကြီးသည် ကောင်းလိန်ဖုန်းကို မြင်သောအခါ ဤကျောင်းသို့ သိုင်းသမားများ ဝင်စီးကြပြီကို ရိပ်မိလိုက်သည်။ သူသည် ပြတင်းပေါက်မှ ခုန်ထွက်ပြေးရန် ပြတင်းပေါက်ရှိရာသို့ ပြေးသွားလေသည်။

ကောင်းလိန်ဖုန်း၏လက်သည် လျှင်မြန်စွာ လှုပ်ရှားသွားသည်။

မြားသုံးစင်းသည် ရသေ့ကြီး၏တင်ပါးနှင့် ပေါင်ကို စိုက်ဝင်သွားသဖြင့် ရသေ့ကြီးမှာ ပြတင်းပေါက်သို့ ခုန်မတတ်နိုင်ဘဲ ပြုတ်ကျလာသည်။

"ခင်ဗျား ဘယ်ပြေးမလို့လဲ၊ ခင်ဗျား ဘယ်ပြေးပြေး၊ ကျုပ်က လိုက်သတ်မှာပဲ"

ကောင်းလိန်ဖုန်းက ပြောလိုက်သည်။

ရသေ့ကြီးသည် အားမာန်မလျှော့သေးဘဲ ထပ်မံထွက်ပြေးရန် မတ်တပ်ရပ်လိုက်သည်။ ထိုအချိန်တွင် ကောင်းလိန်ဖုန်းလက်ထဲမှ ဓားပျံတစ်ချောင်း ဝိုးခနဲ ပြေးထွက်သွားသည်။

"အား ..."

ရသေ့ကြီးသည် နာကျင်စွာ အော်ဟစ်လိုက်ပြီး သူ့လည်ပင်း၌ စိုက်ဝင်နေသောဓားပျံကို သွေးရူးသွေးတန်း ကိုင်နေသည်။

ထို့နောက် မျက်လုံးပြူးပြီး လဲကျသေဆုံးသွားတော့သည်။

လင်ကျင်းဖေ အခန်းအပြင်သို့ ထွက်လာလေ၏။

ရသေ့ကျောင်း၏ အရှေ့ဘက်မှ အော်ဟစ်တိုက်ခိုက်သံများ ကြားရသည်။

လင်ကျင်းဖေက ကျန်းကျန်းကျွန်းကို ကယ်တင်ရန် လိုက်ရှာသည်။ သူမ စိုးရိမ်ပူပန်နေစဉ် ချန်ဝမ်လန်က ဝင်းထရံအကွယ်မှ ပေါ်လာလေသည်။

"အစ်မကြီး ... ဒီမှာ ... ဒီမှာ ..."



သူမ၏အော်သံမှာ အတော်ကလေး ကျယ်လောင်လှသဖြင့် လင်ကျင်းဖေ မျက်လုံးပြူးသွားပြီး လှမ်းကြည့်လိုက်သည်။

လင်ကျင်းဖေသည် ဝင်းထရံကို ကျော်ထွက်လိုက်သည်။ ထိုအခါ ကျန်းကျန်းကျွန်းကို တွေ့ရလေတော့သည်။

ကျန်းကျန်းကျွန်းသည် ထုံးစံအတိုင်း သတိမေ့နေလေ၏။ ကျန်းကျန်းကျွန်းကို ဆေးဆရာကြီး ဟိုကျီးကြင့်က ရွှေရောင်တောက်ပသော အပ်များကိုကိုင်ကာ အပ်စိုက်ကုသနေသည်။

ချန်ဝမ်လန်က ...

"လာ ... အစ်မကြီး၊ ဒီကျောင်းမှာ လူသတ်သမားရသေ့ ငါးယောက်ရှိတယ်၊ သူတို့ ကျန်းကျန်းကျွန်း ကုသနေတဲ့နေရာကို လာမနှောင့်ယှက်နိုင်အောင် ကျွန်မတို့ ကာကွယ်ရမယ်"

"ကျန်းကျန်းကျွန်း အန္တရာယ် မရှိပါဘူးနော်"

"မရှိပါဘူး၊ ဒီဆေးဆရာကြီးကို ထန်ဟာန့် တကယ်ယုံကြည်တာပဲ၊ ကျွန်မတို့ စိုးရိမ်စရာ မရှိပါဘူး၊ သူ ကျန်းကျန်းကျွန်းကို အသက်ရှင်အောင် ကုသနေတာပါ"

"ဟိုရှေ့မှာ တိုက်ခိုက်နေကြတာ ဘယ်သူတွေလဲ"

"ထန်ဟာန့်နဲ့ မိုးပျံကျားသစ် အုံယုန်ကျွန့်ပါ၊ ရသေ့စုတ်တွေကို ရှင်းနေတာ"

"တိုက်ပွဲက အတော်ပြင်းထန်နေသလိုပဲ၊ တို့ သွားကူညီကြရအောင်"

"မလိုပါဘူး အစ်ကြီးရယ် ... ကောင်းလိန်ဖုန်းလည်း ရှိနေသားပဲ၊ သူတို့သုံးယောက်ဟာ ရသေ့စုတ်တွေကို အသာကလေး နှိမ်နင်းနိုင်ပါတယ်"

"ဒီရသေ့တွေ့ရဲ့ သိုင်းပညာက ဘယ်လိုလဲ"

"ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမယ့် ထန်ဟာန့်နဲ့ မိုးပျံကျားသစ်ကိုတော့ မီမယ်မထင်ဘူး၊ ဒီတော့ ထန်ဟာန့်တို့က အလွယ်တကူ နှိမ်နင်းနိုင်မှာပါ"

"အခုလို ဆူဆူညံညံဖြစ်နေတော့ ဒီကျောင်းမှာရှိတဲ့ ရသေ့အားလုံး အဲဒီကိုပဲ အာရုံစိုက်နေကြမှာပေါ့"

"အဲဒီလို ထင်အောင် ထန်ဟာန့်က တမင်လုပ်နေတာ၊ ကျန်းကျွန်းကို ဆေးဆရာကြီးက အရေးတကြီး ကုသနိုင်အောင်ပေါ့၊ ကျန်းကျန်းကျွန်းရဲ့ အသက်ဟာ နေ့သေမလား၊ ညသေမလား၊ ဖြစ်နေတာကို အစ်မကြီးက ပိုသိပါတယ်၊ ဒါကြောင့် ဟိုကျိုးကြင့်က အရေးတကြီး အပ်စိုက်ကုသနေတာပါ၊ ကျွန်မတို့ကို ဒီမှာ စောင့်ရှောက်ရမယ်လို့ ထန်ဟာန့်က မှာခဲ့ပါတယ်၊ ကျွန်မတို့ ဒီမှာပဲ စောင့်ရှောက်လိုက်ကြရအောင်နော်"



ချန်ဝမ်လန်က လင်ကျင်းဖေအား ချော့ချော့မော့မော့ ပြော၏

လင်ကျင်းဖေကလည်း ကျန်းကျန်းကျွန်းနားက မခွာချင်ပေ။ အသက်ပေး၍ စောင့်ရှောက်ချင်ပါသည်။

အလွန်လှပသော အမျိုးသမီးက အလွန်အရုပ်ဆိုးသောသူကို ချစ်နေမိခြင်းမှာ ရှေးရေစက်ကြောင့်ဟုပင် ဆိုရပေမည်။

"ဒါဆို ဒီမှာပဲ အစ်မကြီးတို့ ကာကွယ်စောင့်ရှောက်လိုက်ကြတာပေါ့"

လင်ကျင်းဖေက ထိုသို့ပြောပြီး ဓားကိုဆွဲထုတ်ကာ ရန်သူများကို ကြည့်နေတော့သည်။ ထိုစဉ် ကောင်းလိန်ဖုန်း ဝင်းထရံပေါ်မှ ပေါ်လာသည်။

"အခြေအနေ ပြောင်းလဲနေတယ် အစ်မကြီး ... ခင်ဗျားတို့ ကျန်းကျန်းကျွန်းကို တစ်ခြားနေတာ တစ်ခုခုကို ပြောင်းရွှေ့လိုက်ပါ၊ ထန်ဟာန့်က မှာလိုက်တာပါ၊ မြန်မြန်လုပ်"

"ဘာဖြစ်လို့လဲရှင့်"

ချန်ဝမ်လန်က မေးလိုက်သည်။

"ငို အဖွဲ့ကြီးရဲ့ အကြီးအကဲနှစ်ယောက် စစ်ကူရောက်လာတယ်၊ ငါးမျှားတံသိုင်းသမား ယီထိုင့်ဖိန်နဲ့ ရှင်ကျိုးရသေ့ အီခြံလို့

ခေါ်တဲ့ သိုင်းသမားနှစ်ယောက်ပေါ့၊ ဒီနှစ်ယောက်က သိုင်းလောကကို ဖိန့်ဖိန့်တုန်စေတဲ့ သိုင်းသမားတွေပါ၊ မင်းတို့ ကြားဖူးကြမှာပါ၊ ကဲ ... ကဲ ... ပြောင်းရွှေ့ဖို့ မြန်မြန်လုပ်"

"ကြားဖူးပါတယ်၊ ဒါဆို ... ဒါဆို ထန်ဟန့်တို့ အန္တရာယ်ရှိသွားပြီပေါ့"

"ဟာ ... တယ်လည်း လျှာရှည်ကြပါလား၊ ထန်ဟန့်ကို နောက်ဆံတင်းအောင် မလုပ်နဲ့၊ မိုးပျံကျားသစ် အုံယန်ကျွန့်ကလည်း ထန်ဟန့်နဲ့တန်းတူလိုက်တဲ့ သိုင်းသမားကွ၊ မင်းတို့သာ ဒီကပြောင်းကြ၊ ငါတို့အတွက် ဘာမှ မစိုးရိမ်နဲ့၊ ကိုယ့်အန္တရာယ် ကိုယ်သိတယ်"

ထိုသို့မှာကြားပြီးနောက် ကောင်းလိန်ဖုန်း ထွက်ခွာသွားလေတော့သည်။

**ဒုတိယပိုင်း ပြီး၏**

**တတိယပိုင်း စာတ်သိမ်းကို ဆက်လက်ဖတ်ရှုပါရန်**

တက္ကသိုလ်နေလင်းအောင်